# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၂)ရက် ၊ သောကြာနေ့ ၊ (28-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၀၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်း အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့အကျိုးပြု လူမှုကာကွယ်စောင့်ရှောက်ရေး

မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် နိုင်ငံတော်၏ အဓိကမဟာဗျူဟာမြောက် အစီအစဉ်ဖြစ်သည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင်ပါဝင်သည့် အဓိကလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိစေသော လုပ်ငန်းလည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ခုနှစ်တွင် ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ၁၀နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် အပိုင်းနှစ်ပိုင်းရှိသည်။ ပထမပိုင်းအနေဖြင့် လုပ်ငန်းရှင်နှင့် အလုပ်သမားတို့က အချိုးကျထည့်ဝင်ပြီး နိုင်ငံတော်ကလည်း သင့်တင့်သည့်ထည့်ဝင်မှုများဖြင့် ဆောင်ရွက်သည့် လူမှုရေးအာမခံစနစ်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနအောက်ရှိ လူမှုဖူလုံရေးအဖွဲ့တို့ဆောင်ရွက်လျက်ရှိသည်။ ဒုတိယအပိုင်းအနေဖြင့် နိုင်ငံတော်က မတည်ထည့်ဝင်ငွေနှင့် ပုဂ္ဂလိကစေတနာရှင်များက ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လူမှုရေးပံ့ပိုးမှုအစီအစဉ်တို့ဖြစ်သည်။ ၎င်းအပိုင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ဆက်စပ်၍ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့် ကျင့်ထုံးများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်း ဖလှယ်နိုင်ရေးရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာလူမှုဖူလုံရေးအသင်းကို ၁၉၂၇ခုနှစ် အောက်တိုဘာ ၄ ရက်မှစ၍ နိုင်ငံပေါင်း ၁၆၃ နိုင်ငံမှ အသင်းအဖွဲ့အစည်းပေါင်း ၃၃၈ ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အာဆီယံလူမှုဖူလုံရေးအသင်းကိုလည်း လူမှုဖူလုံရေးဆိုင်ရာ ကောင်းမွန်သည့်အတွေ့အကြုံများနှင့် အလေ့အကျင့်များ မျှဝေနိုင်ရန်ရည်ရွယ်၍ သဘောတူညီချက်စာချွန်လွှာကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံမှ လူမှုဖူလုံရေးအဖွဲ့အစည်း ၂၀ ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးပံ့ပိုးပေးရေး အစီအစဉ်ဖြစ်သည့် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များကိုထောက်ပံ့သည့် လူမှုရေးပင်စင်အစီအစဉ်နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်တို့မှ အကျိုးခံစားခွင့်ရှိသူများကို ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲမှတစ်ဆင့် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အသက် နှစ်နှစ်အောက်ကလေးငယ်များ ထောက်ပံ့နိုင်ရေးအစီအစဉ်ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ အသက်နှစ်နှစ်အောက် ကလေးငယ်အားလုံး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှမကျန်ခဲ့စေရန်လည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် ပြည်သူလူထုအကျိုးပြုလုပ်ငန်းများဖြစ်သည်။ အဆိုပါ လုပ်ငန်းများသည် မွန်မြတ်သည့်လုပ်ငန်းများဖြစ်သည့်အပြင် နိုင်ငံသားအခွင့်အရေးလည်းဖြစ်ရာ ပြည်သူလူထုကို အမှန်တကယ်တိုက်ရိုက်အကျိုးပြုရန် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများဖြစ်သဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ရေးသားလိုက်ရပေသည်။

# ဗန်းမောက်မြို့နယ်တွင် မြေထောက်ပဲ ၄၇၅၁ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့



**ကသာ ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် မြေထောက်ပဲ ၄၇၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၅၉၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၇၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဗန်းမောက်မြို့နယ်မှာ မြေထောက်ပဲ ၄၅၉၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၄၇၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ဗန်းမောက်မြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများအနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးများ ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်း ဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွား ပိုမို ဖြစ်ထွန်းလာနိုင်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပိန်းဥပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ပိန်းဥပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တစ်လအတွင်းက ပိန်းဥပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပိန်းဥပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဇန်နဝါရီလအတွင်း ပိန်းဥပိဿာချိန် ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်က တင်ပို့ခဲ့တဲ့ ပိန်းဥတွေက အရည်အသွေးလဲ ကောင်းမွန်ပါတယ်။ ပန်းတနော်မြို့နယ်ကနေ ထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီဒေသထွက် ပိန်းဥတွေကို ရန်ကုန်ဈေးကွက်မှ ကုန်သည်တွေက ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်။ ပန်းတနော်မြို့နယ်ကနေထွက်ရှိတဲ့ ဒေသထွက် ပိန်းဥတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသများကိုပါ တင်ပို့ရောင်းချနေပါတယ်''ဟု ပန်းတနော်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် ဝါးရုံပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ ဝါးရုံပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၆ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၂၈ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၀ ဒသ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၇ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးထံမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ထားဝယ် ဖေဖော်ဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေချောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထားဝယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သာသာရည်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သပြေချောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သပြေချောင်းကျေးရွာ၌ အကျယ် ခြောက်ပေ၊ အနက်ပေ ၂၀ ရှိ လက်တူးတွင်းတစ်တွင်း၊ အကျယ် ငါးပေ၊ အနက် ခုနစ်ပေရှိ လက်တူးတွင်းတစ်တွင်းနှင့်ခြံစည်း ရိုးကာရံခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၇၅ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၂၄ ခုနှစ် ဇွန် ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သာသာရည်ထံမှ သိရသည်။

**အိပိုးပိုး**

# ချောင်းဆုံမြို့နယ် တော်ပကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ချောင်းဆုံ ဖေဖော်ဝါရီ ၂၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်ပကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တော်ပကောက်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၁ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးခဲ့သည့်စပါးများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၈၈ ဒသမ ၃ တင်းထွက်ရှိ



**မင်းကင်း ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၈ ဒသမ ၃ တင်းထွက်ရှိကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၃၁၇၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၈ ဒသမ ၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ မိုးစပါး ၃၁၇၁၄ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မိုးစပါးခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီ ရောက်ရှိရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ် နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့်ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုဘုတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်သာကျေးရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အဖွဲ့လေးဖွဲ့မှ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ထိုင်းဘေးကျား စပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ထိုင်းဘေးကျားစပါးတင်းရေ ၄၉၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ထိုင်းဘေးကျားစပါး တင်းရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ဇန်နဝါရီလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျောင်းကုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားက အကြမ်းအုပ်စုထဲမှာ ပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့မှုကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို ထိုင်းဘေးကျားစပါးက အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါး အမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မာရ်နတ်အလား အလှူမင်္ဂလာများကို ဖျက်ဆီးနေကြသူများ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

"သူငယ်ချင်းရေ ပြည်ထောင်စုနေ့အကြိုနေ့ ဖေဖော်ဝါရီ ၁၁ ရက်မှာ ငါ စာပေတာဝန်နဲ့ မိတ္ထီလာမြို့ကို ရောက်ခဲ့တယ်ကွ။ အဲဒီနေ့ ညနေ ၃ နာရီကျော်လောက်မှာပဲ တွေ့ကြုံရခဲ့လှတဲ့ အညာဓလေ့ရှင်ပြုမင်္ဂလာလှည့်လည်ပွဲနှစ်ပွဲကို ဆက်တိုက်မြင်တွေ့လိုက်ရတော့ နှစ်ခြိုက်ဝမ်းသာပီတိဖြာမှုနဲ့အတူ သာဓုအနုမောဒနာခံယူခဲ့ရတယ်ကွာ...။"

"ရှင်လောင်းလှည့်လည်ပွဲက ရိုးရိုးလေးမဟုတ်ဘူးကွ။ ဆင်ရတနာ၊ မြင်းရထားတွေ၊ ရှေးယဉ်ကျေးမှုရှင်ပြုမင်္ဂလာဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေ၊ အတီးအမှုတ်အကအခုန်တွေ စုံလင်လှပါပေတယ်ကွာ။ ငါ့အနေနဲ့ကတော့ ရှားရှားပါးပါး မြင်ရခဲ့လှတဲ့ မြင်ကွင်းတွေမို့ ရင်ထဲမှာ အလွန်နှစ်ပါကြည်နူးဝမ်းသာပီတိဖြာခဲ့ရတယ် သူငယ်ချင်းရေ"

"ဒါပေါ့ကွာ ဒီလိုမင်္ဂလာရှိလှတဲ့ အညာရှင်ပြုမင်္ဂလာပွဲမျိုးက အခုလိုအချိန်မျိုးမှာ ခက်ခဲရှားပါးလွန်းလို့ မြင်ရခဲတယ်ကွ။ သာဓုအကြိမ်ကြိမ်ခေါ်ထိုက်ပါပေတယ်"

"အေးပါကွာ။ ဒါပေမဲ့ အထက်အညာဒေသက ရှင်ပြုမင်္ဂလာပွဲတွေမှာ ချစ်စရာဓလေ့တွေရှိကြသလို ရှေးရိုးစွဲနဲ့ မုန်းစရာဓလေ့တွေလဲရှိခဲ့တာကို ငါသတိရသွားတယ်ကွာ"

"မင်းပြောတာမှန်ပါတယ်။ ရှင်လောင်းကို ကြိုးတားတာတွေ၊ ရှင်လောင်းဝှက်တာမျိုးတွေ၊ ရှင်လောင်းကို ပြန်ပေးဆွဲသလို ငွေညှစ်တာမျိုးတွေဟာ မရှိသင့်တော့ဘူးကွ"

"ငါပြောချင်တာက လက်ထပ်မင်္ဂလာပွဲဖြစ်ဖြစ်၊ ရှင်ပြုမင်္ဂလာပွဲဖြစ်ဖြစ် မပါရင်မရတဲ့ အရက်တိုက်ကျွေးကြရတဲ့ အလေ့အထပဲကွ။ နှစ်ဖက်မိဘတွေကလဲ သဘောတူ၊ ကာယကံရှင်ယောကျ်ားလေးနဲ့ မိန်းကလေးကလဲ ချစ်ရည်တူမျှ ကြည်ဖြူကြလို့ မင်္ဂလာပွဲကျင်းပကြတယ်။ ခဲဖိုးအကြောင်းပြ ငွေတောင်းပြီး သောက်စားမူးယစ်ကြတယ်။ ကိုယ်တတ်နိုင်သမျှ စုဆောင်းထားတဲ့ ငွေပမာဏနဲ့ ရင်သွေးလေးတွေကို ရှင်ပြုမင်္ဂလာပြုကြတယ်။ ရှင်လောင်းကြိုးတား၊ ရှင်လောင်းဝှက်ပြီး အလှူ့ရှင်ကို ငွေညှစ်ကြတယ်။ ရလာကြတဲ့ မသဒ္ဓါရေစာ အသပြာကို သူ့ရာရည်အရက်အဖြစ် ပြောင်းလဲပြီး သောက်စားမူးယစ်ကြတယ်။ သောက်စားမူးယစ်ကြရင်းက အချင်းချင်းခိုက်ရန်ဖြစ်ပွားကုန်ကြတယ်။ သေကျေဒဏ်ရာရ၊ အမှုပွေကြရတယ်။ မင်္ဂလာကနေ အမင်္ဂလာဖြစ်နေကြဆဲပဲကွ"

"အရင်က အဲဒီမှုခင်းမျိုးတွေ ဖြစ်ပွားခဲ့တာများခဲ့တယ်ကွ။ အခုတော့ အသိအမြင်ကျယ်လာကြပြီး ခေတ်မီလာကြလို့ မင်္ဂလာဆောင်တွေနဲ့ ရှင်ပြုမင်္ဂလာပွဲတွေမှာ အဲဒီလိုဖြစ်ရပ်မျိုး၊ မှုခင်းမျိုးတွေ တော်တော်လေးရှားပါးသွားပြီကွ။ ရန်ကုန်တိုင်း(မ်)ဂျာနယ်၊ အတွဲ (၁၁)၊ အမှတ် (၈) ကနေ အမှတ် (၁၀) ထိ **"ဆရာတော် ကြယ်တစ်ပွင့်သင်္ခါရ"** ရေးထားတဲ့ **"ဒို့ရွာက ရှင်ပြုပွဲ"** အခန်းဆက် ဆောင်းပါးကို ဖတ်ရှုရတဲ့အခါ အသိပညာဗဟုသုတတွေ ပွားများလာရတယ်ကွ။

"စောစောကမင်းပြောတဲ့ မင်္ဂလာဆောင်တွေနဲ့ ရှင်ပြုမင်္ဂလာပွဲတွေမှာ အရက်တိုက်ကျွေးကြရတဲ့ ဒုက္ခနဲ့ပတ်သက်လို့ ဆရာတော်ရေးသားထားတာက "မနှစ်က ဝမ်းတွင်းမြို့နယ်၊ ထီးလှိုင်ရွာနားက သူတို့ရဲ့တစ်ဦးတည်းသောသားလေး ရှင်ပြုပွဲမှာ ဆိုင်းမထည့်ဘဲ တရားပွဲထည့်ချင်လို့ ဆရာတော်ကိုပင့်တာဆိုတော့ အလှူ့ရှင်ဟာ ချမ်းသာတဲ့သူဌေးလို့ထင်မိပါတယ်။ တကယ်တော့ ရှိလို့လှူတာမဟုတ်၊ သိလို့လှူတာဆိုတဲ့အတိုင်း မရှိရှာပါဘူး။ သူများအိမ်မှာငှားနေရတာပါ။ လင်မယားနှစ်ယောက် အလုပ်ကြိုးစား၊ ငွေစုမဲလေးစုထားတာပေါက်လို့ အိမ်မဝယ်သေးဘဲ သားကိုအရင်ဆုံး ရှင်ပြုပွဲလေးလုပ်ပေးတာပါ။ တရားဟောချိန်ရောက်လို့ ပလ္လင်ပေါ်ကြွ၊ တရားဟောရေစက်ချချိန်ထိ အလှူ့ဒကာပေါ်မလာတော့ပါ။ အလှူ့အမကြည့်တော့ တရားသာနာနေရပေမဲ့ မျက်ရည်ခဏခဏကျနေရှာတယ်။ တရားပွဲပြီးလို့ အလှူ့ဒကာအကြောင်းမေးလိုက်မှ အလှူမှာ ထမင်းချက်တဲ့ ဝေယျာဝစ္စသမားတွေက အရက်မတိုက်လို့ ခေါင်းရိုက်လိုက်တာကွဲသွားလို့ ဆေးရုံရောက်သွားတယ်တဲ့။"

"အခုမင်းပြောပြတာ၊ ကြားသိရုံနဲ့ ငါရင်ထဲတောင် မချိအောင်ခံစားလိုက်ရတယ်ကွာ။ အိမ်ငှားဘဝနဲ့နေရတယ်။ စုမဲလေးပေါက်တာ အိမ်မဝယ်ဘဲ တစ်ဦးတည်းသောသားလေးကို ရှင်ပြုမင်္ဂလာကျင်းပပေးတယ်။ အပျော်အပါးဆိုင်းမထည့်ဘဲ တရားပွဲထည့်တယ်။ သိပ်မွန်မြတ်တန်ဖိုးရှိလှတဲ့ အလှူမင်္ဂလာပွဲမှာ အလှူ့ဒကာ တရားနာရေစက်မချနိုင်ရှာတော့ဘဲ မာရ်နတ်လိုအဖျက်သမား၊ အရက်သမားတွေက အရက်မတိုက်လို့ ခေါင်းကိုရိုက်ခွဲလိုက်ကြတာဟာ ဗုဒ္ဓဘာသာလူမျိုးတွေမှ ဟုတ်ကြရဲ့လားလို့ မေးရမလိုဖြစ်နေပြီကွ။ အေးမြသာယာလှတဲ့ အလှူမင်္ဂလာပွဲမှာ ကျက်သရေယုတ်လှတဲ့ ဒုက္ခအပူကို ပေးခဲ့တာကွ"

"အဲဒီဖြစ်ရပ်ထက်ဆိုးရွားလှတဲ့ ဒုက္ခအပူကို ငါပြောပြရအုံးမယ်။ ရှင်လောင်းဝှက်ပြီး အရက်ဖိုးတောင်း ငွေညှစ်ကြရာက ရှင်လောင်းလေး လူသေအလောင်းဖြစ်သွားရတဲ့ဖြစ်ရပ်ပဲကွ။

မယုံမရှိနဲ့။ ကြားစကားမဟုတ်ဘူး။ တကယ့်ဖြစ်ရပ်မှန်မှုခင်းကွ။ တို့မှုခင်းရှုထောင့်ဂျာနယ်ထဲမှာ ဖော်ပြခဲ့ဖူးတယ်။ လူသေမှုပုဒ်မ ၃၀၄-က နဲ့ အမှုဖွင့်အရေးယူခဲ့ဖူးတယ်။ ကျေးလက်ဒေသအလေ့အထအရ ပျော်စေပြက်စေလုပ်ကြရင်းက အမှုမဲ့အမှတ်မဲ့ဖြစ်သွားကြတာကွ။ ဗဟုသုတနည်းပါးတာလဲပါတယ်။ ရှင်လောင်းကို မြင်းပေါ်ကထမ်းချခေါ်သွားပြီး စဉ့်အိုးကြီးထဲမှာ ထည့်ထားတယ်။ စဉ့်အိုးအပေါ်က ရှင်လောင်းပြန်မထွက်နိုင်အောင် လေးလံလွန်းတဲ့အရာနဲ့ ဖုံးအုပ်ထားခဲ့တယ်။ ပြီးမှ ရှင်လောင်းရဲ့မိဘအလှူ့ရှင်တွေကို ငွေဘယ်လောက်နဲ့ ရွေးရမယ်လို့ တောင်းဆိုကြတယ်။ ရှင်လောင်းကိုဝှက်ပြီး ငွေတောင်းတာဟာ ငွေညှစ်တာနဲ့ အတူတူပဲပေါ့ကွာ။ ငွေအပေးအယူ ညှိနေတာကြာသွားတော့ ရှင်လောင်းလေးခမျာ အသက်ရှူကျပ်ပြီး မေ့မြောသွားတာ ဘယ်သူမှ မသိကြဘူး။ ငွေအပေးအယူကျေနပ်သွားကြလို့ ရှင်လောင်းလေးကိုထုတ်ပေးပါ၊ ခေါ်လာပါဆိုတော့ ရှင်လောင်းလေးကို စဉ့်အိုးထဲက ထုတ်လိုက်တဲ့အခါ ရှင်လောင်းလေးဟာ အသက်မရှိတော့ဘူး။ သေသွားရရှာတယ်ကွာ။ တကယ့် ရင်ထုမနာ ဖြစ်ရပ်အမှန်ပါ သူငယ်ချင်း"

"ကြားရတာ နားဝမသက်သာပါလားကွာ။ ရှင်လောင်းလေးရဲ့ အပူမီးတောက်လောင်နေကြမဲ့ မိဘနှစ်ပါးရဲ့ဖြစ်အင်ကို မြင်ယောင်နေမိတယ်ကွာ။ ကိုယ်ချင်းစာပြီး ဘယ်လိုနည်းနဲ့မှ ဖြေသိမ့်နိုင်စွမ်းရှိမှာမဟုတ်ပါဘူးကွာ။ အဲဒီလိုဆိုးကျိုးပေးတဲ့ဓလေ့ဆိုးတွေဟာ အခုခေတ်မှာ မရှိသင့်တော့ပါဘူးကွာ။ လူတော်တော်များများဟာ အသိပညာဗဟုသုတရှိကြဖို့ လိုအပ်နေတုန်းပဲကွ"

**❖ "ဆရာတော်ရေးသားထားတဲ့အထဲမှာ ရှင်လောင်းဝှက်ကြတာဟာ သီရိဓမ္မာသောကမင်းကြီးအလှူမှာ မာရ်နတ်ဖျက်တဲ့ထုံးနှလုံးမူပြီး ရှင်လောင်းဝှက်ကြတာတဲ့။ ရှင်သူငယ် သာသနာ့ဘောင်ထဲမရောက်အောင် ဘုရားရှင်ရဲ့သာသနာစည်ပင်သာယာတိုးတက်မှာကိုမလိုလားလို့ မာရ်နတ်ကဝှက်တဲ့သဘောလုပ်တာတဲ့။ ရှင်လောင်းဝှက်ကြသူတွေဟာ မိမိတို့ကိုယ်တိုင်မာရ်နတ်လို သာသနာဖျက်တွေဖြစ်နေကြတာကို မသိကြတော့ဘူးတဲ့ကွ"။ "ဒါ့ကြောင့် စာကြည့်တိုက်တွေ စာပေရေချမ်းစင်တွေ ဖွင့်လှစ်စီစဉ်ပေးနေကြရတာကွ။ ဒါပေမဲ့ လူတွေက စာမဖတ်ကြတော့ဘဲ ဖုန်းကိုပဲပွတ်နေကြတော့ ကျွဲပါးစောင်းတီး အချည်းနှီးဖြစ်နေကြတာပေါ့ကွာ။ ❖**

"ဆရာတော်ရေးသားထားတဲ့အထဲမှာ ရှင်လောင်းဝှက်ကြတာဟာ သီရိဓမ္မာသောကမင်းကြီးအလှူမှာ မာရ်နတ်ဖျက်တဲ့ထုံးနှလုံးမူပြီး ရှင်လောင်းဝှက်ကြတာတဲ့။ ရှင်သူငယ် သာသနာ့ဘောင်ထဲမရောက်အောင် ဘုရားရှင်ရဲ့သာသနာ စည်ပင်သာယာတိုးတက်မှာကိုမလိုလားလို့ မာရ်နတ်ကဝှက်တဲ့သဘောလုပ်တာတဲ့။ ရှင်လောင်းဝှက်ကြသူတွေဟာ မိမိတို့ကိုယ်တိုင် မာရ်နတ်လိုသာသနာဖျက်တွေဖြစ်နေကြတာကို မသိကြတော့ဘူးတဲ့ကွာ"

"ဒါ့ကြောင့် စာကြည့်တိုက်တွေ စာပေရေချမ်းစင်တွေ ဖွင့်လှစ်စီစဉ်ပေးနေကြရတာကွ။ ဒါပေမဲ့ လူတွေက စာမဖတ်ကြတော့ဘဲ ဖုန်းကိုပဲပွတ်နေကြတော့ ကျွဲပါးစောင်းတီးအချည်းနှီးဖြစ်နေကြတာပေါ့ကွာ။ အလှူမင်္ဂလာကြီးကို သိန်းရာကျော်အကုန်အကျခံပြီး ငှားရမ်းစီစဉ်နေကြမဲ့အစား ဆင်းရဲနွမ်းပါးတဲ့ကလေးတွေ၊ ပညာမသင်ကြားနိုင်တဲ့ ကလေးတွေ၊ ခိုကိုးရာမဲ့သက်ကြီးရွယ်အိုတွေကို ပေးကမ်းလှူဒါန်းထောက်ပံ့ကြသင့်တယ်ကွ။ ဂုဏ်ပကာသနထက် တန်ဖိုးအနှစ်သာရရှိလှတဲ့ ကုသိုလ်ကောင်းမှုအစစ်ကို ပြုကျင့်ကြသင့်တယ်ကွ..."

"ဒီနေရာမှာ **"ဆရာတော်ကြယ်တစ်ပွင့် သင်္ခါရ"** ရဲ့ အယူအဆကို ငါလက်ခံသဘောကျတယ်ကွ။

ဆရာတော်က **ဒို့ရွာက ရှင်ပြုပွဲ (၂)** ဆောင်းပါးမှာ ဖော်ပြထားတာက "လူ့ဘဝကလွဲလို့ နတ်၊ တိရစ္ဆာန်တွေဟာ ရှင်ရဟန်းဘဝကို မရနိုင်ဘူးတဲ့။ ဒါကြောင့် လူ့ဘဝကိုသိစေဖို့၊ ပူဇော်စေဖို့၊ စောင့်ရှောက်ကြဖို့ ရှင်လောင်းတွေကို နတ်ပြကြတဲ့ဓလေ့ဖြစ်လာတာတဲ့။ နတ်ကိုဘာကြောင့်ပြကြရသလဲလို့မေးရင် ရှေးလူကြီးတွေ လုပ်ခဲ့ကြလို့ လိုက်လုပ်နေကြတာပါလို့ပဲ ဖြေကြတယ်တဲ့။ (၁) **အာဂမ** = ကျမ်းဂန်ကလာတဲ့ အဆိုအမိန့်၊ (၂) **သာဓက** = သမိုင်းအထောက်အထား၊ (၃) **ယုတ္တိ** = ဖြစ်နိုင်ဖွယ်သဘာဝကျတဲ့အကြောင်းခြင်းရာ၊ အဲဒါတွေတစ်ခုမှမပြသနိုင်ကြဘူးတဲ့။ ဘာသာသာသနာထိခိုက်၊ မထိခိုက်ဆိုတာကို စဉ်းစားကြသင့်တယ်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်စဉ်က မာရ်နတ်သားတားဆီးနှောင့်ယှက်သလို နှောင့်ယှက်မှာစိုးလို့ မနှောင့်ယှက်ရလေအောင် ဆိုင်ရာပိုင်ရာနတ်တွေကို ကန်တော့ပွဲပေးပြီး၊ ဒီရှင်သာမဏေလောင်းကို မနှောင့်ယှက်ပါနဲ့၊ စောင့်ရှောက်ပေးပါ၊ ဒီရှင်ပြုအလှူမှာ သင်တို့ကိုလဲ ကုသိုလ်ရဲ့အစုအဖို့ကို အမျှပေးဝေပါမယ်။ ဒါကြောင့် ဒီရှင်လောင်းကိုမေတ္တာထားပြီး အန္တရာယ်မဖြစ်အောင် စောင့်ရှောက်ပေးပါလို့ ပြောဆိုမေတ္တာဆက်ကြတာပဲဖြစ်သင့်တယ်တဲ့။ ဘုရားဟောတဲ့ မေတ္တာသုတ်ဟာ နတ်တွေချစ်ခင်ပြီး ကူညီစောင့်ရှောက်ကြဖို့ပဲတဲ့။ ရှင်လောင်းလှည့်ကြတာက ရှင်သာမဏေလောင်းတွေကို တွေ့သမျှလူတွေက ပူဇော်ကြဖို့ပဲတဲ့။ ရှင်လောင်းလှည့်ပြီး ပြန်လာကြတဲ့အခါမှာ အလှူမဏ္ဍပ်နဲ့ ဘုန်းကြီးကျောင်းမှာ ကျန်ခဲ့ကြသူတွေက ရွှေကြိုးတားပြီး ပူဇော်ကြဖို့ပဲတဲ့"

"သိပ်...တန်ဖိုးရှိလှတဲ့ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာပါပဲကွာ"

"ဒေသအခြေအနေအလေ့အထအရ အယူအဆတွေကတော့ အမျိုးမျိုးပဲကွ။ ဒီနေရာမှာ ရှင်သာမဏေအဖြစ် ဘယ်အရွယ်မှာဖြစ်သင့်တယ်ဆိုတာနဲ့ ပတ်သက်လို့လဲ "ဆရာတော် ကြယ် တစ်ပွင့်သင်္ခါရ" က ရှင်းထားသေးတယ်ကွ"

"ဟုတ်လား...ငါ့ကိုဆက်ပြီး မျှဝေပေးပါအုံးကွာ"

"မျှဝေပေးပါမယ်ကွာ။ **"ရန်ကုန်တိုင်း(မ်)ဂျာနယ်၊ အတွဲ (၁၁)၊ အမှတ် (၁၀)** ထဲမှာပဲ "ဆရာတော် ကြယ်တစ်ပွင့်သင်္ခါရ"က ဒို့ကျေးရွာ ရှင်ပြုပွဲ (၃) ဆိုပြီး ဆက်လက်ရေးသားထားတာကွ။ **"ယောကျ်ားဟူသည် ဤလူပြည်၌ ကျင်လည်သောအခါ၊ ဘုရားအမွေခံထိုက်ပေ၏"**ဆိုတဲ့ **"ပေါရာဏအလင်္ကာ"** နှင့်အညီ ဗုဒ္ဓဘာသာလူမျိုးတိုင်း ရှင်ပြုလာခဲ့ကြတာ နှစ်ပေါင်း ၂၅၀၀ ကျော်လာခဲ့ပြီတဲ့။ **"ရှင်ပြုခြင်းအစ အရှင်ရာဟုလာက"**လို့ဆိုကြတယ်။ ဒါပေမဲ့ အရှင်ရာဟုလာမတတ်ခင်က ရှင်ရှေ၊ ရဟန်းပါ သရဏဂုံသုံးပါးနဲ့ ရှင်ရဟန်းပြုခဲ့ကြတာတဲ့။ ဘုရားရှင်က ဗာရာဏသီပြည်မှာ သာမဏေရှေ ပဥ္စင်းပါ သရဏဂုံသုံးပါးနဲ့ပဲ အသက်အရွယ်မကန့်သတ်ဘဲ ရှင်ပြုရဟန်းခံခွင့်ပြုခဲ့တာတဲ့။ ဘုရားရှင်ရဲ့သာသနာအတွင်း ပဥ္စဝဂ္ဂီငါးပါး၊ ယသသူဌေးသားနဲ့ ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ၊ ဂဝမ္ပတိအပါအဝင် မိတ်ဆွေ ၅၀ တို့ဟာ ဧဟိဘိက္ခု အခေါ်ခံကြရပြီး ရဟန္တာဖြစ်ခဲ့ကြတယ်။ ရဟန္တာ ၆၀ ကို နေရာတွေခွဲပြီး ဒေသစာရီလှည့်လည်သာသနာပြုခဲ့ကြတယ်။ ရောက်လေရာအရပ်က သာသနာတွင်းဝင်လိုသူ မောင်ရှင်လောင်းတွေကို ဘုရားရှင်ထံ ပို့ပေးခဲ့ကြတယ်။ ဒါကြောင့် ရဟန္တာတွေရော မောင်ရှင်လောင်းတွေပါ ပင်ပန်းဆင်းရဲကြရတယ်။ ဒါကြောင့် ဘုရားရှင်က ရောက်လေရာအရပ်မှာပဲ ရဟန္တာတွေက သရဏဂုံသုံးပါးနဲ့ရှင်ပြုပေးကြလို့ မှာကြားခဲ့တယ်။ ရှင်ပြုတဲ့ကိစ္စပေါ်ပေါက်ခါစက အသက်ကန့်သတ်ချက်မရှိခဲ့ဘူးတဲ့။ အသက်ကန့်သတ်ချက် ပထမဆုံးပေါ်ပေါက်လာရတာက ရွာတစ်ရွာမှာ အဟိဝါတက ခေါ် ယင်းနာရောဂါကြောင့် တစ်မျိုးလုံးသေဆုံးကုန်ကြလို့ သားအဖနှစ်ဦးပဲ ကျန်ခဲ့တယ်တဲ့။ ဒါကြောင့် အဖေက ရဟန်းပြု၊ သားက သာမဏေပြုဆွမ်းခံကြတော့ လူတွေက "ရဟန်းတွေဟာ မေထုန်မှုပြုကြသလား၊ ဒီကလေးဟာ ဘိက္ခုနီမက မွေးတာလား"လို့ မေးမြန်းကဲ့ရဲ့ကြလွန်းလို့ အသက် ၁၅ နှစ်ပြည့်မှ ရှင်ပြုပေးကြရမယ်ဆိုတဲ့ အသက်ကန့်သတ်ချက်ဟာ ပေါ်ပေါက်လာခဲ့ရတာတဲ့။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မြောင်းမြ ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၇၃၂ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၆၂၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာ အဓိကထားစိုက်တာဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲကို ဧက ၅၀၀၀ ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံတွေအားလုံး အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံ မြေပဲများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက် သီးနှံမြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

အဲဒီလို ပညတ်ချက်အတိုင်း နေထိုင်လာခဲ့ကြရင်းက အရှင်အာနန္ဒာရဲ့ ပစ္စည်းလေးပါး ဒကာ၊ ဒကာမတို့ဟာ အဟိဝါတက ကပ်ရောဂါဆိုးကြောင့် သေဆုံးကုန်ကြလို့ လူမမည်ကလေးနှစ်ယောက်သာ ကျန်ခဲ့ကြတယ်တဲ့။ အဲဒီကလေးတွေဟာ မိဘတွေရှိစဉ်ကတည်းက ရဟန်းတွေနဲ့ ရင်းနှီးနေကြလို့ ရဟန်းတွေကို မြင်ကြတာနဲ့ပြေးလာကြ၊ စားသောက်စရာတောင်းကြ၊ အကူအညီတောင်းခံကြလေ့ရှိတယ်တဲ့။ ကရုဏာကင်းမဲ့ကြတဲ့ရဟန်းတွေက ကလေးတွေကို ငေါက်ငမ်းမောင်းထုတ်ကြတော့ အားကိုးရာမဲ့ကလေးတွေဟာ ငိုယိုနေကြတယ်တဲ့။ အရှင်အာနန္ဒာက ကလေးတွေကိုသနားလွန်းလို့ ရှင်ပြုပေးချင်ပေမဲ့ ၁၅ နှစ် မပြည့်သေးတော့ ရှင်ပြုပေးလို့မရဘူးတဲ့။ မှီခိုရာမဲ့ စားသောက်ရာမဲ့ ကလေးတွေရဲ့ဘဝကို ရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်ထားတဲ့အခါမှာ “ချစ်သား အာနန္ဒာ၊ ထိုကလေးတို့သည် မိမိစားနေသည့် ထမင်းခွက်ကို လာနှိုက်သည့် ကျီးကန်းအား ဘယ်လက်ဖြင့် မောင်းနှင်နိုင်ပါက ရှင်ပြုပေးလိုက်ရန် "အာနုဇာနာမိ ဘိက္ခဝေ ဦးနပန္နရသ ဝဿံဒါရကံကာကုဋ္ဌေပကံ ပဗ္ဗာစေတုံ"လို့ မှာကြားခဲ့တယ်။ အားကိုးရာမဲ့ဖြစ်နေကြတဲ့ သနားစဖွယ် ကလေးငယ်တွေကိုငဲ့ကွက်ပြီး ခွင့်ပြုချက်ပေးခဲ့တာတဲ့။ ကာလတွေပြောင်းလဲလာတော့ ဘုရားရှင်ကတော့ အသက်ကန့်သတ်ချက်မရှိ ရှင်ပြုခွင့်ပေးတာပဲဆိုပြီး နို့ခွဲခါစ ကလေးငယ်တွေကို တငိုငိုတရယ်ရယ်နဲ့ ချော့မော့ခေါင်းရိတ် ရှင်ပြုပေးနေကြတယ်တဲ့။ အရှင်အာနန္ဒာလို ကိုရင်ငယ်လေးတွေကို သတိဉာဏ်ကပ်အောင် အနီးကပ်ကြည့်ရှုစောင့်ရှောက်နိုင်မှသာ ရှင်ပြုပေးရကျိုးနပ်မှာတဲ့။ ဆရာကစောင့်ရှောက်နိုင်ပေမဲ့ သာမဏေကိုရင်ငယ်က ရှင်ကျင့်ဝတ်နဲ့သီလကို လိုက်နာကျင့်ကြံနိုင်မှုမရှိရင် ရှင်ပြုရာမရောက်ဘဲ အကျိုးမရှိနိုင်ဘူးတဲ့ကွ။ ဆိုလိုတာကကွာ။ ရှင်ပြုပေးကြဖို့ အရွယ်ပမာဏမထား၊ ကန့်သတ်ချက်မရှိပေမဲ့ ကလေးတွေရဲ့အသိဉာဏ်၊ မှတ်ဉာဏ်၊ တုံ့ပြန်နိုင်မှုကိုလဲ လူကြီးမိဘတွေ စဉ်းစားကြဖို့လိုတယ်ကွ"

“မင်းပြောမှပဲ ငါလဲ ရှင်သာမဏေဖြစ်ဖို့ ရှင်ပြုပေးဖို့ အရွယ်ကို သိရတော့တယ်ကွာ။ ရှင်ပြုမင်္ဂလာပွဲမှာ ကြည်နူးဝမ်းသာ မုဒိတာပွားပြီး ကုသိုလ်ကို မျှဝေယူကြရမယ့်အစား၊ ယုတ်ညံ့တဲ့ အမင်္ဂလာလုပ်ရပ်တွေနဲ့ အလှူကို အပူမီးတိုက်နေကြရင်တော့ ကုသိုလ်မရကြဘဲ ငရဲကျကြမှာ သေချာတယ်ကွ။ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာဆိုတာ အလှူကို နှောင့်ယှက်ဖျက်ဆီးနေကြသူတွေကို ပြောတာကွ”

“အင်း ...... လူ့လောကကြီးမှာ မှန်ရာကိုပြောရင် မုန်းကြမှာပဲကွ။ မုန်းချင်မုန်းကြပါစေကွာ။ ဗုဒ္ဓဘာသာစစ်စစ်၊ မြတ်ဘုရားရဲ့ ဓမ္မစစ်စစ်နဲ့ လွဲချော်နေကြတဲ့ အဓမ္မဝါဒီတွေကိုတော့ ဘာသာရေးအသိ၊ သတိနဲ့ တွန်းလှန်ဖယ်ရှားနေကြရမှာပဲကွ။ ဒီတော့ သူငယ်ချင်း .. မင်းက ကလောင်လက်နက်ကို ပိုင်ဆိုင်နေသူဆိုတော့ အဓမ္မဝါဒီတွေကိုရော၊ ခေတ်နောက်ပြန်ဆွဲ ယုတ္တိမရှိကြတဲ့ အလေ့အထတွေကိုပါ လျော့နည်းပပျောက်အောင် စွမ်းဆောင်နိုင်သမျှ စွမ်းဆောင်ကြိုးပမ်းပေးစမ်းပါကွာ”

## ထူးမြတ်ပေစွ တပေါင်းလ

\- ကောင်းကင်မှာ တိမ်ကနုတ်တွေက
လိမ်ရှုပ်လို့ မိုးရိပ်ဆင်၊
ရွက်သစ်တွေ စိမ်းမြမြ
ယိမ်းကလို့ပင်၊
တပေါင်းလရာသီယှဉ်
မိန်ရာသီခွင် မိုးသားကျူး၊
ဥသြတွေ မြည်တမ်းလို့
လွမ်းရနွှေဦး။

\- ပန်းရောင်စုံ အလှထူးလို့
တမာဖူးက မွှေးကြိုင်ကာ၊
သရဖီ ရင်ခတ်ပန်း
လန်းလျက်ဝေဆာ၊
မြိုင်ကြောက စမ်းရေပြာ
ခန်း၍လာ သည်ကာလ၊
နွေမကြောက်ပါဘု…
မြေတစ်လျှောက် ပုတတ်စာပွင့်တို့
တင့်တယ်ဖြူလွ။

\- သဲပုံစေတီ ပွဲတော်အလှ
နွဲ့ပျော်ကြ ပျော်ပျော်ရွှင်၊
သဲသောင်ပြင် မြစ်ကမ်းနဖူး
ထူးခြားဖူးမြင်၊
ပန်းဆီမီးရေချမ်း စုံစုံလင်
လှူဒါန်းလို့ပင် စုကာပေါင်း၊
မမေ့အမျိုးဘာသာ…
ဓလေ့ရိုးရာ ဆင်နွှဲကြသည့်
လမြတ်တပေါင်း။ ။

**ရွှေတိုး(ထုံးဘို)**

## နိုင်ငံတကာ သတင်းများ

# ရုရှားနှင့်အမေရိကန် တာဝန်ရှိသူများ အင်ကာရာမြို့၌ တွေ့ဆုံဆွေးနွေး

**အင်ကာရာ ဖေဖော်ဝါရီ ၂၇**

ဝါရှင်တန်နှင့် မော်စကိုမြို့များရှိ သက်ဆိုင်ရာသံရုံးများ၏ လုပ်ငန်းများနှင့်ပတ်သက်၍ အငြင်းပွားမှုများကို ဖြေရှင်းရေးအတွက် ရုရှားနှင့် အမေရိကန် တာဝန်ရှိသူများသည် တူကီယဲနိုင်ငံ၌ ယနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှားနှင့် အမေရိကန် တာဝန်ရှိသူများ၏ အဆိုပါဆွေးနွေးပွဲကို တူကီယဲနိုင်ငံ အင်ကာရာမြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အင်ကာရာ ဆွေးနွေးပွဲတွင် ရုရှားနှင့်အမေရိကန် တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာသံရုံးများရင်ဆိုင်နေရသည့်ပြဿနာများကို အဓိကထား ဆွေးနွေးခဲ့ကြပြီး ယူကရိန်းစစ်ပွဲကိစ္စ ထည့်သွင်းဆွေးနွေးခြင်းမရှိခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗရော့ဗ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုတို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အင်ကာရာဆွေးနွေးပွဲကို ရုရှားနှင့် အမေရိကန်နိုင်ငံတို့က ထပ်မံကျင်းပခဲ့ခြင်းဖြစ်သည်။

အမေရိကန် သမ္မတဟောင်း ဂျိုးဘိုင်ဒင်လက်ထက်တွင် ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ ရုရှားနှင့်အမေရိကန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ နှစ်ပေါင်းများစွာအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ရသည်။

သို့ရာတွင် သမ္မတသစ်ဒေါ်နယ်ထရန့်လက်ထက်တွင် ယူကရိန်းစစ်ပွဲဆိုင်ရာ မူဝါဒပြောင်းလဲလာခဲ့ပြီး ယင်းစစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် ရုရှားအစိုးရနှင့် ထိတွေ့ဆက်ဆံမှုများ ပြန်လည်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# တက်စ်မင်ပင်လယ်စစ်ရေးလေ့ကျင့်မှုများကို နိုင်ငံတကာဥပဒေနှင့်အညီလုပ်ခဲ့ကြောင်း တရုတ်ပြောကြား



**ပေကျင်း ဖေဖော်ဝါရီ ၂၇**

ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ကြား တက်စ်မင်ပင်လယ်၌ ပြုလုပ်ခဲ့သော ကျည်စစ်သုံးစစ်ရေးလေ့ကျင့်မှုများမှာ နိုင်ငံတကာဥပဒေများနှင့်အညီ ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုများ ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ပြောကြားခဲ့သည်။

တရုတ်ရေတပ်၏ တက်စ်မင်ပင်လယ်ဒေသ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း နယူးဇီလန်နှင့် ဩစတြေးလျတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပါတုံ့ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

တက်စ်မင်ပင်လယ်နိုင်ငံတကာရေပြင်အတွင်း ပြုလုပ်ခဲ့သည့် ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများအတွက် သတိပေးချက်ကို အချိန်မီမရခဲ့မှုကြောင့် လေကြောင်းလိုင်းများအနေဖြင့် လမ်းကြောင်းများပြောင်းခဲ့ရကြောင်း၊ နယူးဇီလန်နှင့် ဩစတြေးလျတာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် တရုတ်ရေတပ်အနေဖြင့် တက်စ်မင်ပင်လယ်ကျည်စစ်သုံးစစ်ရေးလေ့ကျင့်မှုများကို နိုင်ငံတကာဥပဒေနှင့်အညီ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယခု ရက်သတ္တပတ်အတွင်း ပေကျင်းမြို့၌ တရုတ်ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် တက်စ်မင် ပင်လယ်စစ်ရေးလေ့ကျင့်မှုများကိစ္စကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး ဝင်စတန်ပီတာက ပြောကြားခဲ့သည်။

တက်စ်မင် ပင်လယ်ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများတွင် တရုတ်ရေတပ်မှ ဖျက်သင်္ဘောတစ်စီး၊ ဖရီးဂိတ်စစ်သင်္ဘောတစ်စီးနှင့် ထောက်ပို့သင်္ဘောတစ်စီးတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# အလိမ်ခံရမှုများကြောင့် ၂၀၂၄ ခုနှစ်အတွင်း စင်ကာပူနိုင်ငံသားများ ဒေါ်လာသန်း ၈၀၀ကျော် ဆုံးရှုံးခဲ့ရ

**စင်ကာပူ ဖေဖော်ဝါရီ ၂၇**

၂၀၂၄ ခုနှစ်အတွင်း လိမ်လည်ခံရမှုများကြောင့် စင်ကာပူနိုင်ငံသားများဆုံးရှုံးခဲ့သော ငွေကြေးပမာဏမှာ စင်ကာပူဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ(အမေရိကန်ဒေါ်လာ ၈၂၂ သန်း)ထိရှိခဲ့ကြောင်း စင်ကာပူရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လိမ်လည်ခံရမှုကြောင့် ၂၀၂၄ ခုနှစ်အတွင်း စင်ကာပူနိုင်ငံသားများဆုံးရှုံးခဲ့သည့် ငွေကြေးပမာဏစုစုပေါင်း၏ လေးပုံတစ်ပုံခန့်မှာ ခရစ်တိုငွေကြေး လိမ်လည်မှုများကြောင့် ဆုံးရှုံးခဲ့ရသည့်ပမာဏဖြစ်ကြောင်း စင်ကာပူရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားထားသည်။

အလိမ်ခံရမှုကြောင့် ၂၀၂၄ ခုနှစ်အတွင်း စင်ကာပူနိုင်ငံသားများဆုံးရှုံးခဲ့ရသော ငွေကြေးပမာဏသည် ၂၀၂၃ ခုနှစ်ကထက် ၇၀ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၃ ခုနှစ်တွင် အလိမ်ခံရမှုကြောင့် စင်ကာပူနိုင်ငံသားများ ဆုံးရှုံးခဲ့ရသည့်ငွေကြေးပမာဏမှာ စင်ကာပူဒေါ်လာ ၆၅၁ ဒသမ ၈ သန်းထိ ရှိခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ်အတွင်း စင်ကာပူနိုင်ငံသားများအလိမ်ခံရမှုများမှာလည်း ၂၀၂၃ ခုနှစ်ကထက် ၁၁ ရာခိုင်နှုန်းပိုများလာခဲ့ပြီး လိမ်လည်မှု၈၁၅၀၁မှုထိ ရှိခဲ့သည်။

အဆိုပါလိမ်လည်မှုများအနက် ၇၀ ရာခိုင်နှုန်းကျော်တို့မှာ စင်ကာပူဒေါ်လာ ၅၀၀၀အောက် ဆုံးရှုံးခဲ့ရသည့်လိမ်လည်မှုများ ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**





# အစ္စရေးဓားစာခံလေးဦး၏ ရုပ်အလောင်းများကို အစ္စရေးတာဝန်ရှိသူများထံ ဟားမတ်စ်အုပ်စုလွှဲအပ်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၇**

ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ဖမ်းဆီးခံထားရစဉ်သေဆုံးခဲ့သော အစ္စရေးဓားစာခံလေးဦး၏ရုပ်အလောင်းများကို ဟားမတ်စ်အုပ်စုက အစ္စရေးတာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဓားစာခံလေးဦး၏ရုပ်အလောင်းများကို ဟားမတ်စ်အုပ်စုက လွှဲပြောင်းပေးခဲ့ပြီးနောက် အစ္စရေးနိုင်ငံကလည်း အပြန်အလှန်အနေဖြင့် ပါလက်စတိုင်းအကျဉ်းသား ၆၂၀ကို ပြန်လွှတ်ပေးခဲ့သည်။

ဖေဖော်ဝါရီ ၂၆ ရက် ညပိုင်းတွင်ပြုလုပ်ခဲ့သော အဆိုပါဓားစာခံနှင့် အကျဉ်းသားလဲလှယ်မှုသည် ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပထမအဆင့်၏ နောက်ဆုံးအသုတ် လဲလှယ်မှုဖြစ်သည်။



အမေရိကန်နိုင်ငံ၊ ကာတာနှင့် အီဂျစ်နိုင်ငံတို့၏ ကြားဝင်မှုဖြင့် ရရှိခဲ့သော ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ဇန်နဝါရီ ၁၉ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့သည်။

ယင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ သဘောတူညီချက်ပထမအဆင့် ရက်သတ္တခြောက်ပတ်အတွင်း ဟားမတ်စ်အုပ်စုက ဓားစာခံ ၃၃ ဦးနှင့် အစ္စရေးနိုင်ငံက ပါလက်စတိုင်းအကျဉ်းသား ၂၀၀၀နီးပါး ပြန်လွှတ်ပေးရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဂါဇာကမ်းမြောင်အခြေစိုက် ဟားမတ်စ်အုပ်စုလက်ဝယ်တွင် ဓားစာခံ ၅၉ ဦး ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ပျောက်ဆုံးနေသော မလေးရှားခရီးသည်တင်လေယာဉ်ကို ရှာဖွေမည့်သင်္ဘောတစ်စီး အိန္ဒိယသမုဒ္ဒရာသို့ထွက်ခွာ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၇**

အိန္ဒိယသမုဒ္ဒရာဒေသ၌ ၂၀၁၄ ခုနှစ်အတွင်း ထူးဆန်းစွာ ပျောက်ဆုံးခဲ့ရသော မလေးရှားလေကြောင်းလိုင်းခရီးသည်တင်လေယာဉ်ကို ရှာဖွေမည့်သင်္ဘောတစ်စီး အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းရှာဖွေရေးဇုန်ဆီသို့ သွားရောက်နေပြီဖြစ်ကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ၂၆ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မလေးရှားအစိုးရသည် ခရီးစဉ်အမှတ်အမ်အိတ်ချ်-၃၇၀ ခရီးသည်တင်လေယာဉ် ရှာဖွေရေးလုပ်ငန်းကို ပြန်လည်စတင်ရန် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက သဘောတူထားသည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံအခြေစိုက် အိုးရှင်းအင်ဖန်နတီကုမ္ပဏီ၏ အာမာဒါ ၇၈၀၆ အမည်ရှိသင်္ဘောမှာ ရှာဖွေရေးဇုန်အတွင်းသို့ သွားရောက်နေပြီဖြစ်ကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိုးရှင်းအင်ဖန်နတီ ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်မှစ၍ ခရီးစဉ်အမှတ် အမ်အိတ်ချ် ၃၇၀ ခရီးသည်တင်လေယာဉ်ရှာဖွေရေးလုပ်ငန်း၌ စတင်ပါဝင်ခဲ့သော ကုမ္ပဏီဖြစ်သည်။

ယင်းလေယာဉ် ရှာဖွေရေးလုပ်ငန်းကို ဩစတြေးလျအနောက်ဘက်ကမ်းရိုးတန်းနှင့် မိုင် ၁၂၀၀ ခန့်အကွာ အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းရေပြင်အတွင်း ပြန်လည်စတင်ရန် အိုးရှင်းအင်ဖန်နတီကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

မလေးရှားလေကြောင်းလိုင်း ခရီးစဉ်အမှတ် အမ်အိတ်ချ် ၃၇၀ ဘိုးအင်း၇၇၇အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ၂၀၁၄ ခုနှစ် မတ် ၈ ရက်တွင် ကွာလာလမ်ပူမှပေကျင်းသို့ပျံသန်းနေစဉ် ခရီးသည် ၂၂၇ ဦး၊ လေယာဉ်အမှုထမ်း ၁၂ ဦးတို့နှင့်အတူ ပျောက်ဆုံးခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ၂၀၃၂ ခုနှစ်တွင် 2024 YR 4 ဂြိုဟ်သိမ် ကမ္ဘာနှင့်ဝင်တိုက်နိုင်ခြေ လုံးဝမရှိတော့



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

၂၀၃၂ ခုနှစ်တွင် 2024 YR 4 အမည်ရှိ ဂြိုဟ်သိမ်အနေဖြင့် ကမ္ဘာနှင့်ဝင်တိုက်နိုင်ခြေ လုံးဝမရှိတော့ကြောင်း အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် ဥရောပအာကာသ အေဂျင်စီ သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၂၆ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

2024 YR 4 ဂြိုဟ်သိမ်၏ လမ်းကြောင်းကို နှစ်လကြာစူးစမ်းလေ့လာခဲ့ပြီးနောက် ၎င်းဂြိုဟ်သိမ်အနေဖြင့် ကမ္ဘာနှင့်ဝင်တိုက်နိုင်ခြေ မရှိတော့ကြောင်း သိပ္ပံပညာရှင်များက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်တွေ့ရှိခဲ့သော 2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေ သုံးရာခိုင်နှုန်းခန့်ထိရှိကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းခဲ့ကြသည်။

သို့ရာတွင် လက်ရှိအချိန်၌ 2024 YR 4 ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်တို့ ဝင်တိုက်နိုင်ခြေကို ဥရောပ အာကာသအေဂျင်စီက သုည ဒသမ ၀၀၀၁ ရာခိုင်နှုန်း၊ နာဆာက သုည ဒသမ ၀၀၁၇ ရာခိုင်နှုန်းထိ လျှော့ချခဲ့သည်။

သို့ဖြစ်ရာ 2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ်တွင် ကမ္ဘာဂြိုဟ်ကို ဘေးကင်းစွာဖြတ်ကျော်မည်ဖြစ်ပြီး နောင်လာမည့်နှစ် ၁၀၀ ထိ ကမ္ဘာဂြိုဟ်နှင့်ဝင်တိုက်နိုင်ခြေ မရှိတော့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

2024 YR 4 ဂြိုဟ်သိမ်သည် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေ တစ်ရာခိုင်နှုန်းနှင့်အထက် ရှိသည့် တစ်စင်းတည်းသော ဂြိုဟ်သိမ်ဖြစ်ရာ နိုင်ငံတကာ အာကာသအေဂျင်စီများက ၎င်းဂြိုဟ်သိမ်ကို မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဘလူးအော်ရီဂျင်ကုမ္ပဏီက ပုဂ္ဂလိကအာကာသခရီးသည်များလိုက်ပါသည့် ၁၀ ကြိမ်မြောက် New Shepard မစ်ရှင်ကို လွှတ်တင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါသည့် ၁၀ ကြိမ်မြောက် New Shepard မစ်ရှင်ကို လွှတ်တင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

ပုဂ္ဂလိက အာကာသခရီးသည် ခြောက်ဦး လိုက်ပါသွားသည့် New Shepard ဒုံးပျံယာဉ်ကို တက္ကဆက်ပြည်နယ်အနောက်ပိုင်း ဘလူးအော်ရီဂျင် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ခုနစ်မိနစ်ခန့် အကြာတွင် New Shepard ၏ ပင်မဒုံးယာဉ်သည် တက္ကဆက်ပြည်နယ် ကန္တာရဒေသ၌ ဆင်းသက်ခဲ့သည်။

နောက် သုံးမိနစ်အကြာတွင်




ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါလာသည့် New Shepard ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်မှာ လေထီးများအကူအညီဖြင့် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက်မစ်ရှင်တွင် New Shepard ဒုံးပျံယာဉ်သည် ပုဂ္ဂလိက အာကာသခရီးသည် ခြောက်ဦးကို ကမ္ဘာမြေပြင်အထက် ၆၂ မိုင်အကွာရှိ အာကာသဟင်း လင်းပြင်အနားစပ်သို့ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ မစ်ရှင်သည် New Shepard ဒုံးပျံယာဉ်များ၏ အကြိမ် ၃၀ မြောက်မစ်ရှင်ဖြစ်ပြီး ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါသည့် ၁၀ ကြိမ်မြောက် New Shepard မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အရွယ်အစားကြီးမားသော ရှဉ့်ပျံတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တင်နက်ဆီပြည်နယ် ဂရေးကျောက်ဖြစ်ရုပ်ကြွင်းနယ်မြေ၌ တူးဖော်တွေ့ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

အရွယ်အစားကြီးမားသော ရှဉ့်ပျံတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အမေရိကန်သိပ္ပံပညာရှင်များက တင်နက်ဆီပြည်နယ် ဂရေးကျောက်ဖြစ်ရုပ်ကြွင်း နယ်မြေ၌ တူးဖော်တွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၂၆ ရက်သတင်းများအရ သိရသည်။

Miopetaurista Webbi ဟူ၍ အမည်ပေးထားသည့် အဆိုပါ ရှဉ့်ပျံ ကျောက်ဖြစ်ရုပ်ကြွင်းသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၄ ဒသမ ၇၅ သန်းထိရှိပြီဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

Miopetaurista Webbiရှဉ့်ပျံများ၏ အရွယ်အစားမှာ အိမ်မွေးကြောင်တစ်ကောင်၏ အရွယ်အစားတမျှရှိကြောင်း သိရသည်။

သို့ရာတွင် Miopetaurista Webbi ရှဉ့်ပျံများသည် အရွယ်အစားကြီးမားသော်လည်း ကိုယ်အလေးချိန် သုံးပေါင်ခန့်သာရှိရာ သစ်ပင်တစ်ပင်မှတစ်ပင်သို့ ခုန်လွှား လေဟုန်စီးသွားရောက်ရေး အတွက် အထောက်အကူပြုကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် Miopetaurista Web-bi ရှဉ့်ပျံများသည် ယနေ့ခေတ် မြောက်အမေရိကမှ ရှဉ့်ပျံများနှင့် မတူဘဲ တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန်နိုင်ငံတို့၌ တွေ့ရသည့် ခေတ်သစ်ရှဉ့်ပျံများနှင့် ပို၍နီးစပ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Miopetaurista မျိုးစိတ်ဝင် ရှဉ့်ပျံများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှေးယခင်ကလည်း တရုတ်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့၌ တူးဖော်တွေ့ရှိခဲ့ရဖူးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## Ozempic နှင့် Wegovy ကဲ့သို့ဆေးများကို စိတ်ကျရောဂါကုထုံးအဖြစ် အသုံးပြုနိုင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂၇**

Ozempic နှင့် Wegovy ကဲ့သို့ ကိုယ်အလေးချိန် လျှော့ချရေး ဆေးများကို စိတ်ကျရောဂါကုထုံးများအဖြစ် မကြာမီကာလအတွင်း အသုံးပြုနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါကိုယ်အလေးချိန် လျှော့ချရေးဆေးများ၌ စိတ်ကျဝေဒနာကို တိုက်ဖျက်နိုင်သည့် ဂုဏ်သတ္တိများရှိနေကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါ တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၆၆ နှစ်နှင့် အထက် စိတ်ကျရောဂါရှိသူ ဆီးချိုလူနာ ၃၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ Ozempic ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများကို သုံးစွဲသည့် လူနာများမှာ မသုံးစွဲသည့် လူနာများထက် စိတ်ကျဝေဒနာလက္ခဏာများ ပို၍ကျဆင်းနေတတ်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ GLP-1 ဆေးများသည် ဆီးချိုရောဂါနှင့်အဝလွန်မှု ပြဿနာများကို ဖြေရှင်းရေး အတွက် ရည်ရွယ်ထုတ်လုပ်ထားသည့် ဆေးများဖြစ်သော်လည်း စိတ်ကျရောဂါ အတွက်လည်း ကုထုံးဖြစ်လာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Ozempic အပါအဝင် GLP-1 အုပ်စုဝင်ဆေးများကို အဝလွန်မှုနှင့်ဆီးချိုရောဂါများအတွက် အသုံးပြုခွင့်ပေးထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ငါးပါဝင်မှုများသည့်ဓာတ်စာပုံစံများက MS ရောဂါ တိုးလာမှုလျှော့ချရာတွင် အထောက်အကူပြုနိုင်

**စတော့ဟုမ်း ဖေဖော်ဝါရီ ၂၇**

ငါးပါဝင်မှုများသည့် ဓာတ်စာပုံစံများသည် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါ တစ်မျိုးဖြစ်သည့် ဗဟိုအာရုံနာ့ဗ်ဆဲလ်စနစ် ပျက်စီးမှုရောဂါ(MS) အခြေအနေတိုးလာမှုကို လျှော့ချရာတွင် အထောက်အကူ ပြုနိုင်ကြောင်း ဖေဖော်ဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

အဆီဓာတ်များသည့် ငါးများတွင် တွေ့ရတတ်သော အိုမီဂါ-၃ ဖက်တီးအက်စစ်သည် MS ရောဂါ အခြေအနေ ဆိုးရွားလာမှုကို တားဆီး ပေးနိုင်ဖွယ်ရှိကြောင်း နိုင်ငံတကာ သုတေသနပညာရှင်များက ပြောကြားထားသည်။

သို့ရာတွင် ဆွီဒင်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ငါးမှန်သမျှတွင် ရှိနေသည့် Taurine အမိုင်နိုအက်စစ်ကဲ့သို့ ဓာတုဒြပ်ပေါင်းများသည်လည်း MS ရောဂါကို ရင်ဆိုင်ရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ငါးပါဝင်မှုမြင့်မားသော ဓာတ်စာများမှာ MS ရောဂါတိုးလာမှုအရှိန်ကိုလျှော့ချရာတွင် အထောက်အကူပြုနိုင်သည်ကိုတွေ့ရကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင် သုတေသနပညာရှင်များသည် MS ရောဂါလူနာ ၂၇၀၀ ကျော်တို့ကို အချိန်ယူလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဂျာမန်ပိုကယ်ဖလားဆီမီးဖိုင်နယ်အဆင့်သို့ လိုက်ပ်ဇစ်အသင်း တက်ရောက်

**ဘာလင် ဖေဖော်ဝါရီ ၂၇**

လိုက်ပ်ဇစ်အသင်းသည် ဂျာမန် ပိုကယ်ဖလား ကွာတားဖိုင်နယ် အဆင့်တွင် ဘွန်ဒက်လီဂါပြိုင် ဘက်ဝုဖ်ဘတ်အသင်းနှင့် တွေ့ဆုံ ခဲ့ရာ တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ သောကြောင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အသင်းအနေဖြင့် ယခုနှစ်ဘော လုံးရာသီပြိုင်ပွဲစုံတွင် ရလဒ်ပိုင်း တည်ငြိမ်မှုမရှိခဲ့သဖြင့် ချန်ပီယံ လိဂ်ပြိုင်ပွဲတွင်လည်း ရှစ်ပွဲတွင် တစ်ပွဲသာအနိုင်ရခဲ့ကာ အဆင့် (၃၂) နေရာတွင်ရောက်ရှိခဲ့သဖြင့် ပြိုင်ပွဲ မှ ထွက်ခွာခဲ့ရပြီးအမှတ်ပေးပြိုင်ပွဲ တွင်လည်းရမှတ် ၃၈ မှတ်ဖြင့် အဆင့်(၆) နေရာ၌ ရောက်ရှိနေ သောကြောင့် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရန် ရုန်းကန်နေရပြီး ပိုကယ် ဖလားပြိုင်ပွဲတွင် ခြေစွမ်းပိုင်းထက် မြက်နေသည့် ဝုဖ်ဘတ်အသင်းနှင့် တွေ့ဆုံခဲ့သော်လည်း ပွဲချိန်အတွင်း ဆက်ကို၏ ပင်နယ်တီသွင်းဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် လိုက်ပ်ဇစ် အသင်းသည် ဝုဖ်ဘတ်အသင်း၏ ထိန်းချုပ်မှုကိုခံခဲ့ရပြီးအပြန်အလှန် ဂိုးပေါက်ကန်သွင်းမှုများ ပြုလုပ် နိုင်သော်လည်း ဝုဖ်ဘတ်အသင်း က ဆက်တိုက်ဖိအားပေးကစားခဲ့ သောကြောင့် ဦးဆောင်ဂိုးရရှိရန် ခက်ခဲခဲ့ပြီးပထမပိုင်းတွင် သရေ ရလဒ်သာထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် လိုက်ပ်ဇစ် အသင်းကစားပုံ တိုးတက်လာခဲ့ ကာ အခွင့်အရေးဖန်တီးမှုများပြု လုပ်နိုင်ခဲ့သဖြင့် ပွဲချိန် ၆၉ မိနစ် တွင် ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ ပြီး ဆက်ကိုကဂိုးအဖြစ်ပြောင်းလဲ နိုင်ခဲ့သောကြောင့် တစ်ဂိုးဂိုးမရှိ ဖြင့် အနိုင်ရခဲ့ကြောင်းသိရသည်။

ပိုကယ်ဖလားပြိုင်ပွဲတွင် လိုက်ပ် ဇစ်အသင်းသည် ပထမအဆင့်တွင် အက်ဆန်အသင်းကို လေးဂိုးတစ်ဂိုး၊ ဒုတိယအဆင့်တွင် စိန့်ပေါလီ အသင်းကိုလေးဂိုးနှစ်ဂိုး၊ တတိယ အဆင့် (၁၆) သင်းရှုံးထွက်တွင် ဖရန့်ဖတ်အသင်းကို သုံးဂိုးဂိုးမရှိ၊ ယခုပွဲစဉ်တွင် ဝုဖ်ဘတ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ဆီမီး ဖိုင်နယ်သို့ရောက်ရှိခဲ့ကာ ဆီမီး ဖိုင်နယ်အဆင့်တွင် စတုဂတ်၊ လေဗာကူဆင်၊ ဘီလီဖီးလ်အသင်း တို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : 90min**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ယနေ့ယှဉ်ပြိုင်ခဲ့သည့် ဥရောပအမျိုးသမီးနေးရှင်းလိဂ်အုပ်စု ပွဲစဉ်တွင် လက်ရှိကမ္ဘာ့ချန်ပီယံစပိန်အသင်းကို အင်္ဂလန် အသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် နှစ်ပွဲ ကစားအပြီးရမှတ်လေးမှတ်ဖြင့် အမှတ်ပေးဇယားကိုဦးဆောင် နေကြောင်း သိရသည်။
- ပြင်သစ်ကိုပါဒီဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူးဂွန်ကာလိုရာမို့စ်၏ ဟက်ထရစ်ဂိုးအပါအဝင် အောက်တန်းကလပ် ဘရီအိုချင် အသင်းကိုခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီးဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။
- လီဗာပူးအသင်းကနယူးကာဆယ်အသင်းနှင့် ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ဒုတိယ နေရာမှ အာဆင်နယ်အသင်းကိုရမှတ် ၁၃ မှတ်ထိဖြတ်တောက် နိုင်ခဲ့ကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ **ML**

# Shebelieves Cup ပြိုင်ပွဲတွင် ဂျပန်အမျိုးသမီးအသင်းချန်ပီယံဆုဖလားဆွတ်ခူး




**တိုကျို ဖေဖော်ဝါရီ ၂၇**

Shebelieves Cupပြိုင်ပွဲကို ဂျပန် နိုင်ငံကအိမ်ရှင်အဖြစ် ကျင်းပလျက် ရှိရာခုနစ်ကြိမ်မြောက်ရောက်ရှိလာ ခဲ့ပြီးယခုပြိုင်ပွဲတွင် အိမ်ရှင်အသင်း က အမေရိကန်အမျိုးသမီးအသင်း ကိုအနိုင်ယူ၍ ပထမဆုံးအကြိမ် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဂျပန်အသင်း၊ အမေရိကန်အသင်း၊ ကိုလံဘီယာ အသင်းနှင့် ဩစတြေးလျအသင်း တို့ပါဝင်ခဲ့ကာအုပ်စုပတ်လည်စနစ် ဖြင့်ကစားခဲ့သော်လည်း ဂျပန် အသင်းက ကိုလံဘီယာအသင်းကို လေးဂိုးတစ်ဂိုး၊ ဩစတြေးလျ အသင်းကိုလေးဂိုးဂိုးမရှိ၊ နောက် ဆုံးပွဲစဉ်တွင် အမေရိကန်အသင်း ကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သော ကြောင့် ပထမဆုံးအကြိမ် ချန်ပီယံ ဆုဖလား ဆွတ်ခူးခဲ့သည်။

အမေရိကန်အသင်းသည် ယခု ပြိုင်ပွဲတွင် ၂၀၂၀ ပြည့်နှစ်မှ စတင် ကာ ၂၀၂၄ ခုနှစ်ထိ ငါးကြိမ်ဆက် ချန်ပီယံဆုဖလား ရယူနိုင်ခဲ့ပြီး လက်ရှိနည်းပြဟေးရက်စ် လက် ထက်တွင် အိမ်ရှင်ဂျပန်အသင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်၍ ဒုတိယနေရာ ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယခုပွဲစဉ်တွင် ဂျပန်အသင်းက ပွဲအစ နှစ်မိနစ်ကတည်းက ဦးဆောင်ဂိုးသွင်းယူ၍ အမေရိကန် အမျိုးသမီးအသင်းကို ဖိအားပေး နိုင်ခဲ့သော်လည်းပွဲချိန် ၁၄ မိနစ် တွင် အမေရိကန်အသင်းချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် ပထမ ပိုင်းတွင် သရေရလဒ်သာထွက်ပေါ် ခဲ့ပြီးဒုတိယပိုင်းတွင် နှစ်စလုံးလူစား လဲမှုများပြုလုပ်၍ ဦးဆောင်ဂိုးများ ရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဂျပန်အသင်းက အခွင့်အရေးဖန် တီးမှုများ ပိုမိုပြုလုပ်နိုင်ခဲ့ကာ ပွဲကစားချိန် မိနစ် ၅၀ တွင် ဦးဆောင် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲ ကိုထိန်းချုပ်ကစားနိုင်ခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ပထမဆုံး အကြိမ် ဆုဖလားရရှိခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ရာသီပိတ်ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းနိုင်ပွဲရရှိ မြဝတီအက်ဖ်စီနှင့်ရတနာပုံအက်ဖ်စီအသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီ က ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ရာသီ ပိတ်ပွဲစဉ်များအဖြစ် ယနေ့ညနေ ပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ ရာရန်ကုန်ယူနိုက်တက်အသင်းနိုင် ပွဲရရှိခဲ့ပြီး မြဝတီအက်ဖ်စီအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ သရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၂) ရာသီပိတ်ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန် ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ရန်ကုန် ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန် ယူနိုက်တက်အသင်းအတွက် သွင်း ဂိုးများကို ပွဲချိန် ကိုးမိနစ်နှင့် ၄၃ မိနစ်တို့တွင် ရန်နိုင်ဦးက သွင်းယူ နိုင်ခဲ့ကာ ISPE အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၆ မိနစ်တွင် စောဆေးကပေါ်ဆေးက သွင်းယူ ပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစား ကွင်းတွင် မြဝတီအက်ဖ်စီအသင်း နှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုး များနှင့်အတူ နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ရတနာပုံအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို



ပွဲချိန် လေးမိနစ်နှင့် ၄၅ မိနစ်တွင် ပြည့်မိုးက သွင်းယူပေးနိုင်ခဲ့ပြီး မြဝတီအက်ဖ်စီအသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၈၃ မိနစ်နှင့် မိနစ်၉၀ပြည့်ပြီးအချိန်ပို လေးမိနစ် တို့တွင် ထက်လင်းအောင်က သွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**STA**

# LPGA's HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို အေလင်ကင်မ် ဦးဆောင်

**စင်ကာပူ ဖေဖော်ဝါရီ ၂၇**

စင်ကာပူနိုင်ငံတွင် ကျင်းပနေ သည့် LPGA's HSBC Women's World Championship ဂေါက်သီး ရိုက်ပြိုင်ပွဲပထမနေ့အပြီး တောင် ကိုရီးယား ဂေါက်သီးရိုက်မယ် အေလင်ကင်မ်က သတ်မှတ်ရိုက် ချက်ထက်လေးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေ သည်ဟု ယနေ့တွင် ဖော်ပြခဲ့ ကြောင်း သိရသည်။

အင်္ဂလန် ဂေါက်သီးရိုက်မယ် ချာလေဟူးလ်က သတ်မှတ် ရိုက်ချက်ထက် သုံးချက်လျော့ရိုက် ကာ အမှတ်ပေးဇယား၏ ဒုတိယ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

တရုတ် ဂေါက်သီးရိုက်မယ် ရှုနင်ယင်၊ နယူးဇီလန်ဂေါက်သီး ရိုက်မယ်လီမင်ဂျီတို့ အပါအဝင် ပြိုင်ပွဲဝင်လေးဦးထိသတ်မှတ်ရိုက် ချက်ထက်နှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယ နေရာတွင် ပူးတွဲရပ်တည်လျက် ရှိသည်။

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ် တည်နေသည့် ထိုင်းဂေါက်သီးရိုက် မယ် တီသီကူလ်နှင့် ကမ္ဘာ့အဆင့် (၃)နေရာတွင် ရပ်တည်နေသည့် နယူးဇီလန် ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုတို့လည်း ပါဝင် ယှဉ်ပြိုင်နေကြပြီး ပထမနေ့ တွင် ရလဒ်ဆိုးရွားခဲ့ကြောင်း သိရသည်။

အေလင်ကင်မ်က “လေတိုက် နှုန်းအရမ်းများတယ်။ လေတိုက် နှုန်းမြင့်မားတဲ့အတွက် ကစား ရတာတော်တော်လေးကိုခက်ခဲခဲ့ပါ တယ်။ ဒါပေမဲ့လည်း ကျွန်မ တစ်ယောက်တည်းဒီအခြေအနေနဲ့ ရင်ဆိုင်ခဲ့ရတာမဟုတ်ပါဘူး။ပြိုင်ပွဲ ဝင်အားလုံးရင်ဆိုင်ခဲ့ရလို့ အားလုံး အခက်တွေ့ခဲ့ကြပါတယ်။ ပထမ နေ့မှာရလဒ်ကောင်းခဲ့လို့ ဝမ်းသာ ပါတယ်။ ဒုတိယနေ့မှာလဲ ရလဒ် ကောင်းဖို့အတွက် အကောင်းဆုံး ကြိုးစားသွားမယ်။ ကမ္ဘာ့အဆင့် ကစားသမားတွေလဲ ပါဝင်နေတဲ့ အတွက် နောက်ဆုံးနေ့ထိအပြိုင် အဆိုင်ကစားရပါလိမ့်မယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် MIU FC အသင်း နိုင်ပွဲဆက်ခဲ့ပြီး အမှတ်ပေးဇယားကို ရှုံးပွဲမရှိဖြင့်ဆက်လက်ဦးဆောင်



**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) ပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှ စတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ရာ MIU FC အသင်း နိုင်ပွဲဆက်ခဲ့ပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉နာရီက YRG FC အသင်းနှင့် VUC FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၁၀နာရီခွဲက YCDC Marga FC အသင်းနှင့် SGF FC အသင်းတို့ကစားခဲ့ရာ YCDC Marga FC အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီက M2K FC အသင်းနှင့် MIU FC အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက ငါးဂိုး တစ်ဂိုး ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁နာရီခွဲက MH Dream Team အသင်းနှင့် Generations FC အသင်းတို့ကစားခဲ့ရာ MH Dream Team အသင်းက ကိုးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ညနေ ၃ နာရီက Futsal Chit Thu အသင်းနှင့် Winner Soccer FC အသင်းတို့ကစားခဲ့ရာ Winner Soccer FC အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)အပြီးတွင် MIU FC အသင်းသည် ၁၂ ပွဲနိုင်၊ တစ်ပွဲသရေရှုံးပွဲမရှိသေးဘဲ ရမှတ် ၃၇ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ရပ်တည်နေပြီး MH Dream Team အသင်းကလည်း ကိုးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၂၉ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာမှ ဆက်လက်ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။

STA

# လီဗာပူးအသင်းက ဒါဝင်နူနက်နေရာတွင် ဂျာအိုပက်ဒရိုနှင့်အစားထိုးရန် ပြင်ဆင်

**လန်ဒန် ဖေဖော်ဝါရီ ၂၇**

လီဗာပူးအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းမှ ဒါဝင်နူနက်ကိုရောင်းချပြီး ဘရိုက်တန်အသင်းနှင့် အကောင်းဆုံး ခြေစွမ်း ပြသလျက်ရှိနေသည့် ဂျာအိုပက်ဒရိုနှင့် အစားထိုးရန်အတွက် ပြင်ဆင်နေသည်။

ဒါဝင်နူနက်သည် ဘင်ဖီကာ အသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့သော်လည်းပြီးခဲ့သည့် ၂၀၂၂ခုနှစ်က လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရပြီး အပိုင်ဂိုးသွင်းခွင့်များ အကြိမ်ကြိမ် လွဲချော်နေသည့်အတွက် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။

ဒါဝင်နူနက်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း နည်းပြအာနီစလော့လက်အောက်တွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့်အတွက်ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက လီဗာပူးအသင်းက ဒါဝင်နူနက်ကို ရောင်းချရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အရောင်းစာရင်း တင်သွင်းသွားမည်ဖြစ်သည်။

အသက် ၂၃ နှစ်ရှိ ဂျာအိုပက်ဒရိုသည်လည်း ဘရိုက်တန်အသင်းနှင့် အတူနောက်ပိုင်းဘောလုံးရာသီများတွင် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး အသင်းအထောင်တိုက်စစ်ပိုင်းတွင် အကောင်းဆုံး ကစားနိုင်သူဖြစ်သည့်အတွက် ပရီးမီးယားလိဂ်ကလပ်အသင်းကြီးများက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ပစ်မှတ်ထားခံနေရပြီး လီဗာပူးအသင်းကလည်းခေါ်ယူရန်ပြင်ဆင်လျက်ရှိနေကာ ဘရိုက်တန်အသင်းက ပြောင်းရွှေ့ကြေး အနည်းဆုံး စတာလင်ပေါင် သန်း ၆၀ ရရှိမှ ရောင်းချသွားဖွယ် ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# Mexican Open တင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်သို့ လန်နာတက်ရောက်

**အကာပူလ်ကို ဖေဖော်ဝါရီ ၂၇**

မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုမြို့တွင်ကျင်းပနေသည့် Mexican Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် အမေရိကန်တင်းနစ် ကစားသမားလန်နာနှင့် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ လန်နာက (၆-၃ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၂၀ နှစ်ရှိ လန်နာသည် ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် ဇီရက်ဖ်အားအနိုင်ရခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၃)အတွင်း ရပ်တည်နေသော တင်းနစ်ကစားသမားအားအနိုင်ရခဲ့သည့် အသက်အငယ်ဆုံးသော ကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့သည်။

ဇီရက်ဖ်သည် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်ပြီး လန်နာနှင့်ပွဲစဉ်တွင် ပုံစံကောင်းပျောက်ဆုံးကာပြတ်သားသည့် ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

လန်နာသည် ဇန်နဝါရီလက ဩစတြေးလျနိုင်ငံတွင် ကျင်းပခဲ့သောဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ရုရှားတင်းနစ်ကစားသမားမျက်ဒဗျက်ကို အနိုင်ရခဲ့သည့်အတွက် ၂၀၂၅ခုနှစ်အတွင်း ထိပ်တန်းကစားသမား နှစ်ဦးကို အနိုင်ရရှိထားသည့် လူငယ်ကစားသမားတစ်ဦးလည်းဖြစ်သည်။

လန်နာက "ကွင်းထဲဝင်ကတည်းက ကိုယ့်ကိုယ်ကိုယ်အတတ်နိုင်ဆုံးထိန်းချုပ်နိုင်ဖို့ရယ်၊စိတ်ရှည်ဖို့ရယ်ကို သေချာအာရုံစိုက်ခဲ့တယ်။ ယှဉ်ပြိုင်ရမဲ့ကစားသမားက လက်ရှိအကောင်းဆုံးတင်းနစ်ကစားသမားတွေထဲကတစ်ယောက်ဖြစ်လို့ ခက်ခဲမယ်ဆိုတာသိတဲ့အတွက် ရိုက်ချက်တစ်ချက်ချင်းစီတိုင်းကို အာရုံစိုက်ခဲ့တယ်။ အကောင်းဆုံး ကစားနိုင်ခဲ့သလို အနိုင်ရခဲ့တဲ့အတွက်လဲ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့သည်။

လန်နာသည် ကွာတားဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်ကစားသမား သောမတ်စ်မာချက်နှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ကိုပါအီတာလီယာဖလားကွာတားအဆင့်မှ လက်ရှိချန်ပီယံဂျူဗင်တပ်အသင်းထွက်ခွာခဲ့ရ

**ရောမ ဖေဖော်ဝါရီ ၂၇**

လက်ရှိ ချန်ပီယံဂျူဗင်တပ်အသင်းသည် ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်အဆင့်တွင် အမ်ပိုလီအသင်းနှင့် တွေ့ဆုံခဲ့သော်လည်း ပင်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ဂျူဗင်တပ်အသင်းသည် ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် ကက်ဂလီယာရီအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့ပြီးကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ရာ ခြေစွမ်းပိုင်း အားနည်းသည့် အမ်ပိုလီအသင်းနှင့် ကစားခဲ့ရသော်လည်း ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်နေသဖြင့်ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။

ပင်နယ်တီအဆုံးအဖြတ်တွင် ဂျူဗင်တပ်အသင်းက စတင်ကန်သွင်းခွင့်ရခဲ့ပြီးဗလာဟိုဗစ် ဂိုးပေါက်လွဲချော်မှုကြောင့် ဖိအားအောက်ရောက်ရှိခဲ့သည့်အပြင် မူအာနီနှင့် လိုကာတယ်လီတို့ ဂိုးရခဲ့သော်လည်းတိုက်စစ်မှူးရဲလ်ဒစ် ပင်နယ်တီထပ်မံလွဲချော်ခဲ့ပြီး အမ်ပိုလီအသင်းက ပင်နယ်တီလေးကြိမ်ကန်သွင်းခဲ့ရာ လေးကြိမ်စလုံးဂိုးရခဲ့သောကြောင့် လေးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အဆိုပါ ပြိုင်ပွဲကွာတားဖိုင်နယ် ပွဲစဉ်များအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်သို့ အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်း၊ ဘိုလေ့နာအသင်းနှင့် အမ်ပိုလီအသင်းတို့ တက်ရောက်ခဲ့ကာ ယင်းပွဲစဉ်များကိုလာမည့် ဧပြီ ၃ ရက်တွင် ပထမအကျော့ကို လည်းကောင်း၊ ဧပြီ ၂၄ ရက်တွင် ဒုတိယအကျော့ကိုလည်းကောင်း ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## စပိန်လာလီဂါ ပွဲစဉ်(၂၆) ပွဲကြိုသုံးသပ်ချက်

STA

**ဘက်တစ် Vs ရီးရဲလ်မက်ဒရစ်**

ကစားမည့်ရက်/အချိန် ၁-၃-၂၀၂၅ (ည ၁၂:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ရီးရဲလ်မက်ဒရစ် ၂ – ၀ ဘက်တစ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | – | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| ရီးရဲလ်မက်ဒရစ် | – | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

ဘက်တစ်အသင်းအတွက် အိမ်ကွင်းမှာ လက်ခံကစားရမှာဆိုပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေဆက်တိုက်ကောင်းမွန်နေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းကိုပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ခက်ခဲမှာပါ။ ရီးရဲလ်မက်ဒရစ်အသင်းကလဲ ချန်ပီယံဆုအတွက် ရမှတ်လိုအပ်နေလို့အမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့်အဝေးကွင်းဆိုပေမဲ့ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ ရီးရဲလ်မက်ဒရစ်အသင်းပဲအနိုင်ရယူမှာပါ။

ခန့်မှန်းရလဒ် – ဘက်တစ် ၁ – ၂ ရီးရဲလ်မက်ဒရစ်

## ပြင်သစ်လီဂူး ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်

STA

**ပီအက်စ်ဂျီ Vs လိုင်လီ**

ကစားမည့်ရက်/အချိန် ၂-၃-၂၀၂၅ (နံနက် ၀၂:၃၅နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လိုင်လီ ၁ – ၃ ပီအက်စ်ဂျီ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်


| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | – | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| လိုင်လီ | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

လိုင်လီအသင်းဟာ နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲရယူထားတယ်ဆိုပေမဲ့ အခုအဝေးကွင်းပွဲစဉ်မှာတော့ ရုန်းကန်ရဖို့များပါတယ်။ ပီအက်စ်ဂျီအသင်းကလဲ ချန်ပီယံဆုရယူဖို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်အားသာချက်ရော ခြေစွမ်းပိုင်းပါအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် – ပီအက်စ်ဂျီ ၃ – ၁ လိုင်လီ

# ဆန်းသစ်တီထွင်အောင်မြင်ခဲ့သော ဝါသီးနှံသုတေသနလုပ်ငန်းများ

မူမူ(မလှိုင်)




ဝါပင်မှ ထပ်ဆင့်ထွက်ကုန်များ အဆင့်ဆင့်ရရှိနိုင်ပုံ။

ကမ္ဘာ့တွင် စက်မှုကုန်ကြမ်းသီးနှံများအနက် ဝါသီးနှံသည် အရေးပါဆုံးနှင့် လူတို့၏ စားဝတ်နေရေးတွင် ဝတ်ရေးအတွက် မရှိမဖြစ်လိုအပ်သော ချည်ထွက်သီးနှံဖြစ်ပြီး ယခုအခါ ဆီထွက်သီးနှံအဖြစ်ပါ ကမ္ဘာ့ဆီထွက်ကောင်းသီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးလာသောသီးနှံဖြစ်သည်။ ဝါတစ်ပေါက်တွင် ဝါဂွမ်းမျှင် ၃၅ ရာခိုင်နှုန်း၊ ဝါစေ့ ၆၅ ရာခိုင်နှုန်းရှိပြီး ဝါစေ့တွင် ဝါမျိုးအလိုက် အဆီဓာတ်ပါဝင်မှု ၁၅ – ၁၇ ရာခိုင်နှုန်းနှင့် ပရိုတင်းဓာတ် ၂၀ – ၂၄ ရာခိုင်နှုန်းထိ ပါဝင်၍ ပရိုတင်းဓာတ်ကြွယ်ဝသောဝါစေ့ဖတ်ကိုပါ ရရှိနိုင်သည်။ ဝါနှင့် ဝါစေ့ထွက်ပစ္စည်းများမှ အခြားစက်မှုလုပ်ငန်းသုံးနှင့် လူသုံးကုန်ပစ္စည်းအမျိုးအမည်ပေါင်းများစွာ ထုတ်လုပ်ရရှိနိုင်သည်။

ဝါမျိုးအများစုစိုက်ပျိုးမှုကို လေ့လာလျှင် အဓိက ဝါမျိုးစိတ်လေးခုရှိပြီး အထူးဝါဂွမ်းမွေးရှည်မျိုးစိတ်တွင် အီဂျစ်ဝါမျိုး၊ အမေရိကန် Pima ဝါ နှင့် Sea Island ဝါမျိုးများ ပါဝင်သည်။ အလယ်အလတ်ဝါမွေးရှည်(Gossypium hirsutum)တွင် အမေရိကန်ဝါမျိုးများနှင့် အာဖရိကကုန်းမြင့်ဝါမျိုးများပါဝင်သည်။ မြန်မာ့အပူပိုင်းတွင် စိုက်ပျိုးလေ့ရှိသော မလှိုင်ဝါမျိုးများနှင့် သက်တမ်း ရှည်ချည်မျှင်တိုဝါ၊ အများအခေါ် ကမ္ဘောဇဝါမျိုးမှာလည်း ချည်မျှင်တိုအမျိုးစားတွင် ပါဝင်နေသည်။

**မြန်မာ့ဝါစိုက်သမိုင်း**

မြန်မာနိုင်ငံတွင် သမိုင်းဦးခေတ်ကတည်းက ချည်မျှင်တိုဝါများစိုက်ပျိုးလာခဲ့ပြီး ချည်မျှင်လတ်ဝါများကို ၁၉၅၀ ပြည့်လွန်နှစ်များရောက်မှသာ ပြည်ပနိုင်ငံများမှ မျိုးတင်သွင်း၍ စိုက်ပျိုးလာခဲ့ကြသည်။ ဝါကို ပျူခေတ်ကတည်းက စိုက်ပျိုးခဲ့ကြပြီး ပုဂံခေတ်၊ ပင်းယခေတ်၊ စစ်ကိုင်းခေတ်၊ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်တစ်လျှောက် ဝါကို တဖြည်းဖြည်း တိုးချဲ့စိုက်ပျိုးလာကြသည့် သမိုင်းအထောက်အထားများရှိသည်။ ၁၈၅၄ ခုနှစ် မင်းတုန်းမင်းလက်ထက်တွင် ဝါဂွမ်းကို ဘုရင့်မူပိုင်ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုအချိန်က အထက်မြန်မာနိုင်ငံတွင် ဝါဂွမ်းအလေးချိန် ၇၇၀၀၀၀၀ ပိဿာ ထုတ်လုပ်နိုင်ခဲ့ပြီး တရုတ်ပြည်သို့ ဝါဂွမ်းအရိုင်း အနည်းဆုံး ၂၂၀၀၀၀၀ ပိဿာမှ အများဆုံး ၅၇၀၀၀၀၀ ပိဿာထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ ဝါစိုက်ဧကမှာ ဗြိတိသျှခေတ်တွင်းကာလ ၁၉၀၉–၁၉၁၀ ပြည့်နှစ်ထိ ဝါစိုက်ဧကနှစ်သိန်းဝန်းကျင်မှ ၁၉၁၉–၂၀ ပြည့်နှစ်တွင် ဧကလေးသိန်းကျော်နှင့် ၁၉၃၀ ပြည့်နှစ်များတွင် ဧကသုံးသိန်းကျော် လေးသိန်းနီးပါးထိ စိုက်ပျိုးခဲ့ကြပြီး ဝါထုတ်လုပ်မှုအနေဖြင့် ၁၉၄၀ ပြည့်နှစ်တွင် ဝါပိဿာ ၁၈၅ သိန်းကျော် ထုတ်လုပ်နိုင်ပြီး တစ်ဧကဝါအထွက်နှုန်း ၆၈–၇၀ ပိဿာရရှိခဲ့သည်။ ချည်မျှင်တိုဝါမျိုးများကိုသာ စိုက်ပျိုးမှုများခဲ့ရာမှ လွတ်လပ်ရေးရပြီး ၁၉၅၂ ခုနှစ် ပြည်တော်သာညီလာခံမှ ဝါဂွမ်းစီမံကိန်းချမှတ်ခဲ့ပြီး မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းကို ဖွဲ့စည်းတည်ထောင်ကာ ဝါစိုက်ပျိုးမှုတိုးတက်ရေးဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

**ချည်မျှင်တိုဝါမျိုးမှ ချည်မျှင်ရှည်ဝါမျိုးများစိုက်ပျိုးလာမှု**

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးသည့် ချည်မျှင်တိုဝါမျိုးစိတ်များသည် ဒေသ၏ ရာသီဥတု၊ သဘာဝအခြေအနေများနှင့် ကိုက်ညီမှုရှိပြီး သဘာဝဘေးဒဏ်နှင့် ပိုးမွှားရောဂါဒဏ်များ ခံနိုင်ရည်ရှိကြသည်။ ၎င်းဝါမျိုးတို့သည် ဝါအထွက်နှုန်းနည်းခြင်း၊ ဂွမ်းမွေးအရှည်အသွေးနိမ့်ကျခြင်းတို့ကြောင့် ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု ရှိပြီးမူလအရည်အသွေးမပျောက်ပျက်စေဘဲ အထွက်နှုန်းနှင့် ဂွမ်းမွေးအရည်အသွေးကောင်းမွန်သော ချည်မျှင်တိုဝါများရရှိစေရန် မျိုးမွေးမြူရေးလုပ်ငန်းများကို ၁၉၂၀ ပြည့်နှစ်များအတွင်းက စတင်ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများတွေ့ရှိရသည်။

ချည်မျှင်တိုဝါမျိုးကို လေ့လာရန် အဓိက ဝါကလေးစိုက်ပျိုးသောဒေသများ၏ အချက်အချာနေရာဖြစ်သော မလှိုင်ဗဟိုခြံနှင့် ဝါကြီးစိုက်ပျိုးရာဒေသ၏ အချက်အချာနေရာ အောင်လံမျိုးသန့်ခြံတို့တွင် တည်ထောင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် မလှိုင်သုံးဝါမျိုး၊ ၁၉၅၁ ခုနှစ်တွင် မလှိုင် ငါးဝါမျိုး၊ ၁၉၆၁ ခုနှစ်တွင် မလှိုင်ခြောက်ဝါမျိုးနှင့် ၁၉၈၂ ခုနှစ်တွင် မလှိုင်ရှစ်ဝါမျိုးတို့ကို မွေးမြူထုတ်ဝေဖြန့်ဖြူးပေးခဲ့ကြောင်းသိရသည်။ ၁၉၈၄–၈၅ ခုနှစ်တွင် ဝါကြီးကို အများဆုံးစိုက်ပျိုးခဲ့ပြီး ဧက (၁၅၂၉၇၈)ဖြစ်၍ ချည်မျှင်တိုစိုက်ဧရိယာ၏ ၃၈ ရာခိုင်နှုန်းထိ ပါဝင်ခဲ့သည်။ ထိုအချိန်က ဝါကြီးသည် ဒေသသုံးအတွက်သာမက နိုင်ငံခြားပို့ကုန်တစ်ခုအဖြစ်ပါ အရေးပါခဲ့သောသီးနှံဖြစ်ခဲ့သည်။ မကွေးတိုင်းဒေသကြီး သရက်ဒေသနှင့် ပဲခူးတိုင်းဒေသကြီး ပြည်ဒေသမှ ထွက်ရှိသော BCPF (Burma Cotton Prome Fine) နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူဒေသမှ ထွက်ရှိသော BCFS (Burma Cotton Fine Summer) တို့သည် ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ထွက်ကုန်ဝါကြီး၏ ထင်ရှားသော ကုန်သွယ်မှုအမှတ်အသားဖြစ်ခဲ့ကြောင်း သိရှိရသည်။ ၁၉၈၂–၈၃ တွင် ဝါကြီးကို အစားထိုးစိုက်ရန် အသက်လျှင်ပြီး ရာသီဥတုခံနိုင်ရည်ရှိသော နီလာ–(၁) နှင့် နီလာ(၂) ဝါမျိုးများကို ထုတ်ဝေခဲ့ကြောင်း မှတ်တမ်းများတွေ့ရှိရသည်။

**ယနေ့ခေတ်ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ**

၁၉၅၀ပြည့်လွန်နှစ်များမှစတင်၍ ချည်မျှင်ရှည်ဝါကို စတင်တင်သွင်းစမ်းသပ်စိုက်ပျိုးပြီး တွန်းအားပေးဆောင်ရွက်ခဲ့ရာမှ ၁၉၆၂–၆၃ခုနှစ်တွင် စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာခဲ့သည်။ ကနဦး ဆိုဗီယက်ပြည်ထောင်စုမှ အက်ဖ်–၁၀၈(F–108)၊ မျိုးအမှတ် ၁၂၉၈(No.1298) ဝါမျိုးများကို စမ်းသပ်စိုက်ပျိုးခဲ့ပြီး အမေရိကန်နိုင်ငံမှ တင်သွင်းသော ဒယ်တာပိုင်း (Delptapine)၊ ဒဲလ်ဖိုစ့် (Delfos) နှင့် စတုံးဗီးလ် (Stoneville)ဝါမျိုးများကို ချည်မျှင်ရှည်ဝါအဖြစ် စိုက်ပျိုးခဲ့ကြသည်။

ချည်မျှင်ရှည်ဝါမျိုးများ စတင်စိုက်ပျိုးကာစတွင် အထွက်နှုန်းကောင်းမွန်ခဲ့သော်လည်း ဝါမျိုး၏ အသွင်သဏ္ဍာန်နှင့် လိုက်လျောညီသော ပိုးမွှားထိန်းသိမ်းစနစ်ကို မဆောင်ရွက်နိုင်၍ ဖြုတ်စိမ်းပိုးကျရောက်မှုများပြီး အပင်ငယ်စဉ်ကပင် စတင်ဆေးပက်ဖျန်းရခြင်းများ ပြုလုပ်လာခဲ့ကြသည်။ အချိန်အနည်းငယ်အတွင်းတွင်ပင် ပိုးများက ဆေးခံနိုင်ရည်ရှိလာပြီး တောင်သူအများစု ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုကို လက်လွှတ်ခဲ့ရသည်ထိဖြစ်ခဲ့သည်။ ထို့ကြောင့် ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနခွဲ ရှေးဦးစွာ ဝါသုတေသနပြုလုပ်ခဲ့ပြီး ဝါသီးနှံဖွံ့ဖြိုးရေးစီမံကိန်းမှ ဆက်လက်၍ ဝါရွက်မွေးထူပြီး စုပ်ပိုးဒဏ်ခံနိုင်ရည်ရှိသောရေဆင်း(၁)ခေါ်ထီလာပုလဲခေါ် စတုံးဗီးလ် ၂၁၃ ဝါမျိုးကို အစားထိုးစိုက်ပျိုးရန်ဆောင်ရွက်ခဲ့ကြကြောင်းနှင့် တစ်ချိန်ထဲမှာပင် ထီလာပုလဲဝါမျိုးကဲ့သို့ ဖြုတ်စိမ်းပိုးဒဏ်ခံနိုင်ရည်ရှိပြီးအထွက်နှုန်းနှင့် ဂွမ်းမွေးအရည်အသွေးကောင်းမွန်သောလွန်ကျော် သုံးဝါမျိုးကို ၁၉၈၃ခုနှစ်တွင် ထုတ်ဝေခဲ့ကြောင်း သိရှိရ သည်။

**ဝါအမျိုးအစားအလိုက် စိုက်ဧကပြောင်းလဲစိုက်ပျိုးလာမှုအခြေအနေ**

၁၉၆၂–၁၉၆၃ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် ဝါကလေး၊ မလှိုင်ဝါနှင့် ဝါကြီးစသည့် ချည်မျှင်တိုဝါမျိုးများသာ စိုက်ပျိုးခဲ့ရာမှ ၁၉၆၂–၁၉၆၃ ခုနှစ်မှစ၍ ချည်မျှင်ရှည်ဝါအဖြစ် အလယ်အလတ်ဝါမွေးရှည်မျိုးစိတ်များကို စတင်စိုက်ပျိုးလာခဲ့ကြသည်။ ၁၉၆၀ ပြည့်နှစ်ထိ မြန်မာနိုင်ငံအတွင်း ချည်မျှင်တိုဝါမျိုးကိုသာစိုက်ပျိုးခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် ဝါစိုက်ဧက၏ ၇၈ ရာခိုင်နှုန်းသည် ချည်မျှင်တိုဝါ၊ ၂၂ ရာခိုင်နှုန်းသည် ချည်မျှင်ရှည်ဝါမျိုးများစိုက်ပျိုးခဲ့ရာမှ ၁၉၉၇–၁၉၉၈ ခုနှစ်တွင် စိုက်ဧကအချိုးပြောင်းပြန်ပြောင်းလဲသွားခဲ့ကြောင်း ဇယား(၁) တွင်လေ့လာနိုင်ပါသည်။

နှစ်အလိုက်ဝါအမျိုးအစား စိုက်ဧကပြောင်းလဲစိုက်ပျိုးလာမှုအခြေအနေဇယား(၁)

| စဉ် | ခုနှစ် | ဝါစိုက်ဧက (ထောင်ပေါင်း) | | | စုစုပေါင်းစိုက်ဧက၏ % | |
|---|---|---|---|---|---|---|
| | | ချည်မျှင်တိုဝါ | ချည်မျှင်ရှည်ဝါ | ပေါင်း | ချည်မျှင်တိုဝါ | ချည်မျှင်ရှည်ဝါ |
| ၁ | ၁၈၉၉-၉၀ | ၁၆၃ | - | ၁၆၃ | ၁၀၀.၀ | - |
| ၂ | ၁၉၀၉-၁၀ | ၂၀၂ | - | ၂၀၂ | ၁၀၀.၀ | - |
| ၃ | ၁၉၁၉-၂၀ | ၄၃၀ | - | ၄၃၀ | ၁၀၀.၀ | - |
| ၄ | ၁၉၂၉-၃၀ | ၃၂၀ | - | ၃၂၀ | ၁၀၀.၀ | - |
| ၅ | ၁၉၃၉-၄၀ | ၃၄၇ | - | ၃၄၇ | ၁၀၀.၀ | - |
| ၆ | ၁၉၄၉-၅၀ | ၂၆၆ | - | ၂၆၆ | ၁၀၀.၀ | - |
| ၇ | ၁၉၅၉-၆၀ | ၃၇၁ | - | ၃၇၁ | ၁၀၀.၀ | - |
| ၈ | ၁၉၆၉-၇၀ | ၂၃၁ | ၁၃၁ | ၃၆၂ | ၆၂.၈ | ၃၆.၂ |
| ၉ | ၁၉၇၉-၈၀ | ၂၆၆ | ၂၁၄ | ၄၈၀ | ၅၅.၄ | ၄၄.၆ |
| ၁၀ | ၁၉၈၉-၉၀ | ၃၀၄ | ၇၆ | ၃၇၉ | ၇၉.၉ | ၂၀.၁ |
| ၁၁ | ၁၉၉၀-၉၁ | ၃၁၀ | ၇၆ | ၃၈၆ | ၈၀.၃ | ၁၉.၇ |
| ၁၂ | ၁၉၉၁-၉၂ | ၃၃၀ | ၉၄ | ၄၂၄ | ၇၇.၈ | ၂၂.၂ |
| ၁၃ | ၁၉၉၂-၉၃ | ၃၂၁ | ၉၅ | ၄၁၆ | ၇၇.၂ | ၂၂.၈ |
| ၁၄ | ၁၉၉၃-၉၄ | ၂၈၀ | ၇၆ | ၃၅၆ | ၇၈.၇ | ၂၁.၃ |
| ၁၅ | ၁၉၉၄-၉၅ | ၃၀၁ | ၂၀၄ | ၅၀၅ | ၅၉.၆ | ၄၀.၄ |
| ၁၆ | ၁၉၉၅-၉၆ | ၂၉၉ | ၆၃၈ | ၉၃၇ | ၃၁.၉ | ၆၈.၁ |
| ၁၇ | ၁၉၉၆-၉၇ | ၂၄၁ | ၅၈၃ | ၈၂၄ | ၂၉.၃ | ၇၀.၇ |
| ၁၈ | ၁၉၉၇-၉၈ | ၁၄၇ | ၅၁၁ | ၆၅၈ | ၂၂.၃ | ၇၇.၇ |

လွန်ကျော်သုံးဝါမျိုးသည် မြန်မာနိုင်ငံ ဝါစိုက်တောင်သူအများစု လက်ခံစိုက်ပျိုးခဲ့ကြသည့် ချည်မျှင်လတ်ဝါမျိုးအဖြစ် ဆယ်စုနှစ်နှစ်ခုထိ ထင်ရှားခဲ့သည့် ဝါမျိုးဖြစ်သည်။ ၁၉၈၂ခုနှစ်မှ ၁၉၈၅ ခုနှစ်များအတွင်း လွန်ကျော်(၁)၊ ထီလာ(၁) နှင့် ထီလာ(၂)ဝါမျိုးများကို ထုတ်ဝေဖြန့်ဖြူးမှု ပြုလုပ်ခဲ့ကြသည်။ သုတေသနရလာဒ်များအဖြစ် လွန်ကျော်(၁)သည် အသက်လျှင်၍ မိုးကြိုရာသီတွင် စိုက်ပျိုးရန်၊ ထီလာ(၁)နှင့် ထီလာ(၂)သည်လည်း အသက်လျှင်ခြင်း၊ အပူချိန်မြင့်မားသည့်ဒဏ်ခံနိုင်ရည်ရှိခြင်းတို့ကြောင့် မိုးကြိုရာသီစိုက်ပျိုးရန် သင့်တော်သော ဝါမျိုးများအဖြစ် သတ်မှတ်ထုတ်ဝေခဲ့သည်။ သို့သော် ရာသီဥတုအခြေနေမပေးပါက တစ်ဧကဝါအထွက်နှုန်းမှာ လွန်ကျော်(၃)မျိုးထက်သာလွန်ခြင်းမရှိ၍ ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

၁၉၉၄–၉၅ခုနှစ်နိုင်ငံတော်မှမြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းဖွဲ့စည်းပြီးနောက် ဝါမျိုးစုံသုတေသနနှင့် တိုးချဲ့စိုက်ပျိုးရေးများတစိုက်မတ်မတ်တိုးချဲ့ဆောင်ရွက်ခဲ့ကြပါသည်။ ၎င်းနှစ်တွင်စတုံးဗီးလ်(၉၀၇)ဝါမျိုးနှင့်၁၉၉၅–၁၉၉၆ခုနှစ်တွင်အယ်လ်အေ(၈၈၇)ဝါမျိုးတို့ကို တင်သွင်းနိုင်ခဲ့သည်။ ဝါနှစ်မျိုးစလုံးသည် အထွက်နှုန်းစွမ်းအားမြင့်မားပြီး ဂွမ်းမွေးအရည်အချင်းမှာလည်း လွန်ကျော်(၃)မျိုးထက်သာလွန်ကောင်းမွန်သော်လည်း ဖြုတ်စိမ်းပိုးဒဏ်ခံနိုင်ရည်နည်း၍ တောင်သူအများစု နှစ်ခြိုက်မှုမရှိပဲ လွန်ကျော်(၃)မျိုးကိုသာစိုက်ပျိုးမှုမြင့်မားခဲ့ပါသည်။

ယခုအချိန်အခါတွင် မိုးဝါအဖြစ် ချည်မျှင်တိုမျိုးကို စိုက်ပျိုးကြပြီး ချည်မျှင်ရှည်ဝါမျိုးကို မိုးကြိုနှင့် မိုးနှောင်းရာသီတွင် အများဆုံးစိုက်ပျိုးနေကြသည်။ ရာသီဥတုနှင့် လိုက်လျောညီထွေ စိုက်ပျိုးရေးစဉ်ဆက်မပြတ် ထုတ်လုပ်စွမ်းအားတိုးတက်နေစေရေးတွင် သီးနှံစိုက်စနစ်၊ သီးနှံမျိုးစေ့၊ စိုက်ပျိုးနည်းစနစ်နှင့် ရေပေးသွင်းနိုင်မှုလုပ်ငန်းများကို သုတေသနပြု လေ့လာအကဲဖြတ်၊ တွေ့ရှိချက်များကို လက်တွေ့အသုံးချခြင်း၊ တွေ့ကြုံလာသည့် အခက်အခဲများကို ဆန်းစစ်လေ့လာ၊ ဖြေရှင်းရမည့် နည်းလမ်းများကိုရှာဖွေခြင်းတို့မှာ သုတေသနနှင့် တောင်သူ၏ဆက်နွယ်ပေါင်းကူးတံတားပင်ဖြစ်သည်။

ဝါသီးနှံစိုက်ဧကတိုးချဲ့ရေး ကြိုးပမ်းလာခဲ့ကြရာတွင် ယခင်က တစ်နှစ်တစ်သီးစားပုံစံဖြင့် မိုးဝါ သို့မဟုတ် မိုးနှောင်းဝါတစ်မျိုးကိုသာ စိုက်ပျိုးခဲ့ကြရာမှ ချည်မျှင်ရှည်ဝါစိုက်ပျိုးလာချိန်တွင် မိုးကြိုချည်မျှင်ရှည်ဝါအဖြစ် အဓိကထည့်သွင်း၍ တစ်နှစ်နှစ်သီးစားပုံစံဖြင့် စိုက်ပျိုးလာကြသည်။ မိုးစပါးအပြီး နွေစပါးစိုက်ဧက ပိုမိုတိုးချဲ့စိုက်ပျိုးလာခြင်း၊ ဝါသီးနှံကို မိုးကြိုထက် မိုးနှောင်းတွင် ဧရိယာတိုးချဲ့ရေးပိုမိုအခြေအနေပေးလာခြင်း၊ မိုးနှောင်းချည်မျှင်ရှည်ဝါကို ဖြည့်စွက်ရေမပေးနိုင်သော်လည်း ဇူလိုင်၊ ဩဂုတ်လများတွင် ရာသီမီစိုက်ပျိုးပါက သင့်တင့်သောအထွက်နှုန်းရရှိနိုင်ခြင်း၊ မိုးနှောင်းရာသီတွင် မိုးဦးသီးနှံများအပြီး ချည်မျှင်ရှည်ဝါကို သီးထပ်စိုက်ပျိုးနိုင်သလို သီးနှံအချို့နှင့် သီးညှပ်တွဲဖက်စိုက်ပျိုးနိုင်ခြင်းကြောင့် တောင်သူများဝင်ငွေပိုမိုရရှိနိုင်၍ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးမှုပို၍ ကျယ်ပြန့်လာခဲ့သည်။

၁၉၈၄–၁၉၈၅ ခုနှစ်မှ ၁၉၉၂–၁၉၉၃ ခုနှစ်ထိ မိုးကြိုချည်မျှင်ရှည်ဝါနှင့် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ဧရိယာမှာ ထက်ဝက်စီခန့်သာရှိရာမှ ၁၉၉၃ – ၁၉၉၄ ခုနှစ်မှစ၍ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧကတဖြည်းဖြည်းတိုးလာခဲ့ပြီး ၁၉၉၇–၁၉၉၈ခုနှစ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးမှု ၉၂ ရာခိုင်နှုန်းထိ ရှိခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ချစ်သူစေရာ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲ ပြုလုပ်



ရန်ကုန် ဖေဖော်ဝါရီ ၂၇

Rangoun Production က ရိုက်ကူးထုတ်လုပ်မည့် "ချစ်သူစေရာ" ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲကို ဖေဖော်ဝါရီ ၂၆ရက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်ကြီးတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ တိုင်ရွှန်းက ပြောပြသည်။

အဆိုပါ "ချစ်သူစေရာ" ရုပ်ရှင်ကား၏ ဝတ္ထု ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အေးကြည်သာဟန်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ပွင့်သီဂီဇော်က Rangoun Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ ရုပ်ရှင်ဇာတ်ကားက ချစ်သူစေရာပေါ့။ မပွင့်သီဂီဇော် ရိုက်ကူးမဲ့ ဇာတ်ကားပါ။ ကျွန်တော်ရယ်၊ ဝင်းခန့်မိုးရယ်၊ အန်တီဆင့် (မေသန်းနု)၊ ပိုးမမှီသာရယ်၊ ညီလေး၊ ညီမလေးတွေ အများကြီး ပါပါတယ်။ အန်တီဆင့်ကတော့ ကျွန်တော်နဲ့ ပထမဆုံးတွေ့ရ သရုပ်ဆောင်ရမှာပါ။ ကျွန်တော့် သရုပ်ဆောင်တွေ အကုန်လုံးကလဲ အတူတူသရုပ်မဆောင်ဖူးသေးပါဘူး။ ဒီဇာတ်ကားမှာ ကျွန်တော့်ရဲ့ ကာရိုက်တာကို တော်တော်လေးကို ချိန်းထားပါတယ်။ ရိုမန့်ဇာတ်လေးဆိုတော့လေ အချိန်တော်တော်ပေးရတဲ့ ဇာတ်ကားပါ" ဟု သရုပ်ဆောင်တိုင်ရွှန်းက ပြောပြသည်။

"ချစ်သူစေရာ" ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်း၊ ဝင်းခန့်မိုး၊ ဇော်ဇော်အောင်၊ ရန်ပြေ (ကျော်ကြီး)၊ မေသန်းနု၊ ပိုးမှီသာ၊ နှင်း၊ မိုရီဝိုင်း၊ သျှင်ဖုန်းနွယ်၊ သက်သက်ဦးဇင်နှင့် အနုပညာရှင်များစွာပါဝင် သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

ASH

# ကြင်ဖော် ရုပ်သံဇာတ်လမ်းတွဲ သရုပ်ဆောင်များနှင့် ပရိသတ်များ တွေ့ဆုံပွဲပြုလုပ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးပြီး ဖြစ်သည့် ကြင်ဖော် ရုပ်သံဇာတ်လမ်းတွဲ သရုပ်ဆောင်များနှင့် ပရိသတ်များ တွေ့ဆုံပွဲပြုလုပ်မည် ဖြစ်ကြောင်း အဆိုပါ ကြင်ဖော်ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင်ဝေလာရီက ပြောပြ၍ သိရသည်။

အဆိုပါ ကြင်ဖော် ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာမ လွှန်းထားထား (ဆေးတက္ကသိုလ်)၏ဝတ္ထုဇာတ်လမ်းကို Aeternum Creative အဖွဲ့က ဇာတ်ညွှန်းရေးထားခြင်းဖြစ်ပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က FG Series Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူး ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"MRTV-4မှာ ထုတ်လွှင့်ပေးပြီးဖြစ်တဲ့ ကြင်ဖော် ဇာတ်လမ်းတွဲကို အားပေးခဲ့ကြတဲ့ ပရိသတ်တွေနဲ့ သရုပ်ဆောင်တွေ တွေ့ဆုံမဲ့ Fan Meet လေးကို လာမဲ့မတ်လ ၂ ရက်ညနေ ၄ နာရီခွဲမှာTimes City မှာဆုံကြဖို့ စီစဉ်ထားပါတယ်။ ကြင်ဖော် ဇာတ်လမ်းတွဲက အနုပညာရှင်တွေ အားလုံးကို တစ်ချိန်တည်းတစ်နေရာတည်းမှာ တွေ့ရမှာဖြစ်လို့ လာရောက်ဖို့ ဖိတ်ခေါ်တယ်နော်။ Times City မှာ ညနေ ၄ နာရီခွဲ ကနေ ည ၇ နာရီထိ ရှိနေပါမယ်" ဟု ဝေလာရီက ပြောပြသည်။




ကြင်ဖော် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် နက္ခတ်၊ နေလင်းရှိန်၊ နေထွဋ်၊ စိုးပြည့်သဇင်၊ ဝေလာရီ၊ နော်ဖေအယ်ထား၊ မေပန်းချီ၊ မှူးထိပ်ထား၊ ဆုမြတ်နိုးဇင် စသူတို့အပြင် စိုင်းစည်တွမ်ခမ်းကလည်း ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်ထားကာ အဆိုပါဇာတ်လမ်းတွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၆ရက်က စတင်ပြီး အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့ထိ ည၇နာရီတွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက် ရှိကြောင်း သိရသည်။

ASH

# လက်ကြီးများရုပ်ရှင်ဇာတ်ကား Premiere Showပွဲ ကျင်းပပြုလုပ်



ရန်ကုန် ဖေဖော်ဝါရီ ၂၇

လက်ကြီးများ ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲကို ဖေဖော်ဝါရီ ၂၆ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာစိုးမိုးမင်းက ပြောပြ၍ သိရသည်။

အဆိုပါ လက်ကြီးများရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်ကရေးသားထားကာ ဒါရိုက်တာစိုးမိုးမင်းက Love 2 Production ရုပ်ရှင်ထုတ်လုပ်ရေး အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် ဟာသဇာတ်မြူးရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

"ဟာသပညာပေး ဇာတ်လမ်းပါ။ ဇာတ်ကားရဲ့ နာမည်ပေးထားတဲ့အတိုင်းပဲ ကာရိုက်တာမျိုးစုံနဲ့ လက်ကြမှာပါ။ ဘယ်လိုလက်လဲ ဆိုတာကိုတော့ ပရိသတ်တွေ လာရောက် ကြည့်ရှုစေချင်ပါတယ်။ နေဝင်းက ကျွန်တော်နဲ့ ဟာသ ရိုက်တဲ့ကားဆိုရင်တော့ နှစ်ကားရှိပါပြီ။ သူလဲ ဟာသပိုင်းကို တော်တော်လေးလုပ်နိုင်တယ်လို့ပြောလို့ရပါတယ်။ ဟာသရုပ်ရှင်ဇာတ်ကား ကြိုက်နှစ်သက်သူတွေအတွက် သဘောကျမဲ့ ဇာတ်ကားလေးပေါ့"ဟု ဒါရိုက်တာစိုးမိုးမင်းက ပြောပြသည်။

အဆိုပါ လက်ကြီးများရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ်နေဝင်း၊ မင်းဟိဏ်း၊ ခင်လှိုင်၊ ဂျိုကာ၊ ဆင်မ၊ တေဇာလင်းရောင်၊ လင်းလင်း၊ မင်းသူ၊ သွက်လက်၊ ဇော်ဝင်းနိုင်(မန်း)၊ မေမြင့်မိုရ်၊ မိကိုခန့်နှင့် အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း ဒါရိုက်တာစိုးမိုးမင်းက ပြောပြ၍ သိရသည်။

ASH

# Captain America: Brave New World ၏ ကမ္ဘာတစ်ဝန်းဝင်ငွေ ဒေါ်လာသန်း ၃၀၀ နီးပါးရှိလာ

နယူးယောက် ဖေဖော်ဝါရီ ၂၇

ဒစ္စနီးကုမ္ပဏီ၏ Captain America: Brave New World ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း ၃၀၀ နီးပါးထိ ရရှိထားကြောင်း ဖေဖော်ဝါရီ ၂၆ရက် သတင်းများအရ သိရသည်။

ဒစ္စနီးကုမ္ပဏီသည် Captain America: Brave New World ဇာတ်ကားကို ဖေဖော်ဝါရီ ၁၄ရက်တွင် စတင်ရုံတင် ပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ဖေဖော်ဝါရီ ၂၃ ရက်အရောက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၉ ဒသမ ၄ သန်းထိ ရရှိထားကြောင်း သိရသည်။

ဒစ္စနီးကုမ္ပဏီသည် အဆိုပါ ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာသန်း ၁၈၀ သုံးစွဲထားသည်။

Captain America: Brave New World ဇာတ်ကားကို ဒါရိုက်တာ ဂျူးလီးယပ်အိုနေးက တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသားအန်သိုနီမက်ကီး၊ ဟယ်ရီဆင်ဖို့၊ ဆက်ကိုလင်နှင့် မင်းသမီး ရှိဘာဆာလာဇာတို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# Ne Zha-2 ဇာတ်ကား ကမ္ဘာ့ဝင်ငွေ အကောင်းဆုံး ဇာတ်ကားများစာရင်းတွင် ပါဝင်လာ

နယူးယောက် ဖေဖော်ဝါရီ ၂၇

Ne Zha-2 အမည်ရှိ တရုတ် ကွန်ပျူတာအင်နီမေးရှင်း ရုပ်ရှင်ဇာတ်ကားသည် ကမ္ဘာ့ရုပ်ရှင်ဈေးကွက်တွင် သမိုင်းတစ်လျှောက် ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားများစာရင်းတွင် ပါဝင်လာကြောင်း ဖေဖော်ဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

Ne Zha-2 ဇာတ်ကားသည် စတင်ရုံတင်ပြီး တစ်လမပြည့်မီမှာပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံထိ ရရှိထားကြောင်း သိရသည်။

Ne Zha-2 ဇာတ်ကား၏ အထက်ပါ ဝင်ငွေပမာဏအနက် ၁ ဒသမ ၈၇ ဘီလီယံမှာ တရုတ်ဈေးကွက်မှာ ရရှိထားခြင်းဖြစ်သည်။

အဆိုပါ ကွန်ပျူတာအင်နီမေးရှင်းဇာတ်ကားကို ယခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် စတင် ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

Ne Zha (2019) ကွန်ပျူတာအင်နီမေးရှင်း ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်သော Ne Zha-2 ဇာတ်ကားကို တရုတ်ဒါရိုက်တာ ယုယန်းက ရိုက်ကူးပေးထားခြင်းဖြစ်သည်။

Ne Zha-2 ဇာတ်ကား အနေဖြင့် လက်ရှိဝင်ငွေအနေထား အရ Spider-Man:No Way Home ၏ ကမ္ဘာ့ဝင်ငွေကို မကြာမီကျော်ဖြတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses launching ceremony of MMQR, national QR standard for digital payments in Myanmar



Senior General Min Aung Hlaing addresses the launching ceremony of MMQR, a national QR standard for digital payments in Myanmar.

**Nay Pyi Taw February 27**

The launching ceremony of MMQR, the national QR standard for digital payments in Myanmar, was held at Jade Hall of MICC1 this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the ceremony together with the Senior General were Joint SAC Secretary General Ye Win Oo, SAC members, union level dignitaries, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, ambassadors of diplomatic missions in Myanmar, members of the board of directors of Central Bank of Myanmar, invited heads of department and officials, chairs and secretaries of associations and banks, distinguished guests from financial institutions and technology companies, and officials.

First, the Senior General inaugurated the ceremony by pushing a button.

In his address, the Senior General said it is a pleasure to announce the availability of the Myanmar QR (MMQR) that ensures convenient and faster payments in accord with the national OR standard and that meets international standard, for public use beginning today. It is also a milestone that marks the success of a payment system that is important in the financial sector of Myanmar.

The Central Bank of Myanmar is an institution that is mainly responsible for the country's financial payment system development. Hence, it is in the constant process of developing Myanmar payment system with the times, conducting payments in accord with international standard, ensuring secure and quick money transfers in everyday life of the public and public inclusiveness in monetary system, promoting the application of digital payment system, while reducing the use of cash, and facilitating trade, investment and tourism services and foreign remittances.

As regards the development of Myanmar's payment system, the country set up the Myanmar payment board with the involvement of state-owned and private banks in 2011 for infrastructure development. Later, it introduced the systematic use of international payment cards, in addition to debit cards and credit cards, issued by local banks. In 2016, the Central Bank of Myanmar established a payment network for the banks and arranged the settlement of large tax payments through domestic banks.

Alongside the increase in domestic mobile phone use, financial services must be available for the people outside the areas of banking services. In this regard, the Central Bank of Myanmar issued laws, rules and regulations, directives and orders for mobile banking services, internet banking business, mobile financial operations and services, mobile businesses, and payment service providers for broadening the scope of digital payment methods till reaching the grassroots. The bank also permitted conducting remittances for meter bills, taxes, civil servant salaries, premium payments, micro loan payments and collections.

The aim of the national payment strategy calls for a system that will develop digital banking services and that ensures a faster connection between the diverse mobile banking services. The application of MMQR is for the establishment of bilateral connections by using the Myanmar national standard procedures.

The integration of various QR codes from different payment systems within the country will enhance convenience for users. This initiative aims to facilitate seamless and low-cost retail payments, making everyday transactions faster and more efficient. Therefore, it is essential to educate users on the procedures for making transactions through Myanmar QR (MMQR) to ensure they clearly understand and can use the system effectively.

By using Myanmar QR (MMQR), both unbanked individuals and those already using banking services will have greater access to the financial system and a wider range of financial services. It will also help reduce the reliance on cash transactions. In addition, the integration of different bank accounts, digital mobile wallets, and payment systems will streamline financial management for both merchants and users, making transactions faster, easier, and less complicated.

Myanmar QR (MMQR) can be utilized for a wide range of business activities, including government payments, taxes, utility bills such as electricity, tourism, civil servants' salaries, pensions, small businesses, petrol stations, private hospitals, schools, and consumer goods sales. This will allow a wide range of businesses across various sectors to participate, facilitating an easy, fast, and streamlined payment system.

In Myanmar, the Central Bank has established a national standard, the Myanmar QR (MMQR), which will facilitate smooth and secure international financial transactions and money transfers, aligning the country with global standards. It is also a system that promotes the development of the country's digital economic infrastructure. With the advancement of technology, while it is now possible to offer systematic and convenient services, it is equally important to implement effective monitoring and supervision to prevent online fraud.

The successful launch of the Myanmar QR (MMQR) digital payment connection system is a great source of pride, marking a significant development in the payment sector, made possible through the leadership of the Central Bank of Myanmar and the collaborative efforts of relevant organizations. He further urged making concerted efforts to develop payment systems that align with modern advancements, strengthen the country's financial sector, and contribute to the support of the national economy in various ways.

Then, Daw Than Than Swe, the Governor of the Central Bank of Myanmar, explained the status of the implementation of MMQR, the National QR Standard for Myanmar's digital payments.

Afterwards, the Senior General and the attendees of the ceremony watched a documentary video showcasing the stages of development of Myanmar's digital payment system, along with the process steps and benefits of MMQR.

Then, the Senior General was presented with a commemorative gift by the Governor of the Central Bank of Myanmar to mark the launch of MMQR, the National QR Standard for Myanmar's digital payments.

Afterwards, the Senior General and the attendees of the ceremony took documentary photos and toured the exhibits, showing interest in the MMQR payment methods.100




Senior General Min Aung Hlaing visits an exhibit at the MMQR launching ceremony.

# Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win addresses coordination meeting (1/2025) of Illegal Trade Eradication Steering Committee



Vice-Senior General Soe Win addresses the coordination meeting (1/2025) of the Illegal Trade Eradication Steering Committee.

**Nay Pyi Taw February 27**

The Coordination Meeting of the Illegal Trade Eradication Steering Committee (1/2025) was held this afternoon at the Conference Hall of the Ministry of Commerce in Nay Pyi Taw. The meeting was attended by the Chairman of the Illegal Trade Eradication Steering Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, who delivered an opening speech.

The meeting was also attended by Union Ministers U Win Shein, Lt-Gen Tun Tun Naung, U Tun Ohn, Deputy Ministers, the Chairman of the Revenue Appellate Tribunal, members of the Nay Pyi Taw Council, Permanent Secretaries, Directors-General, and representatives from various organizations. Additionally, the Chairpersons of the Special Task Forces for combating illegal trade from regions and states participated via video conferencing.

In his opening remarks, the Vice-Senior General stated that the Illegal Trade Eradication Steering Committee has been established to effectively combat illegal trade, and coordination meetings have been held 18 times so far. During the previous 17 meetings, 589 decisions were made and implemented. From January 2022 to January 2025, over 19,000 cases were seized, with an estimated value exceeding 458 billion kyats. However, when comparing the trade discrepancies with neighboring countries, the amount seized is still significantly low, indicating the need for more effective enforcement. He emphasized that the Special Task Forces for Combating Illegal Trade in regions and states must be fully aware of the specific routes within their jurisdictions and conduct regular inspections and seizures day and night. Collaboration with security forces will further enhance the effectiveness of these operations.

Furthermore, during the opening ceremony of the Union-level MSMEs Product Exhibition and Competition held on February 12, 2025, the Prime Minister instructed the Chief Ministers of regions and states to strictly enforce the identification and prosecution of unlicensed vehicles, including those involved in administrative and security roles. He also emphasized the need to crack down on illegal motorcycles and the import and export of illegal goods, which significantly harm the nation. The Special Task Forces for Combating Illegal Trade in regions and states must prioritize and implement these directives.

During the period of December 2024 and January 2025, the Customs Department recorded the highest number of seizures, with the Sagaing Region leading, followed by the Mandalay Region and the Yangon Region. In terms of product categories, unlicensed vehicles and illegal goods transport vehicles accounted for the majority of seizures, followed by industrial raw materials and investment-related goods.

In 2024, the highest value of seizures occurred in December, amounting to 44.183 billion kyats. Comparing annual seizure values, 65 billion kyats were seized in 2022, over 135 billion kyats in 2023, and 223 billion kyats in 2024. This progress is attributed to the efforts of all responsible officials. However, when compared to the trade discrepancies with neighboring countries, there is still a significant need for more effective enforcement. Officials must intensify their efforts to ensure that the value of seizures matches the import and export discrepancies.

Regarding global data on illegal trade, the World Bank reported that in 2024, the estimated global GDP was 105 trillion US dollars, with illegal trade and money laundering causing a loss of up to 2.6 trillion US dollars. Cross-border crimes accounted for 2.2 trillion US dollars, bribery for 1 trillion US dollars, drug trafficking for over 500 billion US dollars, counterfeiting and smuggling for 500 billion US dollars, environmental crimes for 258 billion US dollars, and human trafficking for 150 billion US dollars.

Illegal trade contributes to corruption, violence, criminal activities, and the financing of terrorism, leading to instability and undermining peace and security. For example, the current issues of online fraud (Telecom Fraud) in border areas, along with gambling, human trafficking, armed attacks, and other crimes, threaten security and stability. This highlights the need for more decisive action against illegal trade. Additionally, the negative impacts of illegal economies include undermining democracy, weakening the rule of law, and significantly affecting the nation's long-term stability and economic development. These issues also lead to human rights violations and loss of employment opportunities. Therefore, it is imperative to intensify efforts to combat illegal trade.

It is difficult to control illegal entry and exit points along the country's long border due to its geographical location. Similarly, illegal smuggling routes are also used to enter the country. It is very difficult to control them. However, there are key routes and points along the long border that can control entry points. If the staff on duty at these points are loyal, honest, compassionate and have a spirit of contributing to the country's economy, no matter what the illegal route, more illegal goods can be detected. Similarly, in addition to exporting illegal goods through border gates, they are also stored and distributed in warehouses near border gates. It is necessary for the relevant officials to identify, arrest and take action against such activities.

Illegal goods pose a special threat to the country's health, economy and the future development of the youth. Illegal exporters are stealing the country's resources, Importing and exporting of goods and services is causing ecological damage, especially the MSMEs that support our country's economy on one hand, and local entrepreneurs are working hard to support them. If illegal goods, illegally imported raw materials, and poor-quality products are imported and compete in the market, all our local entrepreneurs will not be able to compete. Therefore, by strictly combating illegal trade, we will not only help the country's economy but also help ethnic MSME entrepreneurs, and we want officials to understand and increase the fight against illegal trade.

We want officials in the regions and states to understand that combating illegal trade is broader than just preventing smuggled goods, and to lead and organize their employees to do so. Since tax collection plays a key role in national development, business owners need to pay their taxes in full and conduct regular trade in order to play their part in national development. The public should also be more widely educated and organized to report illegal trade responsibly and correctly when they become aware of it. The effective work of combating illegal trade, including prevention and inspection in trade routes, is aimed at protecting entrepreneurs who are engaged in regular trade and MSMEs in the country. Business owners need to be widely educated and organized to cooperate.

In combating illegal trade, accurate information, information security, and safety for informants are important. Only by building the information obtained and organizing for security and working together in unity can the goal be achieved. The financial benefits of reporting illegal exports have been shared between the informant and the person who made the arrest. It is necessary to conduct awareness-raising activities through state-owned newspapers, TV and radio stations, and private news outlets to inform the public about the increase in the number of correct reports. In addition, it is requested that the relevant organizations in the regions and states be aware of the safety of informants and provide support.

The special teams for combating illegal trade should be instructed to take necessary measures in advance to avoid unnecessary delays and traffic jams at the trade posts, inspection posts, and security gates opened in the relevant regions and states.

*See Page 14*

# 187 more illegal migrants to Myanmar detained



Authorities collect personal information and documents of illegal migrants.

**Nay Pyi Taw February 27**

Foreigners who are involved or control online scam and gambling operations are being cracked down through trilateral cooperation among Myanmar, China and Thailand.

In doing so, 187 more foreigners who illegally entered Myanmar through border routes from neighbouring countries including Thailand and committed online scams and gambling in Shwe Kokko, Mehtawthalay and KK Park in Myawady in Kayin State were exposed and detained today.

Combined teams of relevant departments have collected their personal information and documents within a day to repatriate them to relevant countries as soon as possible and Security and Border Affairs Minister of Kayin State Government Col Min Thu Kyaw inspected the process, met with responsible officials and gave necessary instructions on health, accommodation, food, security and repatriation of foreigners without delay before coordinating necessary measures.

From 30 January to 27 January, 2025, a total of 2,925 illegal migrants to Myanmar were exposed and detained and 757 of them were repatriated to relevant countries through Thailand in accordance with the law, rules and regulations. The remaining 2,168 foreigners are ready for repatriation to relevant countries and are being detained properly.

100

# 84 more Indonesian nationals involved in telecom frauds, criminal activities repatriated

**Nay Pyi Taw February 27**

The government has been cracking down on telecom frauds and criminal activities effectively in cooperation with international organizations including those from neighbouring countries and foreigners involved in them are repatriated to relevant countries properly. Today, 84 Indonesian nationals were repatriated through Myanmar-Thai Friendship Bridge-2 to the relevant country in accordance with the law, rules and regulations on humanitarian grounds and in consideration of friendship between countries.

Security and Border Affairs Minister of Kayin State Government Col Min Thu Kyaw and officials inspected the process to ensure proper repatriation.

Afterward, a repatriation ceremony was held, attended by the security and border affairs minister, Director Mr. Judha Nggraha of Citizen Protection of the Ministry of Foreign Affairs, Deputy District Officer Police Lt-Col Sermkiat Kampira of Tak Province Immigration Department and officials, and responsible officials transfer repatriation documents to officials from the relevant country.

The government has been clamping down on those who operate them and are involved in online scams and gambling resolutely and combating them in cooperation with international organizations including those from neighbouring countries, especially through the trilateral cooperation among Myanmar, China and Thailand, actively and consistently.



The ceremony for repatriation of Indonesian illegal migrants is in progress.

Moreover, the government has been taking measures to expose foreigners who control online scam centres behind the scene or involved in them in order to take effective action against the offenders while cooperating with others actively to repatriate foreigners in trouble for various reasons and foreign human trafficking victims to relevant countries as soon as possible.

100

*From Page 13*

The Illegal Trade Eradication Steering Committee needs to take measures to seize illegal goods in order to increase the country's exports and ensure the sustainability of MSMEs. Similarly, the import of illegal goods, such as substandard consumer goods, medicines, and food products, poses a risk to consumers, so we must protect the safety of consumers. In addition, we must effectively combat illegal trade to prevent loss of state revenue.

In doing so, he urged the members of the Steering Committee, as well as the special members of the Illegal Trade Eradication Committee in the regions and states, employees and the public to participate in the activities. They need to cooperate for the sustainability of MSMEs' manufacturing activities, the safety of consumers and the prevention of loss of state funds. In doing so, the Steering Committee and its members to work together with the special teams in the regions and states to make further progress in arresting and combating illegal trade that does not benefit the state and the people, and to work together to eliminate it completely.

Then, U Min Min, Secretary of the Illegal Trade Eradication Steering Committee and Deputy Minister of Commerce, presented the progress made on the decisions of the Steering Committee Meeting (5/2024) and the activities of the Steering Committee.

Then, Director General U Aung Thwin Oo, Head of the Steering Committee Office Task Force, U Han Win Aung, Director General of the Central Equipment Statistics and Inspection Department, U Myint Thura, Director General of the Department of Trade, and Professor Dr Ye Myint, Director General of the Food and Drug Administration, read out the orders submitted to the Steering Committee's Work Coordination Meeting (1/2025) on Combating Illicit Trade.

Next, the members of the Steering Committee, Union Ministers U Win Shein, Lt. Gen. Tun Tun Naung, U Tun Ohn, Chairman of the Revenue Appellate Tribunal, members of the Nay Pyi Taw Council, Chairmen of the Region and State Special Committees on Eradicating Illicit Trade, and officials, discussed and presented the findings of the analysis on illegal trade, the seizure of illegal controlled chemicals, drugs, timber, vehicles, fuel, food, medicine, and cosmetics, the actions being taken in accordance with the law on these seizures, prevention and control issues, the comparison of exports and imports, the flow of goods at the trade posts, and the trade situation with neighboring countries.

Then, the Chairman of the Illegal Trade Eradication Steering Committee, the Vice Chairman of the State Administration Council, the Deputy Prime Minister, coordinated the discussions and made concluding remarks, and the meeting was adjourned.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က ၂၀၂၅ ဘဏ္ဍာနှစ်တွင် THAAD ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ၁၂ စင်း ဝယ်ယူသွားမည်



အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန(DoD)သည် ၂၀၂၅ ဘဏ္ဍာနှစ်တွင် THAAD ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ၁၂ စင်း ဝယ်ယူသွားမည်ဖြစ်ပြီး ဝယ်ယူရန်အတွက် ရန်ပုံငွေများ သီးသန့်ခွဲဝေထားပြီး ခေတ်နောက်ကျကျန်ခဲ့မှု၊ ခံယမ်းပြတ်လပ်နိုင်မှုနှင့် စနစ်အစိတ်အပိုင်းများကို အဆင့်မြှင့်တင်ခြင်းစသည်တို့ကိုဆက်လက်ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

THAAD စနစ်သည် တာတိုပစ်ပဲ့ထိန်းဒုံးကျည်များ (SRBMs)၊ တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်များ(MRBMs)နှင့် အကန့်အသတ်ဖြင့်သာ ထုတ်လုပ်ထားကြသော တာလတ်(လွန်)ပစ် ပဲ့ထိန်းဒုံးကျည်များ အပါအဝင် ခြိမ်းခြောက်မှုများစွာကိုတုံ့ပြန်တိုက်ပွဲဝင်နိုင်ရန် ပြင်ဆင်ထားသည်။

THAAD ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်စနစ်သည် လေထုအတွင်းနှင့် လေထုအပြင်ဘက်ရှိ ဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက် ဖျက်ဆီးနိုင်သော အဆင့်မြင့် Hit-to-Kill နည်းပညာကို အသုံးပြုခြင်းဖြင့် ပဲ့ထိန်းဒုံးကျည်များကို ကာကွယ်နိုင်စွမ်းရှိပြီး အမေရိကန်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေး မဟာဗျူဟာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း သိရသည်။

THAAD ဒုံးကျည်သုံးတပ်ခွဲ တစ်ခွဲစာတွင် ဒုံးပစ်လောင်ချာယာဉ်များ၊ ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များ၊ ခေတ်မီဆန်းပြားသော AN/TPY-2 ရေဒါစနစ်နှင့်ပစ်ခတ်မှုထိန်းကျောင်းရေး၊ ဆက်သွယ်ရေးစနစ်တို့အပါအဝင် အဓိကကျသော စနစ်အစိတ်အပိုင်းများစွာ ပါဝင်သည်။ ပုံမှန် THAAD ဒုံးကျည်စနစ်သုံး တပ်ခွဲတစ်ခွဲတွင် လောင်ချာယာဉ် ခြောက်စီးပါရှိပြီး တစ်စီးစီတွင် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ရှစ်စင်း တပ်ဆင်ထားသည်။ ဒုံးကျည်ပျံသန်းမှု Terminal အဆင့်အတွင်း ပစ်မှတ်များကို ခြေရာခံထိန်းကျောင်း၍ တိုက်ပွဲဝင်နိုင်ရန်လိုအပ်သော ရေဒါနှင့် ဆက်သွယ်ရေးအခြေခံ အဆောက်အအုံများ ပါဝင်ဖွဲ့စည်းထားသည်။

THAAD စနစ်၏ ကမ္ဘာလုံးဆိုင်ရာ ဖြန့်ကြက်အသုံးပြုနိုင်မှုသည် အဆင့်မြင့် ကြားဖြတ်တိုက်ခိုက်ရေးနည်းပညာဖြင့် ပေါင်းစပ်ထားသောကြောင့် အမေရိကန်နှင့် မဟာမိတ်များအတွက် ရန်ဘက်နိုင်ငံများမှ ဖြစ်ပေါ်လာနိုင်သော ခေတ်မီပဲ့ထိန်းဒုံးကျည်ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် မရှိမဖြစ်အရာတစ်ခုဖြစ်လာစေခဲ့သည်။

အမေရိကန်တပ်မတော်၏ ကမ္ဘာလုံးဆိုင်ရာ လေကြောင်းရန်ကာကွယ်ရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် THAAD လက်နက်စနစ်၏ အရေးပါမှုကို တွေ့မြင်နေရဆဲဖြစ်သည်။ ပဲ့ထိန်းဒုံးကျည်နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ဒုံးကျည်များ၏ အကွာအဝေးနှင့် Payload တင်ဆောင်နိုင်မှုများ တိုးမြင့်လာကာ အမေရိကန်စစ်ဘက်၏ စစ်ရေးစွမ်းအားစုများနှင့် အရပ်သားများအတွက် ကြီးမားသောအန္တရာယ်များ ရှိနေကြောင်း သိရသည်။

အမြင့်နှင့်အကွာအဝေးမျိုးစုံမှဝင်ရောက်လာနိုင်သည့် ဒုံးကျည်ခြိမ်းခြောက်မှုများကို တိုက်ပွဲဝင်နိုင်သည့် THAAD ကဲ့သို့သော ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခု ပိုင်ဆိုင်ထားခြင်းသည် အဆိုပါ ပြောင်းလဲလာသောခြိမ်းခြောက်မှုများကို တိုက်ခိုက်ချေမှုန်းရန် အရေးကြီးလှပေသည်။ သို့ဖြစ်ပါ၍ ၂၀၂၅ ဘဏ္ဍာနှစ် ရန်ပုံငွေတောင်းခံမှုတွင် THAAD လက်နက်စနစ်သည် ဒုံးကျည်ကာကွယ်ရေးစွမ်းရည်၏ ရှေ့တန်းကျကျတွင်ရှိနေကြောင်း သေချာစေသည်။ ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ၁၂ စင်း ဝယ်ယူခြင်းသည် တိုက်ပွဲဝင်အသင့်ဖြစ်မှုကို အာမခံချက်ပေးနိုင်စေမည်ဖြစ်သည်။ ထို့ပြင် ဘတ်ဂျက်တွင် ဒုံးကျည်စွမ်းရည်များတိုးတက်ဖွံ့ဖြိုးလာမှုနှင့် အရှိန်အဟုန်ဖြင့် အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်စေရန်၊ လက်နက်စနစ်၏ တိုက်ပွဲလုပ်ငန်းလည်ပတ်မှုသက်တမ်းကို တိုးမြှင့်နိုင်စေရန်တို့အတွက် ကြားဖြတ်တိုက်ခိုက်ရေးဆိုင်ရာနည်းပညာများတွင် ခေတ်မီအဆင့်မြင့် စနစ်များထည့်သွင်းအသုံးပြုသွားနိုင်ရေးလည်း ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

**Flash News: US to Increase Air Defense Capabilities with Acquisition of 12 THAAD Interceptors in 2025 ကို ဘာသာပြန်ဆိုထားပါသည်။**

## Baykar ကုမ္ပဏီက AI နည်းပညာသုံး တာဘိုအင်ဂျင်တပ်ဆင်ထားသည့် Bayraktar TB2T-AI ဒရုန်းကို စမ်းသပ်ခဲ့

တူကီယဲနိုင်ငံ Baykar ကုမ္ပဏီသည် အဆင့်မြင့် ဉာဏ်ရည်တုနည်းပညာသုံး တာဘိုအင်ဂျင်တပ်ဆင်ထားသော (TB2 ၏ ပြန်လည်ရှင်သန်ထမြောက်မှု ဗားရှင်းဟု တင်စားအမည်ပေးထားသည့်) Bayraktar TB2T-AI ဒရုန်းကို စမ်းသပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဗားရှင်းသစ်သည် ရှုပ်ထွေးနက်နဲသော ရည်မှန်းချက်တာဝန်များ ထမ်းဆောင်ရာတွင် အလိုအလျောက် ပျံသန်းတိုက်ပွဲဝင် လုပ်ဆောင်နိုင်စွမ်း မြင့်မားကောင်းမွန်စွာဖြင့် ပျံသန်းလုပ်ဆောင်နိုင်မှု စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

တာဘိုအင်ဂျင်အသစ်သည် ဒရုန်းကို မိနစ် ၃၀ အတွင်း အမြင့်ပေ ၃၀၀၀၀ ကျော် ရောက်ရှိပျံသန်းနိုင်စေကာ ယခင် TB2 ဒရုန်း၏ အမြင့်ပျံသန်းနိုင်မှု ပေ ၂၂၀၀၀ ကိုကျော်လွန်၍ ပျံသန်းနိုင်စွမ်းရှိမည်လည်းဖြစ်သည်။ အလျင်နှုန်းပိုင်းတွင်လည်း ယခင်က အများဆုံးအလျင်နှုန်း တစ်နာရီလျှင် ၁၃၇ မိုင်ရှိပြီး ယခုဗားရှင်းသစ်တွင် တစ်နာရီလျှင် ၁၈၆ မိုင်ထိ ပျံသန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် လေထဲပျံတက်နိုင်သည့် အလေးချိန်နှင့် Payload တင်ဆောင်နိုင်စွမ်းပါ တိုးမြှင့်ပေးထားပြီး ရည်မှန်းချက်တာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် TB2T-AI ဒရုန်းဗားရှင်းသစ်သည် အလိုအလျောက်လုပ်ဆောင်နိုင်မှုစွမ်းရည် မြှင့်တင်ရန် အဆင့်မြင့် AI ကွန်ပျူတာ သုံးလုံးကို အသုံးပြုထားသည်။

သို့ဖြစ်၍ AI နည်းပညာဖြင့်ပစ်မှတ်များကို စိစစ်ခွဲခြားသိရှိနိုင်ပြီး ခြေရာခံထိန်းကျောင်းရန်၊ မတူညီသောမြေမျက်နှာသွင်ပြင်အနေအထားများကို ခွဲခြားသိမှတ်ထားရန်၊ အချိန်နှင့်တစ်ပြေးညီ ပျံသန်းမှုလမ်းကြောင်းများကို အကောင်းမွန်ဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ရန်၊ အလိုအလျောက် ပျံသန်းဆင်းသက်ခြင်းများ အပြည့်အဝ လုပ်ဆောင်နိုင်စေလိမ့်မည်ဖြစ်သည်။ ထို့ပြင် AI ပံ့ပိုးပေးထားသော ဒရုန်းများသည် မြေပြင်အခြေစိုက်စခန်းသို့ အလိုအလျောက် ပြန်လည်ဆင်းသက်နိုင်စေမည်ဖြစ်သည်။



တူကီယဲနိုင်ငံတွင် ပြည်တွင်းစစ်ဆင်ရေးများအတွက် Bayraktar TB2 ဖြန့်ကြက်အသုံးပြုနေသကဲ့သို့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးမစ်ရှင်များတွင်လည်း အသုံးပြုလျက်ရှိကြသည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားမှလည်း Bayraktar TB2 ကို ဝယ်ယူအသုံးပြုနေကြသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ခရိုအေးရှားနိုင်ငံသည် Bayraktar TB2 ဒရုန်း ခြောက်စင်းကို အမေရိကန်ဒေါ်လာ ၉၅ သန်းဖြင့်ဝယ်ယူရန် တူကီယဲနိုင်ငံနှင့် စာချုပ်ချုပ်ဆိုခဲ့သည်။ ထိုနှစ်အစောပိုင်း မေလတွင် ပိုလန်နိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ချုပ်ဆိုခဲ့သော အမေရိကန်ဒေါ်လာသန်း ၂၇၀ တန် ဝယ်ယူရေးသဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် TB2 ဒရုန်းများကို နောက်ဆုံးအသုတ်အနေဖြင့် လက်ခံရရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် လစ်သူရေးနီးယားနိုင်ငံသည် ယူကရိန်းတပ်ဖွဲ့များကို ထောက်ပံ့ပေးနိုင်ရန်အတွက် ယူရိုငါးသန်း တန်ဖိုးရှိ Bayraktar TB2 ဒရုန်းများဝယ်ယူနိုင်ရေး၊ ရန်ပုံငွေရှာဖွေရေးလှုပ်ရှားမှုများ စတင်လုပ်ဆောင်ခဲ့ကြသည်။ ယူကရိန်းပဋိပက္ခအပြင် Bayraktar TB2 ဒရုန်းသည် လစ်ဗျား၊ မာလီ၊ ဘာကီနာဖာဆိုနှင့် နာဂေါနို-ကာရာဘတ်တို့ကဲ့သို့သော ပဋိပက္ခများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း သိရသည်။

**Baykar Tests TB2 Drone Equipped With AI Features, Turbo Engine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ဖိတ်ကြားထားသည့်ဌာနဆိုင်ရာအကြီးအကဲများနှင့်အရာထမ်းများ၊ အသင်းအဖွဲ့များ၊ ဘဏ်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် နည်းပညာကုမ္ပဏီများမှ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်ငွေပေးချေမှုစနစ်၏ အောင်မြင်မှုမှတ်တိုင်တစ်ခုအဖြစ် မြန်မာနိုင်ငံအမျိုးသား စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားသည့် **“လျင်မြန်လွယ်ကူစွာ ငွေပေးချေနိုင်သည့် နိုင်ငံတော်အဆင့် ကြူအာကုတ်စနစ်၊မြန်မာကြူအာ(MMQR)”** ကို နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ အများပြည်သူများအနေဖြင့် ယနေ့မှစတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ပထမဦးစွာ အသိပေးပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံ၏ ငွေပေးချေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ ငွေပေးချေမှုစနစ်ကို ခေတ်နှင့်အညီ တိုးတက်လာရန်၊ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ အများပြည်သူ၏ နေ့စဉ်လူမှုဘဝတွင် ငွေလွှဲပြောင်းပေးချေမှုများကို လုံခြုံစိတ်ချစွာဖြင့် လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရန်၊ ငွေရေးကြေးရေးစနစ်တွင် ပြည်သူများအားလုံး အလုံးစုံပါဝင်လာနိုင်ရေးကိုမြှင့်တင်နိုင်ရန်၊ နိုင်ငံအတွင်းငွေသားကိုင်တွယ်သုံးစွဲမှုလျှော့ချနိုင်ပြီး ဒစ်ဂျစ်တယ်ပေးချေမှုများကို တိုးမြှင့်သုံးစွဲနိုင်ရန်၊နိုင်ငံ၏ကုန်သွယ်မှု၊ရင်းနှီးမြှုပ်နှံမှု၊ခရီးသွားလုပ်ငန်းနှင့်ပြည်ပငွေလွှဲဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်စသည်တို့အတွက် ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေမည့် လုပ်ငန်းစဉ်များကို အစဉ်တစိုက်ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်း အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

မြန်မာနိုင်ငံ၏ ငွေပေးချေမှုစနစ်ဖွံ့ဖြိုးတိုးတက်လာမှုကိုပြောရမည်ဆိုပါက အခြေခံအဆောက်အအုံ တည်ဆောက်မှုနှင့် ပတ်သက်ပြီး ၂၀၁၁ ခုနှစ်တွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များပါဝင်သည့် မြန်မာငွေပေးချေမှုအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ထို့နောက် ငွေသားကိုင်တွယ်ရန်မလိုဘဲ ကတ်ဖြင့် အဆင်ပြေချောမွေ့စွာ ပေးချေနိုင်ရေးအတွက် ပြည်တွင်းဘဏ်များက ထုတ်ဝေသည့် မြီစားကတ်၊ အကြွေးဝယ်ကတ်များအပြင် အပြည်ပြည်ဆိုင်ရာငွေပေးချေမှုကတ်များကိုပါ စနစ်တကျသုံးစွဲလာနိုင်သည်ကို တွေ့ရကြောင်း၊ ၂၀၁၆ခုနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအကြား ငွေပေးချေမှုကွန်ရက်စနစ်ကို တည်ထောင်ခဲ့ပြီး ငွေပမာဏကြီးမားသည့်အခွန်ပေးဆောင်မှုများကို ပြည်တွင်းဘဏ်များကတစ်ဆင့် ပေးချေနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရကြောင်း။

ပြည်တွင်း၌ မိုဘိုင်းသုံးစွဲမှုတိုးတက်လာသည်နှင့်အမျှ ဘဏ်လုပ်ငန်းဝန်ဆောင်မှုမရရှိသေးသည့်ဒေသက ပြည်သူများအနေဖြင့်လည်း ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများကိုရရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း ဒစ်ဂျစ်တယ်ပေးချေမှုနည်းလမ်းများကို အခြေခံလူတန်းစားများအထိကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း၊ မိုဘိုင်းပေးလုပ်ငန်း၊ရောင်းချသူကိုယ်စားငွေကောက်ခံရှင်းလင်းပေးသည့်ဝန်ဆောင်မှုလုပ်ငန်းများကိုဥပဒေ၊စည်းမျဉ်းများ၊ညွှန်ကြားချက်များ၊ အမိန့်များ ထုတ်ပြန်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မီတာခ၊ အခွန်အခများ၊ အစိုးရဝန်ထမ်းလစာများ၊ အာမခံကြေးကောက်ခံမှုများ၊အသေးစားချေးငွေထုတ်ချေးခြင်းနှင့် ကောက်ခံခြင်းများစသည့် အစိုးရငွေပေးချေမှုများသာမက အသေးစားငွေပေးချေမှုများအတွက်လည်း စနစ်တကျခွင့်ပြုပေးထားသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားငွေပေးချေမှုစနစ် မဟာဗျူဟာ၏ ရည်ရွယ်ချက်များနှင့်အညီ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးပြီး ဘဏ်များအကြား ကွဲပြားသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှု ပေးသူများအကြား မြန်မြန်ဆန်ဆန် ချိတ်ဆက်ဆောင်ရွက်နိုင်

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

မည့်စနစ်တစ်ခုလိုအပ်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ကြူအာကုတ်ကို မြန်မာနိုင်ငံ အမျိုးသား စံသတ်မှတ်ချက်အဆင့်အသုံးပြုပြီး အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်သည့် မြန်မာကြူအာ(MMQR)စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံအတွင်း၌ မတူညီသည့်ငွေပေးချေမှုစနစ်များ၏ ကြူအာကုတ်အမျိုးမျိုးကို ချိတ်ဆက်ပြီး ငွေပေးချေမှုများပိုမိုအဆင်ပြေသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ နေ့စဉ်ဘဝတွင် အသုံးပြုမှုများသည့် လက်လီငွေလွှဲပြောင်းပေးချေမှုများကို စရိတ်သက်သက်သာသာဖြင့် လွယ်ကူမြန်ဆန်စွာ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ထို့ကြောင့် မြန်မာကြူအာ(MMQR)ကနေတစ်ဆင့် ငွေလွှဲပြောင်းပေးချေမှုများ ပြုလုပ်နိုင်ပုံအဆင့်ဆင့်ကိုလည်း သုံးစွဲသူပြည်သူများ ရှင်းရှင်းလင်းလင်းနားလည်အသုံးပြုနိုင်အောင် အသိပညာပေးသွားရန်လိုအပ်ကြောင်း။

**မြန်မာကြူအာ(MMQR)ကိုအသုံးပြုခြင်းအားဖြင့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအသုံးပြုနိုင်ခြင်း မရှိသေးသူများသာမက ရှိပြီးသားသူများကိုပါ ငွေရေးကြေးရေးစနစ်တွင် ပိုမိုပါဝင်လာနိုင်ပြီး ငွေကြေးဝန်ဆောင်မှုများကို ရယူနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ ငွေသားကိုင်တွယ်သုံးစွဲမှုကို လျှော့ချနိုင်မည်လည်းဖြစ်ကြောင်း၊ ထို့ပြင် မတူညီသည့်ဘဏ်စာရင်းများ၊မတူညီသည့် ဒစ်ဂျစ်တယ်မိုဘိုင်းပိုက်ဆံအိတ်များ၊မတူညီသည့်ပေးချေမှုစနစ်များကို ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ကုန်သည်များနှင့်အသုံးပြုသူများအကြား ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာများတွင် လျင်မြန်လွယ်ကူပြီးရှုပ်ထွေးမှုများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း။

မြန်မာကြူအာ(MMQR)အသုံးပြုပြီး ငွေပေးချေမှုနှင့် အစိုးရကို အခွန်အခ၊ မီတာခ ပေးဆောင်ခြင်း၊ ခရီးသွားလုပ်ငန်း၊ နိုင်ငံ့ဝန်ထမ်းများလစာပေးခြင်း၊ ပင်စင်ထုတ်ပေးခြင်း၊အသေးစားစီးပွားရေးလုပ်ငန်း၊စက်သုံးဆီအရောင်းဆိုင်၊ ပုဂ္ဂလိကဆေးရုံများ၊ ကျောင်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်းအစရှိသည့်စီးပွားရေးလုပ်ငန်း စုံစုံလင်လင်တွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကဏ္ဍစုံကစီးပွားရေးလုပ်ငန်းများ စုံစုံလင်လင်ပါဝင်လာနိုင်မည်ဖြစ်သည့်အတွက် လွယ်ကူထိရောက်မြန်ဆန်ပြီး စွမ်းဆောင်ရည်ပြည့်သည့်ငွေပေးချေမှုစနစ်တစ်ရပ်ကို ဖော်ဆောင်နိုင်မည်ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံတော်အဆင့်စံနှုန်းတစ်ခုဖြစ်သည့် မြန်မာကြူအာ(MMQR)ကို ယခုကဲ့သို့ တည်ထောင်နိုင်သည့်အတွက် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရသည့် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများနှင့် ငွေလွှဲပြောင်းပေးပို့မှုများကို အဆင်ပြေချောမွေ့ပြီး လုံခြုံစိတ်ချစွာဖြင့် အခြားနိုင်ငံများနည်းတူ ရင်ပေါင်တန်း ဆောင်ရွက်လာနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဒစ်ဂျစ်တယ်စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးလာရန်အတွက် တွန်းအားပေးသည့်စနစ်တစ်ခုလည်းဖြစ်ကြောင်း၊ နည်းပညာတိုးတက်လာသည်နှင့်အတူ ယခုကဲ့သို့စနစ်တကျ အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ တစ်ဖက်တွင်လည်း အွန်လိုင်းလိမ်လည်မှုများမဖြစ်အောင် စနစ်တကျစောင့်ကြည့်ထိန်းကျောင်း ကြီးကြပ်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ငွေပေးချေမှုစနစ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစနစ်တစ်ခုဖြစ်သည့် မြန်မာကြူအာ(MMQR) ဒစ်ဂျစ်တယ်ငွေပေးချေမှု ချိတ်ဆက်စနစ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှုနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုတို့ကြောင့် အောင်အောင်မြင်မြင်နှင့် စတင်အသုံးပြုနိုင်ခဲ့ခြင်းအပေါ် များစွာ ဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် ဆက်လက်၍ **ငွေပေးချေမှုစနစ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍ ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQRနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ဖွံ့ဖြိုးတိုးတက်လာပုံအဆင့်ဆင့်၊ MMQR ၏လုပ်ငန်းစဉ်အဆင့်ဆင့်နှင့်အကျိုးကျေးဇူးများကို တင်ဆက်ထားသည့်မှတ်တမ်းဗီဒီယိုကိုကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်း အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် MMQR အသုံးပြုပေးချေမှုများကို စိတ်ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် MMQR အသုံးပြုပေးချေမှုများကို စိတ်ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

**မြန်မာကြူအာ(MMQR)ကိုအသုံးပြုခြင်းအားဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု အသုံးပြုနိုင်ခြင်း မရှိသေးသူများသာမက ရှိပြီးသားသူများကိုပါ ငွေရေးကြေးရေးစနစ်တွင် ပိုမိုပါဝင်လာနိုင်ပြီး ငွေကြေးဝန်ဆောင်မှုများကိုရယူနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ် . . .**

**ငွေပေးချေမှုစနစ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍ ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် MMQR အသုံးပြုပေးချေမှုများကို စိတ်ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် ငွေပေးချေမှုအတွက် National QR Standard ဖြစ်သည့် MMQRနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

☆ **ကျောဖုံးမှအဆက်**

တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန် ဦးဆောင်ကော်မတီ ဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပလာခဲ့သည်မှာ အခုအခါ ၁၈ ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး ၁၇ ကြိမ်ထိ ဆုံးဖြတ်ချက် ၅၈၉ ချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလထိ သုံးနှစ်နှင့် တစ်လတာကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၁၉၀၀၀ ကျော်ရှိပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈ ဘီလီယံကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ သို့သော် အိမ်နီးချင်းကုန်သွယ်ဖက်နိုင်ငံများနှင့် နှစ်နိုင်ငံကုန်သွယ်မှုကွာခြားချက်စာရင်းများကို နှိုင်းယှဉ်ရာတွင် ဖမ်းဆီးရမိမှုပမာဏသည် လွန်စွာလျော့နည်းနေသေးသည်ကို တွေ့ရှိရသည့်အတွက် ပိုမိုတိုးတက်ဖမ်းဆီးနိုင်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် မိမိတို့နယ်မြေအတွင်းတွင်ရှိသည့် လမ်းကြောင်းအသီးသီး၏အခြေအနေအသေးစိတ်ကို သိရှိပြီးဖြစ်ကြောင်း၊ အဆိုပါလမ်းကြောင်းများတွင် ပုံမှန်ဖမ်းဆီးမှုများဆောင်ရွက်သကဲ့သို့ ရှောင်တခင်စစ်ဆေးတားဆီးဖမ်းဆီးခြင်းများကို နေ့၊ ညမပြတ်ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး စနစ်တကျဆောင်ရွက်ပါက ဖမ်းဆီးရရှိမှု ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ထို့ပြင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များသို့ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားရာတွင်လည်း **“လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရာ၌ ဖမ်းဆီးရမိသူများအပြင် ပါဝင်ပတ်သက်နေသည့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများကိုလည်း အဆင့်ဆင့် စိစစ်ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း၊ တရားမဝင် မော်တော်ဆိုင်ကယ်များကိုလည်း စိစစ်ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းသည် နိုင်ငံတော်အတွက်လည်း များစွာထိခိုက်စေနိုင်သဖြင့် ထိထိရောက်ရောက် ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်သွားရန်”** လမ်းညွှန်မှာကြားထားပြီးဖြစ်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များက အထူးအလေးထားလိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယခုအစည်းအဝေး ကျင်းပသည့်ကာလဖြစ်သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ဖမ်းဆီးရရှိမှုများတွင် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် စစ်ကိုင်းတိုင်းဒေသကြီးက အများဆုံး၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့်ရန်ကုန်တိုင်းဒေသကြီးက တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင်မော်တော်ယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများက ဒုတိယအများဆုံးနှင့် တတိယအများဆုံးက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း။

၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း ဖမ်းဆီးရမိမှုများကိုကြည့်ပါက ဒီဇင်ဘာလတွင် ငွေကျပ် ၄၄ ဒသမ ၁၈၃ ဘီလီယံနှင့် အများဆုံးဖမ်းဆီးရမိခဲ့သည်ကို တွေ့ရပြီး နှစ်အလိုက် ဖမ်းဆီးရမိမှုများကို နှိုင်းယှဉ်ကြည့်ပါက ၂၀၂၂ ခုနှစ်တွင် ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် ၆၅ ဘီလီယံ၊၂၀၂၃ ခုနှစ်တွင် ငွေကျပ် ၁၃၅ ဘီလီယံကျော်တိုးတက်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ငွေကျပ် ၂၂၃ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ထိုသို့ဖမ်းဆီးနိုင်ခဲ့ခြင်းသည် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး၏ ကြိုးစားအားထုတ်မှုဖြစ်သည့်အတွက် အသိအမှတ်ပြုပါကြောင်း၊သို့သော် မိမိတို့အိမ်နီးချင်းနိုင်ငံ၏ ကုန်သွယ်မှုပို့ကုန်၊ သွင်းကုန်ခြားနားချက်များကို ကြည့်မည်ဆိုပါက များစွာဖမ်းဆီးရန် လိုအပ်နေသေးကြောင်း၊ ပို့ကုန်၊သွင်းကုန်တန်ဖိုးနှင့်ညီမျှသည့် ဖမ်းဆီးရမိမှုရှိစေရန်အတွက် သက်ဆိုင်ရာဝန်ထမ်းများက ယခုထက် ပိုမိုထိရောက်သည့်ဖမ်းဆီးမှုများ၊ တိကျသည့်အရေးယူမှုများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် ကိန်းဂဏန်းများကို သိရှိရန်လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ် တစ်နှစ်လုံးတွင် တစ်ကမ္ဘာလုံး၏ GDP ခန့်မှန်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀၅ ထရီလီယံရှိသည့်အနက် တရားမဝင်ကူးသန်းရောင်းဝယ်မှုနှင့်ငွေကြေးခဝါချမှုများက အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံ အများဆုံး ဆုံးရှုံးမှုဖြစ်သည်ကို ထုတ်ပြန်ထားရှိကြောင်း၊နိုင်ငံဖြတ်ကျော်မှုခင်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံ၊ လာဘ်ပေးလာဘ်ယူမှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ တစ် ထရီလီယံ၊မူးယစ်ဆေးဝါးကူးသန်းမှုတွင် အမေရိကန်ဒေါ်လာဘီလီယံ ၅၀၀ ကျော်၊ အတုပြုလုပ်မှုနှင့် ခိုးကူးမှုများတွင် အမေရိကန်ဒေါ်လာဘီလီယံ ၅၀၀၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုများတွင် အမေရိကန်ဒေါ်လာ ၂၅၈ ဘီလီယံ၊ လူကုန်ကူးမှုများတွင် အမေရိကန်ဒေါ်လာဘီလီယံ ၁၅၀တို့ဖြစ်သည်ကို ဖော်ပြထားချက်များအရ တွေ့ရှိရကြောင်း။

တရားမဝင် ကုန်သွယ်မှုများသည် အကျင့်ပျက်ခြစားမှု၊ အကြမ်းဖက်မှု၊ ရာဇဝတ်မှုကျူးလွန်မှုနှင့် အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့မှုများကြောင့်လည်း မတည်မငြိမ်ဖြစ်မှုများအပါအဝင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အားနည်းချက်များ ဖြစ်ပေါ်စေကြောင်းကို တွေ့ရှိရကြောင်း၊ ဥပမာအားဖြင့် နယ်စပ်များတွင် လက်ရှိဖြစ်ပေါ်နေသည့်အွန်လိုင်းလိမ်လည်မှု (Telecom Fraud) ကိစ္စများနှင့်ဆက်နွယ်၍ လောင်းကစားမှုများ၊လူကုန်ကူးမှုများ၊ရာဇဝတ်မှုများ၊ လက်နက်ကိုင်ဆောင်၍ ပစ်ခတ်မှုစသည်များသည် လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေသည့်အတွက် သတိပြုရမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ယခုထက် ပိုမိုပြတ်ပြတ်သားသား ဆောင်ရွက်ရန်လိုအပ်သည်ကို မီးမောင်းထိုးပြနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်စီးပွားရေး၏ဆိုးကျိုးများအနေဖြင့် ဒီမိုကရေစီကိုပျက်ပြားစေခြင်း၊ တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေခြင်း၊ နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို များစွာထိခိုက်စေသည်ကို တွေ့ရှိရကြောင်း၊ ယင်းနှင့်ဆက်စပ်၍ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးမှုများကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ယခုထက်ပိုမိုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ၏ ပထဝီအနေအထားအရ ရှည်လျားသည့် နယ်စပ်မျဉ်းတစ်လျှောက်တွင်ရှိသည့် တရားမဝင် ဝင်ထွက်ပေါက်များကို ထိန်းချုပ်ရန် ခက်ခဲကြောင်း၊ အလားတူ တရားမဝင် မှောင်ခိုရှောင်ကွင်းလမ်းများမှ ဝင်ရောက်လာမှုများလည်းရှိကြောင်း၊ ယင်းတို့ကိုပိတ်ဆို့ရန်မှာ အခက်အခဲများစွာရှိကြောင်း၊ သို့သော်ရှည်လျားသည့်နယ်စပ်တစ်လျှောက်မှ ဝင်ပေါက်များကို ထိန်းချုပ်နိုင်သည့်အဓိကကျသောလမ်းကြောင်း၊ နေရာများရှိကြောင်း၊ အဆိုပါနေရာများတွင် တာဝန်ကျနေသည့် ဝန်ထမ်းများ၏ သစ္စာရှိမှု၊ရိုးသားမှု၊ကိုယ်ချင်းစာမှုနှင့်နိုင်ငံ၏စီးပွားရေးကိုအထောက်အကူပြုမည်ဆိုသည့်စိတ်ဓာတ်ဖြင့် ဆောင်ရွက်မည်ဆိုပါက မည်သို့ပင်တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်ပါစေ ယခုထက်ပိုမိုဖမ်းဆီးဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ တရားမဝင်ကုန်ပစ္စည်းများအား နယ်စပ်ဂိတ်များမှတစ်ဆင့် တင်ပို့ခြင်းအပြင် နယ်စပ်ဂိတ်များအနီးရှိ ဂိုဒေါင်များတွင် သိမ်းဆည်း၍ ဖြန့်ချိခြင်းများလည်းရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖော်ထုတ်ဖမ်းဆီး၍ အရေးယူရန် လိုအပ်ကြောင်း။

တရားမဝင် ဝင်ရောက်နေသည့် ကုန်စည်များကြောင့် နိုင်ငံ၏အမျိုးသားကျန်းမာရေး၊စီးပွားရေးနှင့်လူငယ်များ၏အနာဂတ်ရှင်သန်တိုးတက်ရေးများကို အထူးခြိမ်းခြောက်လျက်ရှိကြောင်း၊ တရားမဝင်တင်ပို့သူများသည် နိုင်ငံ၏သယံဇာတများကို ခိုးထုတ်ခြင်း၊တင်သွင်းခြင်းတို့ကြောင့် ဂေဟစနစ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံ၏စီးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် MSMEs လုပ်ငန်းကို ပြည်တွင်းလုပ်ငန်းရှင်များက အားသွန်ခွန်စိုက်ဆောင်ရွက်နေကြောင်း၊ထိုသို့ဆောင်ရွက်နေသည့်အချိန်တွင် တရားမဝင်ကုန်ပစ္စည်းများ၊တရားမဝင်တင်သွင်းလာသည့်ကုန်ကြမ်းများ၊ အရည်အသွေးမကောင်းသည့်ပစ္စည်းများတင်သွင်း၍ ဈေးကွက်ယှဉ်ပြိုင်လာပါက မိမိတို့ပြည်တွင်းလုပ်ငန်းရှင်များအားလုံးအနေဖြင့် မည်သို့မျှ ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုသကဲ့သို့ MSMEs တိုင်းရင်းသားလုပ်ငန်းရှင်များအတွက်လည်း အထောက်အကူပြုနိုင်မည်ကို သိရှိနားလည်ပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို တိုးမြှင့်ဆောင်ရွက်ကြစေလိုကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် မှောင်ခိုပစ္စည်းဖမ်းဆီးတားဆီးခြင်းထက် ပိုမိုကျယ်ပြန့်သည်ကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်ရှိကြသည့်တာဝန်ရှိသူများကသိရှိပြီး မိမိတို့၏ဝန်ထမ်းများကို ဦးဆောင်စည်းရုံး၍ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခွန်အကောက်သည် အဓိကအခန်းကဏ္ဍက ပါဝင်သည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တတ်နိုင်သည့် အခန်းကဏ္ဍက ပါဝင်နိုင်ရေးအတွက် အခွန်အခများကို ပြည့်ပြည့်ဝဝပေးဆောင်ပြီး မှန်မှန်ကန်ကန် ကုန်သွယ်မှုပြုလုပ်ကြရန်လိုကြောင်း၊ပြည်သူများအနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှုများကို သိရှိသည့်အချိန်တွင် တာဝန်သိစိတ်နှင့် မှန်မှန်ကန်ကန် သတင်းပေးပို့နိုင်ရေး အသိပညာပေးစည်းရုံးခြင်းများကို ယခုထက်ပိုပြီးကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ကြရန်၊ ကုန်သွယ်မှုလမ်းကြောင်းများတွင် တားဆီးစစ်ဆေးခြင်း အပါအဝင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ထိထိရောက်ရောက်လုပ်ဆောင်နေခြင်းသည် မှန်မှန်ကန်ကန်ကုန်သွယ်မှုပြုလုပ်နေကြသည့် လုပ်ငန်းရှင်များ၊ နိုင်ငံအတွင်းရှိ MSMEs များကို အကာအကွယ်ပေးရေး ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းဖြင့် ပူးပေါင်းပါဝင်ပေးကြရန်စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုကို တိုက်ဖျက်ရာတွင် မှန်ကန်သည့်သတင်းရရှိမှု၊သတင်းလုံခြုံမှု၊ သတင်းပေးလူပုဂ္ဂိုလ်အတွက် လုံခြုံမှုသည် အရေးကြီးကြောင်း၊ရရှိသည့်သတင်းအချက်အလက်ကို တည်ဆောက်ပြီး လုံခြုံရေးအတွက်စုဖွဲ့ကာ တညီတညွတ်တည်း စုပေါင်းဆောင်ရွက်မှသာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ တရားမဝင်တင်ပို့မှုများကို သတင်းပေးပို့သည့်အတွက် သတင်းပေးပို့သူနှင့်ဖမ်းဆီးသည့်သူများကိုပါ ခံစားခွင့်ရှိသည့်ငွေကြေးအကျိုးအမြတ်များကို ခွဲဝေဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မှန်ကန်သည့်သတင်းပေးပို့မှုအကြိမ်အရေအတွက်တိုးတက်လာမှုအပေါ် ပြည်သူများအားလုံးထံသို့ သိရှိစေရေး နိုင်ငံပိုင်သတင်းစာ၊တီဗီနှင့် အသံလွှင့်ဌာနများ၊ ပုဂ္ဂလိကသတင်းဌာနများမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများ ယခုထက်ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊

**စာမျက်နှာ ၁၉ သို့**




**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)သို့ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့်ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာတော်၏ လုပ်ငန်းများကို ဆရာဒကာညီညာ လက်တွဲ အားခဲနိုင်းချင့် ကျွန်းနှင့်ကိုင်းမှီ ရှေ့သွားညီအောင် ရည်ရွယ်ပံ့ပိုးကြိုးစား ဆောင်ရွက်လျက်ရှိသည့်အပြင် ဒကာ့တာဝန်ကျေပွန်ကြရ၊ နုဂ္ဂဟနှစ်ဖြာ၊ ဓမ္မာပစ္စယ၊ ကုသိုလ်အဝဝကိုလည်း၊ မဆုတ်မနစ်၊ အားအသစ်သစ်တို့ဖြင့် တိုးမြှင့်လှူဒါန်းလျက်ရှိပါကြောင်း၊ ပြည်သူပြည်သားအပေါင်း သူတော်ကောင်းတို့သည် သာသနာတော်မြတ်ကြီးအတွက် စေတနာသုံးတန် ပြဋ္ဌာန်းလျက် ဆပွားထပ်ဆင့် ထောက်ပင့်ဝေဆာပူဇော်ကြမည်သာဖြစ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလ္လန္ဒာစရိယက တင်သွင်းလျှောက်ထားပြီးအဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟကလည်းကောင်း၊သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ထို့နောက် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီ၌ ဆက်လက်ကျင်းပခဲ့ပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကိုတင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသောနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ ဒေါ်ကြိုင်ကြိုင်မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်းတစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၁၄ ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ၁၄ကြိမ်မြောက်သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်၊ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ ဂီတအစည်းအရုံးဝင်များ၊ ကန်တော့ခံသက်ကြီး ဂီတပညာရှင်များနှင့် စာပေ၊ ရုပ်ရှင်၊ သဘင်မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အထွေထွေအတွင်းရေးမှူးက သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းရရှိသော အလှူငွေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူငွေများကိုပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုကလှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌက လက်ခံရယူသည်။



ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၅၅ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယနေ့တွင် အလှူရှင်များက လှူဒါန်းသည့် စုစုပေါင်းငွေကျပ် ၄၁၆၉၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ယင်းနောက် သက်ကြီးဂီတပညာရှင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ပူဇော်ကန်တော့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကန်တော့ခံသက်ကြီး ဂီတပညာရှင်များအားကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကြပြီးအခမ်းအနားသို့မတက်ရောက်နိုင်သော သက်ကြီးဂီတပညာရှင်များကို အလုပ်အမှုဆောင်များက အိမ်တိုင်ရာရောက် လိုက်လံကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် သက်ကြီးဂီတပညာရှင်များ၏ ကိုယ်စား ဂီတပညာရှင်ကြီး စည်သူ ဒေါ်တင်တင်မြက သြဝါဒစကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

စာမျက်နှာ ၁၈ မှအဆက်

ထို့ပြင် သတင်းပေးသူများ၏လုံခြုံရေးကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်တွင်ရှိကြသည့် အဖွဲ့များက သတိပြု၍ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးကြစေလိုကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက်တွင် ဖွင့်လှစ်ထားသည့်ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် လုံခြုံရေးဂိတ်များတွင် မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုများ မဖြစ်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး လိုအပ်သည့်စီမံခန့်ခွဲမှုများကို ကြိုတင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံ၏ပို့ကုန်တင်ပို့မှုမြင့်မားတိုးတက်စေရေးနှင့် MSMEs ကုန်ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီက တစ်ဖက်တစ်လမ်းမှ တရားမဝင်ပစ္စည်းများဖမ်းဆီးရေးကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလားတူ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းသည့်အတွက် အရည်အသွေးမရှိသည့် လူသုံးကုန်များ၊ ဆေးဝါးများ၊ စားသောက်ကုန်များသည် စားသုံးသူပြည်သူများ၏ ဘေးအန္တရာယ်ဖြစ်စေသည့်အတွက် စားသုံးသူများ၏ ဘေးအန္တရာယ်ကင်းရှင်းစေရေးကိုလည်း ကာကွယ်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ဘဏ္ဍာအခွန်ငွေမဆုံးရှုံးစေရေး အတွက်လည်း ထိထိရောက်ရောက်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ဦးဆောင်ကော်မတီအဖွဲ့ဝင်များအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရှိကြသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဝင်များ၊ဝန်ထမ်းများနှင့် ပြည်သူများလည်း ပါဝင်လှုပ်ရှားဆောင်ရွက်ကြစေလိုကြောင်း၊ MSMEs ကုန်ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်နိုင်ငံတော်ဘဏ္ဍာငွေမဆုံးရှုံးစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ယင်းသို့ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီနှင့်ကော်မတီဝင်များကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်တွင်ရှိသည့် အထူးအဖွဲ့များနှင့် လက်တွဲ၍ ယခုထက်ပိုမိုတိုးတက်ဖမ်းဆီးရမိစေရန်နှင့် နိုင်ငံတော်နှင့် ပြည်သူအားလုံးကို အကျိုးမပြုသည့် တရားမဝင်ကုန်သွယ်မှုကို လုံးဝကင်းစင်ပပျောက်သည်ထိ မျှော်မှန်းကာ ပူးပေါင်းပါဝင် တိုက်ဖျက်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၅/၂၀၂၄)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့်ဦးဆောင်ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီ ရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာရဲမြင့်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ တရားမဝင်ထိန်းချုပ်ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါး၊ သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ဆေးဝါးနှင့်အလှကုန်ပစ္စည်းဖမ်းဆီးရမိမှု၊အဆိုပါဖမ်းဆီးရမိမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန်နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှုနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်တော်မူသည့် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ





**ပုသိမ် ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်တော်မူသည့် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စေတီတော်မြတ်ကြီး၏ တောင်ခြေရှိ မင်္ဂလာမုခ်ဦးတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်တက်ရောက်ဖွင့်လှစ်သည်။

ဦးစွာ မြတ်မော်တင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဇာတ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က မင်္ဂလာမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များပက်ဖျန်း၍ အကအဖွဲ့များကို ချီးမြှင့်ငွေများပေးအပ်ကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး သစ်သီး၊ ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ ပန်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတအမှူးပြုသော ဆရာတော် အရှင်သူမြတ်များက မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာဆင်ယင်ကျင်းပတော်မူကြသည်။

ယင်းနောက် ဘဒ္ဒန္တဝိသုတထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များအား နာယူကြည်ညိုကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူအသီးသီးနှင့် အလှူရှင်များက ဆရာတော်၊သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး မိသားစု၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဘဒ္ဒန္တဝိသုတထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဧည့်သည်တော်များသည် အနုမောဒနာတရားများနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော်၊သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြတ်မော်တင်စွန်းစေတီတော်ကုန်းမြေ ကျောက်စီလှိုင်းကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ၊ ဆရာမများ၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားများပြောကြား၍တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စဉ်ဆက်ပညာရေးလုပ်ငန်းအဖြစ် ကျေးလက်နေ တိုင်းရင်းသားပြည်သူများကို စာပေသင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး စာသင်သားများ၏ သင်ကြားမှုများအပေါ် နားလည်သဘောပေါက်မှုများကို ဆွေးနွေးပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဟိုင်းကြီးကျွန်းမြို့အဝင် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဟိုင်းကြီးချောင်းအဝတွင်နုန်းအနည်အနှစ်များကျရောက်ခြင်းမှ ကာကွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည့် နုန်းတားကျောက်စီလှိုင်းကာ အလျားပေ ၅၅၀ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ နုန်းတားကျောက်စီလှိုင်းကာ တည်ဆောက်ပေးခြင်းအားဖြင့် ဟိုင်းကြီးချောင်းအဝတွင် အနည်ကျရောက်မှုကို တားဆီးပေးနိုင်မည့်အပြင် ဟိုင်းကြီးချောင်းအတွင်း ရေစီးရေလာပိုမိုကောင်းမွန်လာပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းစွာ ဝင်ထွက် သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ၂၀၂၄ ခုနှစ်အတွက် နှစ်ပတ်လည်စာမူဆုရရှိသူများ ကြေညာ

၂၀၂၄ ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့် သုတအလင်းမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆုရရှိသူများစာရင်းကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့က ထုတ်ပြန်လိုက်သည်။

**မြဝတီမဂ္ဂဇင်း**

၂၀၂၄ ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးကာတွန်းဆုကို ကာတွန်းစိုပြေကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ကိုကို(ရေနံ့သာ)၏ "ရေဝေးက အတွေးတစ်စ" ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)၏ "အမိနိုင်ငံအတွက် မှန်ကန်သောအတွေးအခေါ်" ကလည်းကောင်း၊ အကောင်းဆုံးရသစာတမ်းဆုကို မန်းတင့်မော်၏ "သွားကြားထိုးတံတစ်ချောင်း"ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ယဉ်ယဉ်နု(မန္တလေး)၏ "စပ်စုကြသူများ"ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို ကျော်တေဇ(ဥက္ကလာ)၏ "အမှတ်တရ မြေစာထုပ်လေး"ကလည်းကောင်း၊ ကလောင်သစ်ဝတ္ထုတိုဆုကို နေဝင်းဝင်း(လွန်ဆေး)၏ "ထင်ကောင်းကင် မြင်မြေလွှာ"ကလည်းကောင်း အသီးသီးရရှိကြသည်။

**ငွေတာရီမဂ္ဂဇင်း**

၂၀၂၄ ခုနှစ်အတွက် ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည်အကောင်းဆုံးကာတွန်းဆုကို ကာတွန်း ဦးကြယ်ကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ရွှေမြိုင်ပြုံးလဲ့မော်၏ "မြန်မာ့အမွေ ကမ္ဘာ့မြေသို့" ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို တက္ကသိုလ်စိုးစံ၏ "ပွဲ့ပြင်အလွမ်း"ကလည်းကောင်း၊ အကောင်းဆုံးရသစာတမ်းဆုကို ဥဩ(ချယ်ရီမြေ)၏ "အဆက်များ"ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ပတ္တမြားမိုး၏ "ခနိုဖက်တွေ ပြိုတဲ့ည"ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)၏ "မင်္ဂလာနံနက်ခင်းများ"ကလည်းကောင်း၊ ကလောင်သစ်ဝတ္ထုတိုဆုကို ရင့်မှူးအိမ်(စောယွန်းမြေ)၏ "ပဥ္စလက်ပြဇာတ်"ကလည်းကောင်း အသီးသီးရရှိကြသည်။

**သုတအလင်းမဂ္ဂဇင်း**

၂၀၂၄ ခုနှစ်အတွက် သုတအလင်းမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးကာတွန်းဆုကို ကာတွန်းမောင်တင်ယုကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို အေကေမင်း၏ "သိ သတိ"ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ဒေါက်တာနိုင်ဆွေဦး(သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့)၏ "မျက်မှောက်ခေတ်စစ်ပွဲများ၏ ပြောင်းလဲတိုးတက်လာသော သဘောသဘာဝများ"ကလည်းကောင်း အသီးသီးရရှိကြသည်။

ဆုရရှိသူများအနေဖြင့် မြဝတီစာပေတိုက် မြဝတီမဂ္ဂဇင်းစာတည်းအဖွဲ့ ဖုန်း- ၀၉၄၅၂၂၆၀၅၃၆၊ ငွေတာရီမဂ္ဂဇင်းစာတည်းအဖွဲ့ ဖုန်း-၀၉၆၆၂၁၃၆၈၈၊ သုတအလင်းမဂ္ဂဇင်းစာတည်းအဖွဲ့ ဖုန်း-၀၉၆၈၆၉၆၅၁၅၂ တို့သို့ ကြိုတင်ဆက်သွယ်ကြရန်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# MMQR စတင်သုံးစွဲရန်လိုအပ်သည့် အချက်အလက်များ၊ ဆောင်ရွက်မည့်အခြေအနေ၊ အသုံးပြုပုံနည်းလမ်းများနှင့် လုံခြုံစိတ်ချစွာ ငွေပေးချေနိုင်ရေးဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြား


ဒေါ်ခိုင်ရွှေဝါ


ဦးမြတ်မင်းထင်ကျော်


ဦးစိုးကိုကို


ဦးရဲမွန်မင်း


ဦးသီဟ

မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေပေးချေမှုများအတွက် National QR Standard ဖြစ်သည့် MMQR စတင်အသုံးပြုခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ MICC-1၌ကျင်းပပြီး MMQR စတင်သုံးစွဲရန် လိုအပ်သည့်အချက်အလက်များ၊ ဆောင်ရွက်မည့်အခြေအနေ၊ အသုံးပြုပုံနည်းလမ်းများနှင့် လုံခြုံစိတ်ချစွာငွေပေးချေနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ငွေရေးကြေးရေး ဈေးကွက်၊ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ရွှေဝါနှင့်တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**မေး။ MMQR ကို ဘယ်အဖွဲ့အစည်းက ဦးဆောင်ကြီးကြပ်ဆောင်ရွက်မယ်ဆိုတာသိရှိလိုပါတယ်။**

**ဖြေ။** MMQR က မြန်မာနိုင်ငံရဲ့National Standard အဖြစ် သတ်မှတ်ထားတဲ့ QR Codeနဲ့ငွေပေးချေမှုကို ထောက်ပံ့နိုင်တဲ့ Digital Payment Switch စနစ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဦးဆောင်ကြီးကြပ်ပြီး System Operator အဖြစ်PayplusCo.,Ltd. ကဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ MMQRစနစ်က ဘယ်လိုနည်းပညာ၊ စံသတ်မှတ်ချက်တွေကို အခြေခံပြီး ဆောင်ရွက်ထားပါသလဲ။**

**ဖြေ။** မြန်မာနိုင်ငံရဲ့MMQR Standardကို အာဆီယံနိုင်ငံတွေနည်းတူ EMV-Co စံသတ်မှတ်ချက်စနစ်တွေနဲ့ တစ်ပြေးညီသတ်မှတ်ထားပါတယ်။ MMQR စနစ်ဟာ ငွေလွှဲပြောင်းမှုတွေကို လျင်မြန်စွာဆောင်ရွက်နိုင်ပြီး အပြန်အလှန် ချိတ်ဆက်ပေးချေနိုင်ရေးဆောင်ရွက်ထားတဲ့အတွက် ငွေကြေးအဖွဲ့အစည်းတွေက MMQR စနစ်ကိုချိတ်ဆက်အသုံးပြုပြီး အပြန်အလှန်ပေးချေမှု ဆောင်ရွက်မှာဖြစ်ပါတယ်။

**မေး။ အခု MMQR ကို စတင်အသုံးပြုနိုင်ပြီလားဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** ပထမဦးဆုံးအနေနဲ့ MMQR အသုံးပြုပြီး ဈေးဝယ်သူက ကုန်သည်သို့(Customers to Merchant) ငွေပေးချေခြင်းကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အသုံးပြုသူအချင်းချင်း(Person to Person) ငွေလွှဲပြောင်းတာ၊Transfer ပြုလုပ်တာ၊ ရေခွန်၊ မီတာဘီလ်လိုအခွန်ပေးဆောင်မှုတွေနဲ့ အခြားသောဝန်ဆောင်မှုတွေအတွက် ပေးချေခြင်းတွေအထိ MMQR ရဲ့ဝန်ဆောင်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ဖို့ တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ MMQRက မြန်မာနိုင်ငံရဲ့ ငွေရေးကြေးရေးကဏ္ဍမှာ အလုံးစုံပါဝင်မှုတိုးတက်အောင် ဘယ်လိုကူညီပေးမှာလဲ။**

**ဖြေ။** ဒစ်ဂျစ်တယ်ငွေကြေးသုံးစွဲရာမှာ ယခင်ကဘဏ်တွေအနေနဲ့ မိမိရဲ့ဝန်ဆောင်မှုအတွင်းမှာသာ အသုံးပြုကြတဲ့အတွက် ပေးချေနိုင်တာက အကန့်အသတ်ရှိနေပါတယ်။ အခု MMQR စနစ်ဟာသီးခြားစီရှိနေတဲ့ မိုဘိုင်းငွေပေးချေမှုတွေကို အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်မှာဖြစ်လို့သုံးစွဲသူတွေအနေနဲ့ Mobile Wallet တစ်ခုရှိရုံနဲ့ ဘယ်နေရာကိုမဆို ပေးချေနိုင်မှာဖြစ်ပြီး ဒစ်ဂျစ်တယ်ငွေပေးချေခြင်း သုံးစွဲမှုများပြားလာမှာဖြစ်ပါတယ်။ ဒါ့ပြင် လက်လီဆိုင်သေးတွေ၊ ကုန်စိမ်းဈေးတွေထိပေးချေနိုင်ရေးဆောင်ရွက်ထားတဲ့အတွက် မြို့ပြကဘဏ်လုပ်ငန်းဝန်ဆောင်မှု မရရှိတဲ့ ကျေးလက်ဒေသထိ နေရာ၊ ဒေသ၊ အလွှာစုံ၊ နယ်ပယ်အစုံ၊ ဇရိယာအစုံ MMQR ကိုအသုံးပြုပြီး ယုံကြည်စိတ်ချစွာငွေပေးချေနိုင်မှာဖြစ်တဲ့အတွက် ငွေရေးကြေးရေးကဏ္ဍမှာ အလုံးစုံပါဝင်တဲ့စနစ်ကို ဖော်ဆောင်နိုင်မှာပဲဖြစ်ပါတယ်။

**မေး။ MMQR စနစ်မှာ ဘဏ်ဘယ်နှခုပါဝင်မယ်ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** MMQR ကို ကနဦးစတင်တဲ့အစီအစဉ်မှာ ပထမအဆင့်အနေနဲ့ AYA Pay၊ KBZ Pay၊ Wave Money၊ OK$၊ CB Pay၊ uabpay၊ A+Wallet၊ CTZ Pay၊ Yoma၊ Trusty၊ Zego နဲ့ Mpitesan တို့ပါဝင်မှာဖြစ်ပါတယ်။ မကြာခင်မှာ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ Mobile Wallet ဆောင်ရွက်တဲ့ဘဏ်နဲ့ငွေပေးချေမှုအဖွဲ့အစည်းတွေ အားလုံးပါဝင်လာမှာဖြစ်ပါတယ်။

**မေး။ ငွေသားသုံးစွဲမှုထက် ဒစ်ဂျစ်တယ်ပေးချေမှုကို ဘာကြောင့်တွန်းအားပေးဆောင်ရွက်သင့်တာလဲ။**

**ဖြေ။** ငွေသားကိုင်တွယ်ခြင်းက အလွယ်တကူပျောက်ဆုံးနိုင်တယ်၊ ခိုးယူခံရနိုင်တယ်၊ ပျက်စီးသွားနိုင်တယ်၊ သယ်ယူတာ၊ အပ်နှံတာအတွက် ကုန်ကျစရိတ်တွေရှိပါတယ်။ မှောင်ခိုဈေးကွက်နဲ့ အခြားတရားမဝင်လုပ်ဆောင်မှုတွေကိုလည်းဖြစ်ပေါ်စေပါတယ်။ ဒါ့ပြင် ငွေကြေးလိမ်လည်မှု၊ မှုခင်းတွေဖြစ်ပေါ်လာရင် ငွေသားနဲ့ငွေပေးချေမှုကခြေရာခံဖို့ ခက်ခဲပါတယ်။ငွေသားကနေ ကိုဗစ်-၁၉လို ရောဂါပိုးမွှားတွေကူးစက်နိုင်ပါတယ်။ အခုအာဆီယံဒေသတွင်းက တိုးတက်နေတဲ့နိုင်ငံတွေမှာ ငွေသားအစား ဒစ်ဂျစ်တယ်ငွေပေးချေမှုတွေကို အသုံးပြုလာခြင်းအားဖြင့် နေ့စဉ်လူနေမှုဘဝကို ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်လာကြပါတယ်။ ဒါ့ကြောင့် နေ့စဉ်ဘဝမှာ အသုံးပြုရလွယ်ကူပြီး ပိုမိုမြန်ဆန်လုံခြုံစိတ်ချရတဲ့ ဒစ်ဂျစ်တယ်ငွေပေးချေမှုအသုံးပြုခြင်းကို တွန်းအားပေးဆောင်ရွက်သင့်ပါတယ်။

**မေး။ MMQRနဲ့ပတ်သက်ပြီးရှေ့ဆက်လုပ်ဆောင်မယ့် လုပ်ငန်းအစီအစဉ်ရှိရင် မျှဝေပေးစေချင်ပါတယ်။**

**ဖြေ။** MMQR ရဲ့နောက်ထပ်အစီအစဉ်က ဈေးဝယ်သူမှကုန်သည်သို့ ပေးချေခြင်းစနစ်(Customers to Merchant)၊အသုံးပြုသူအချင်းချင်း (Person to Person)နဲ့ အစိုးရဘီလ်ပေးချေခြင်းတွေအပြင်နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုတွေနဲ့ အလွှာစုံနယ်ပယ်အစုံမှာ MMQRအသုံးပြုပြီး ဒစ်ဂျစ်တယ်ငွေပေးချေမှုတွေ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ MMQR က နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုတွေကို ဘယ်လိုအထောက်အပံ့ဖြစ်စေပါသလဲ။**

**ဖြေ။** နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုတွေကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ဖို့ အာဆီယံဒေသတွင်းနိုင်ငံတွေ အချင်းချင်းချိတ်ဆက်ပြီး QRအသုံးပြုပေးချေနိုင်ရေးဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ နယ်စပ်ဖြတ်ကျော်ချိတ်ဆက်မှုတွေပြီးရင် ဒေသတွင်းနိုင်ငံတွေမှာအသုံးပြုတဲ့ Mobile Wallet တွေဟာ တစ်ခုနဲ့တစ်ခုအပြန်အလှန်ချိတ်ဆက်ပြီး ငွေပေးချေနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာခရီးသွားတွေအတွက် ပိုမိုလွယ်ကူစေသလို E-Commerce Gateway တွေကတစ်ဆင့် ပြည်တွင်းပြည်ပကုန်ပစ္စည်းတွေဝယ်ယူနိုင်ပြီး ကုန်စည်စီးဆင်းမှုပိုမိုအဆင်ပြေချောမွေ့လာစေမှာဖြစ်ပါတယ်။

**မေး။ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုကို ဘယ်နိုင်ငံတွေမှာအသုံးပြုနိုင်မှာပါလဲ။**

**ဖြေ။** MMQR နဲ့နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုတွေအတွက် အာဆီယံနိုင်ငံတွေနဲ့ ချိတ်ဆက်နိုင်ရေးဆောင်ရွက်နေပါတယ်။ လက်ရှိမှာ အိန္ဒိယ၊ မလေးရှား၊ကမ္ဘောဒီးယားနဲ့ ထိုင်းနိုင်ငံတွေနဲ့ချိတ်ဆက်ပြီး စတင်အသုံးပြုနိုင်ဖို့ ဆွေးနွေးလျက်ရှိပါတယ်။ QR အသုံးပြုပေးချေမှုတွေမှာ အဓိကအားဖြင့် ဈေးဝယ်သူမှကုန်သည်သို့ ပေးချေခြင်းစနစ်(Customers to Merchant)ပေးချေမှုတွေအတွက် ဝန်ဆောင်ခကောက်ခံရာမှာ MDR အဖြစ် သတ်မှတ်ကောက်ခံပါတယ်။ အသုံးပြုသူအချင်းချင်း(Person to Person)အတွက်လည်းဝန်ဆောင်ခကိုနှစ်နိုင်ငံSwitchတွေကညှိနှိုင်းကောက်ခံလျက်ရှိပါတယ်။ MMQRစနစ်မှာလည်း ချိတ်ဆက်ပြီးချိန်မှာ ဝန်ဆောင်ခနဲ့ ငွေလဲလှယ်နှုန်းကို နှစ်နိုင်ငံသက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းသတ်မှတ်ဆောင်ရွက်မှာဖြစ်ပါတယ်။

**မေး။ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်ငွေပေးချေမှုတွင်ကျယ်စေဖို့ ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာသိရှိလိုပါတယ်။**

**ဖြေ။** ငွေသားအသုံးပြုမှုက လုံးဝပျောက်ကွယ်သွားမှာ မဟုတ်ပေမယ့် ဒစ်ဂျစ်တယ်ငွေပေးချေမှုပိုမိုအသုံးပြုလာစေဖို့ အသုံးပြုသူ Customer နဲ့ Merchant တွေကို MMQR အကြောင်းပညာပေးဖို့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဘဏ်၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းတွေက Social Media Platform တွေ ၊ Event တွေ ၊ Merchants Seminar တွေနဲ့ Digital ပေးချေမှုတွေအသုံးပြုနိုင်တဲ့ ဈေးပွဲတော်တွေ၊Promotion ပွဲတွေ၊Social Media Platform က ကြေညာတာတွေကို စဉ်ဆက်မပြတ်ပြုလုပ်သွားမှာဖြစ်ပါတယ်။ အခုလို MMQR စတင်အသုံးပြုချိန်ကစပြီး Merchant အရေအတွက် ၃၀၀၀၀၀ နဲ့ Users အရေအတွက် ၃ ဒသမ ၈ သန်းကို တစ်နှစ်အတွင်းအသုံးပြုနိုင်ဖို့ ရည်ရွယ်ထားပါတယ်။

**ဦးမြတ်မင်းထင်ကျော်**
**Deputy Chief Executive Officer–AYA Pay**

MMQRအသုံးပြုသူတွေအနေနဲ့ မိမိတို့လက်ရှိသုံးနေတဲ့ ဘဏ်၊ မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ သက်ဆိုင်ရာ Mobile Wallet တွေကနေ MMQR နဲ့ငွေပေးချေမှုတွေကို လုပ်ဆောင်သွားရမှာဖြစ်ပြီး ဒီစနစ်ကြောင့် မတူညီတဲ့မိုဘိုင်းငွေပေးချေမှုအမျိုးမျိုးကို ပိုမိုလွယ်ကူမြန်ဆန်စွာပြုလုပ်နိုင်မှာဖြစ်ပါတယ်။ MMQR အသုံးပြုသူ Consumer တွေနဲ့Merchant တွေအတွက် Night Market Campaign တွေ၊ပရိုမိုးရှင်းတွေ၊Cash backအစီအစဉ်တွေဖန်တီးပေးဖို့ရှိပါတယ်။ MMQR အသုံးပြုခြင်းအတွက်မတူညီတဲ့ Mobile Payment တွေကို အပြန်အလှန်အသုံးပြုနိုင်ဖို့ Systemချိတ်ဆက်ရုံသာဖြစ်ပြီး Transactions အရေအတွက်၊ ပမာဏကန့်သတ်ချက်မရှိပေမယ့် လက်ရှိမိမိအသုံးပြုနေတဲ့ ဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေက Mobile Wallet အသုံးပြုမှုအတွက် ချမှတ်ထားတဲ့ Transaction Limits သတ်မှတ်ချက်တွေကို လိုက်နာဖို့လိုအပ်ပါတယ်။

MMQR စနစ်ကအသုံးပြုသူတွေရဲ့ အချက်အလက်တွေကို ရယူသိမ်းဆည်းထားခြင်းမရှိပါဘူး။ Tokenization လို့ခေါ်တဲ့စနစ်ကို အသုံးပြုပြီး ငွေပေးချေမှုတွေကို လုပ်ဆောင်နိုင်အောင်စီစဉ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် အသုံးပြုသူတွေအနေနဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်တွေပေါက်ကြားမှာ စိတ်ပူစရာမလိုပါဘူး။ လက်ရှိသုံးနေတဲ့ ဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ မိုဘိုင်းလ်ပေးချေမှုစနစ်တွေမှာရှိတဲ့အချက်အလက်တွေအတိုင်းပဲရှိနေမှာဖြစ်ပါတယ်။

**ဦးစိုးကိုကို**
**Managing Director ကမ္ဘောဇဘဏ်–KBZ Pay**

အရင်က KBZ PayကKBZ Pay ရဲ့ QR ကိုသာ ဖတ်ရှုပေးချေရပြီး AYA Pay ကလည်း AYA Pay ရဲ့ QR ကိုသာဖတ်ရှုပေးချေရပါတယ်။အခု MMQR အသုံးပြုမယ်ဆိုရင် KBZ Payရဲ့ QR ကို AYA Pay နဲ့ပေးချေနိုင်မှာဖြစ်သလို Wave Money၊ uab Pay စတဲ့အခြား Mobile Wallet အမျိုးမျိုးနဲ့လည်းပေးချေနိုင်မှာဖြစ်ပါတယ်။ Customers to Merchant ငွေပေးချေမှုအတွက်ပေးချေရမယ့်ငွေပမာဏကို အသုံးပြုသူက ရိုက်ထည့်ရတဲ့ Static QR နဲ့QR ကို Scan ဖတ်လိုက်ရင်ပေးချေရမယ့် ငွေပမာဏကိုဖော်ပြပြီးသားဖြစ်တဲ့ Dynamic QR စတဲ့ QR နှစ်မျိုးစလုံးကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ MMQR ကိုပြည်တွင်းမှာ သုံးစွဲတဲ့ငွေပေးချေမှုတွေကို QR အသုံးပြုပြီး အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်ဖို့ဆောင်ရွက်နေတာဖြစ်ပါတယ်။ နောင်မှာအိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုတွေဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေက ခရီးသွားတွေမြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့အခါ QR နဲ့ လွယ်ကူစွာငွေပေးချေနိုင်မှာဖြစ်တဲ့အတွက် ခရီးသွားကဏ္ဍကိုတစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးနိုင်ပါတယ်။

**ဦးရဲမွန်မင်း**
**Chief Business Officer– Wave Money**

MMQR အသုံးပြုသူ Customerတွေအနေနဲ့ မိမိကြိုက်နှစ်သက်ရာ Mobile Wallet ကို အသုံးပြုပြီး ဘယ် Merchant ကိုမဆို အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာငွေပေးချေနိုင်မှာဖြစ်တဲ့အတွက် ငွေသားကိုင်တွယ်သုံးစွဲမှုကိုလျှော့ချနိုင်မှာဖြစ်ပါတယ်။ Merchant တွေအနေနဲ့ ငွေလက်ခံရာမှာ ဘဏ်တွေ၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ QR Code များစွာထားဖို့မလိုအပ်တော့ဘဲ MMQR QR Code တစ်ခုတည်းနဲ့

**စာမျက်နှာ ၂၂ သို့**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာမြတ်မြတ်သော်<br>ပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဟားခါးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာမြတ်ဝဏ္ဏစိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာသီတာလှ<br>ပါမောက္ခချုပ်<br>(ဆေးရုံအုပ်ကြီး/ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့် စတုတ္ထနေ့နှင့် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ Burmese Golf(BG)က အဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့်ပြိုင်ပဲ၏ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ကိုကိုချစ်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်းက ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)သို့ အမှတ်တရဂုဏ်ပြုလက်ဆောင်ကိုပေးအပ်ရာ ရန်ကုန်ဂေါက်ကွင်းအထွေထွေမန်နေဂျာ ဦးသိန်းဇော်ဝေက လက်ခံရယူသည်။

ယင်းနောက်ဆုချီးမြှင့်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် ဦးဝင်းမြင့်ချင်းက သက်ကြီးတန်းဝါသနာရှင်အဆင့် (အသက် ၅၅ နှစ်နှင့်အထက်) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၃၀ ဖြင့် တတိယဆုရရှိသော ဦးဝင်းစိန်၊ ဗဟိုအလုပ်အမှုဆောင်ဦးတင်မောင်မောင်ဝင်းက စုစုပေါင်းရိုက်ချက် ၂၂၉ ချက်ဖြင့် ဒုတိယဆုရရှိသော ဦးဆန်းမင်း (မော်လမြိုင်)၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် သက်ကြီးတန်းဝါသနာရှင်အဆင့်အားကစားသမားများ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ရွှေက စုစုပေါင်းရိုက်ချက် ၂၂၈ ချက်ဖြင့် ပထမဆုရရှိသော ဦးကိုကိုအေးတို့ကိုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည်က ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် ဒုတိယဆုရရှိသော ဟိန်းနိုင်ဇင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက စုစုပေါင်းသတ်မှတ်ရိုက်ချက် ၂၈၆ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက်နှစ်ချက်လျော့ရိုက်ကာ ပထမဆုရရှိသော ကောင်းထိုက်ဇော်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။



ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ဝါသနာရှင်အဆင့် သက်ကြီးတန်းပြိုင်ပွဲဆုကြေးငွေကို ကူညီပံ့ပိုးပေးပါသော ဦးလှမြင့်ရွှေအား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊နာယကဦးအောင်ကြည်က ပြိုင်ပွဲတစ်ခုလုံးကို ကူညီပံ့ပိုးပေးပါသော Burmese Golf(BG)အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ အထွေထွေမန်နေဂျာ ဦးအောင်မြင့်ကျော်က လက်ခံရယူသည်။

ပြိုင်ပွဲကိုဂေါက်သီးအားကစားသမားများ၏လက်ရည်အဆင့်အတန်းတိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကာ ယခုပြိုင်ပွဲကို Alpine သောက်ရေသန့်၊ Royal D နှင့် Hikari အချိုရည်တို့က ကူညီပံ့ပိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**စာမျက်နှာ ၂၁ မှအဆက်**

ဘယ်လိုငွေပေးချေမှုမျိုးကိုမဆို လက်ခံနိုင်မှာဖြစ်ပါတယ်။ ဒါ့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းတွေရဲ့ ပေးချေမှုတွေကို လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပြီး အီလက်ထရောနစ်နည်းလမ်းနဲ့ ရောင်းဝယ်ရာမှာ လုံခြုံစိတ်ချလွယ်ကူလျင်မြန်စွာပေးချေနိုင်မှာဖြစ်ပါတယ်။

Merchant တွေအနေနဲ့ MMQR ကို စတင်အသုံးပြုမယ်ဆိုရင်အသုံးပြုနေတဲ့ သို့မဟုတ် အသုံးပြုချင်တဲ့ဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေကို အရင်ဆုံးဆက်သွယ်ဖို့လိုအပ်ပါမယ်။ ပြီးရင် သက်ဆိုင်ရာဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းက MMQR Merchantအဖြစ် ပြောင်းလဲဖို့ Onboarding Process လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**ဦးသီဟ**

**Deputy Manager-Internet Wallet Myanmar Ltd,OK$**

Customer တွေအနေနဲ့အရောင်းဆိုင် Merchant တွေမှာထားရှိတဲ့ MMQRကို မိမိအသုံးပြုတဲ့ Mobile Wallet တစ်ခုနဲ့ Scan ဖတ်ပြီး လွယ်လွယ်ကူကူနဲ့ လုံခြုံလျင်မြန်စွာငွေပေးချေနိုင်မှာဖြစ်ပါတယ်။ မိုဘိုင်းဖုန်းနဲ့Certified MMQR Mobile Wallet ရှိသူတိုင်း အင်တာနက်ရရှိတဲ့ နေရာဒေသ၊ အချိန်အခါမရွေးအသုံးပြုနိုင်မှာဖြစ်ပြီး ငွေပေးချေမှုတွေဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းမှာရှိတဲ့ နိုင်ငံခြားသားတွေအနေနဲ့ဘဏ်၊မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ Certified MMQR Mobile Wallet ရှိရင် MMQR ကိုအသုံးပြုနိုင်မှာဖြစ်ပါတယ်။

MMQR အသုံးပြုပြီး ငွေပေးချေရာမှာဝန်ဆောင်မှုမပြတ်တောက်စေဖို့ backup serverတွေ၊ နည်းပညာပံ့ပိုးမှုအဖွဲ့တွေကို အဆင်သင့်ထားရှိပြီး backup system တွေလည်း ပြင်ဆင်ထားရှိတဲ့အတွက် သုံးစွဲမှုများပြားတဲ့အချိန်မှာတောင် ကြန့်ကြာမှုမရှိနိုင်ပါဘူး။ MMQRနဲ့ ငွေပေးချေရာမှာအသုံးပြုသူ Customer ဘက်က ကျသင့်ငွေဖြတ်သွားပြီး Merchant က ငွေလက်ခံရရှိမှုမရှိခဲ့ရင် ဖြေရှင်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ အသုံးပြုသူ Customerတွေအနေနဲ့လည်း ငွေပေးချေရာမှာ အမှားအယွင်းမရှိစေဖို့စိစစ်လုပ်ဆောင်မှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဝင်းဝင်း**

**ဓာတ်ပုံ - ရွှေကိုလေး**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈၇ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မြန်မာ - တရုတ် - ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ပြီး တိုက်ဖျက်လျက်ရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၈၇ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည် နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်က လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်ပနိုင်ငံသားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေးနှင့် ပြည်နှင့်လွှဲပြောင်းရေးကိစ္စရပ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၉၂၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၆၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၈၄ ဦး ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၈၄ ဦးကို ထပ်မံလွှဲပြောင်းပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၈၄ ဦးကို မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံသားကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဌာနညွှန်ကြားရေးမှူး Mr. Judha Nugraha နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယခရိုင်မှူး ဒုတိယရဲမှူးကြီး Mr. Sermkiat Kampira နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ညောင်ဦးမြို့နယ် မြောင်ကျေးရွာ၌ ရှင်ပြုပွဲပြုလုပ်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး ရွာခံ ၁၀ ဦးကို ဖမ်းဆီးသွားကြောင်း မဟုတ်မမှန်သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြောင်ကျေးရွာ၌ ရှင်ပြုပွဲပြုလုပ်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး ရွာခံ ၁၀ ဦးကို ဖမ်းဆီးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်း ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အေးချမ်းစွာနေထိုင်နေသည့် ဒေသခံပြည်သူများကို အကြောင်းမဲ့ ဖမ်းဆီးခြင်းမရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများကသာ ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် ရဟန်းသံဃာများကို ခေါင်းစဉ်အမျိုးမျိုးပြ၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင် အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်နှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# PDF အမည်ခံအကြမ်းဖက်သမားများက ကျွန်းလှမြို့နယ် ဆားကျင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်၍ ကုန်စုံဆိုင်ကို မီးရှို့ဖျက်ဆီး

PDF အမည်ခံအကြမ်းဖက်သမားများက ကျွန်းလှမြို့နယ် ဆားကျင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်၍ ကုန်စုံဆိုင်အား မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်ပြမြေပုံ






PDF အမည်ခံ အကြမ်းဖက်သမားများက ကျွန်းလှမြို့နယ် ဆားကျင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ဆားကျင်းကျေးရွာ အောင်ချမ်းသာကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်အား PDFအမည်ခံ အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ အပေါ် အားပေးထောက်ခံခြင်း၊ ကူညီထောက်ပံ့ခြင်း မရှိသဖြင့် လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ ဆရာတော်မှာ ရရှိဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ပြီး အဆိုပါကျောင်းအနီးရှိ ကုန်စုံဆိုင်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီခန့်တွင် ဆားကျင်းကျေးရွာရှိ အောင်ချမ်းသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယ သက်တော် ၈၅ နှစ် (သိက္ခာ ၄၅ ဝါ)သည် ကျောင်းအတွင်း တစ်ပါးတည်းရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် အားပေးထောက်ခံခြင်း၊ ကူညီထောက်ပံ့ခြင်း မရှိသဖြင့် လက်နက်ငယ်ဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ရာ ဆရာတော်သည် ဦးခေါင်းကျည်ဖောက်ဝင်ဒဏ်ရာဖြင့် ပျံလွန်တော်မူခဲ့သည်။ ထို့ပြင် အကြမ်းဖက်သမားများသည် အဆိုပါကျောင်းတိုက် အနီးရှိကုန်စုံဆိုင်ကို ၎င်းတို့၏လုပ်ရပ်များ အပေါ် တိုင်ကြားမှုမပြုလုပ်နိုင်ရန် မီးရှို့ဖျက်ဆီးခဲ့ပြီး ကျေးရွာ၏အနောက်ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ကို မထောက်ခံသည့် ကျေးရွာများ၊ လူပုဂ္ဂိုလ်များကို အကြောင်းမဲ့ သတ်ဖြတ်ခြင်း၊ လူနေအဆောက်အအုံများ၊ ဈေးဆိုင်များကို မီးရှို့ဖျက်ဆီးမှုများကြောင့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ လုပ်ရပ်များအပေါ် လွန်စွာစက်ဆုပ်ရွံရှာလျက်ရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို လုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



အကြမ်းဖက်သမားများက ကုန်စုံဆိုင်ကို မီးရှို့ဖျက်ဆီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။

# ရွှေဘိုမြို့နယ် ဇီးကုန်းကျေးရွာ မဟာပဋ္ဌိမရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ကိုရင်နှစ်ပါးနှင့် ပြည်သူ တစ်ဦး ဖုံးသီးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ တစ်ဦး သေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

PDF အမည်ခံ အကြမ်းဖက်အဖွဲ့က စစ်ရေးပစ်မှတ်မဟုတ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးကုန်းကျေးရွာရှိ မဟာပဋ္ဌိမရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ပြီး ကိုရင်များ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၆ ရက် ည ၆ နာရီခွဲခန့်တွင် အကြမ်းဖက်သမားများ မောင်းနှင်လာသည့် Drone ယာဉ် တစ်စီးသည် ရွှေဘိုမြို့နယ် ဇီးကုန်းကျေးရွာ၏ အရှေ့တောင်ဘက် အမြင့်မီတာ ၈၀၀ ခန့် အကွာမှ ပျံသန်းလာပြီး အဆိုပါကျေးရွာရှိ မဟာပဋ္ဌိမရာမဘုန်းတော်ကြီးကျောင်းဝင်း အတွင်းသို့ Drop Bomb များဖြင့် ဖြုတ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ ဒေသခံပြည်သူ တစ်ဦး သေဆုံးပြီး ကိုရင် နှစ်ပါးနှင့် ပြည်သူ တစ်ဦးတို့တွင် ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဖုံးစထိမှန်ဒဏ်ရာရရှိခဲ့သူများကို ကျေးရွာရှိ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ကို ထောက်ခံမှုမရှိသည့် ကျေးရွာများကို Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများကို ဥပဒေမဲ့လုပ်ဆောင်မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူများ၊ ရဟန်းသံဃာများ သေဆုံး၊ ဒဏ်ရာရရှိမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး ဒေသခံပြည်သူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် အလွန်စက်ဆုပ်ရွံရှာလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာတစ်ဝိုက်ကို လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ရွှေဘိုမြို့နယ် ဇီးကုန်းကျေးရွာ မဟာပဋ္ဌိမရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ကိုရင်နှစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ရွှေဘိုမြို့နယ် ဇီးကုန်းကျေးရွာ မဟာပဋ္ဌိမရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြမြေပုံ




**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မုံရွာမြို့နယ်တွင် မြေပဲ ၃၃၅၉ ကေထိ နုတ်သိမ်းပြီးစီးပြီဖြစ် တစ်ဧကလျှင် ၄၄ ဒသမ ၂၈ တင်း ထွက်ရှိ



**မုံရွာ ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ၃၃၅၉ ဧကထိ နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၇၇၅ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင် နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၃၅၉ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၄ ဒသမ ၂၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မုံရွာမြို့နယ်တွင် မြေပဲ ၆၇၇၅ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ ဒီနေ့ထိ ဧက၃၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင် ကပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးမုတ်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးမုတ်ပိသာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာမြင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ငါးမုတ်ပိသာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးမုတ်ပိသာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းစျေးကွက်က ဝယ်ယူမှုများလာခြင်းကြောင့် တင်ပို့အားကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ငါးမုတ်တွေ ရန်ကုန်စျေးကွက်ကိုတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ငါးမုတ်ပိသာချိန် ၈၀၀၀၀ ကျော်ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ ရန်ကုန်စျေးကွက်က ဝယ်ယူမှုများလာလို့ တင်ပို့အားကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ငါးမုတ်တွေက လတ်ဆတ်မှုရှိပါတယ်။ တင်ပို့အား ကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်" ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်သူဇာမြင့်က ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ငါးမုတ်များ အပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ရန်ကုန်စျေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ် တစ်ပိသာလျှင် ငွေကျပ် ၁၄၀၀၀ ပေါက်စျေးရှိကြောင်း ဘိုကလေး မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာမြင့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ဥတ္တရသီရိမြို့နယ် စည်ပင်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သရက်တောကျေးရွာအုပ်စု စည်ပင်သာကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၆ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကော်မတီဝင်များနှင့်အတူ စည်ပင်သာကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

စည်ပင်သာ ကျေးရွာ၌ အကျယ်လေးလက်မ အနက်ပေ ၃၅၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၁၆၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် NTT Construction ကုမ္ပဏီက ဇွန်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ စည်ပင်သာကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၅၆ အိမ်၊ လူဦးရေ ၇၃၆ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေ အခက်အခဲများ အဆင်ပြေနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သူသူ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်စျေးနှုန်းများ

၂၇-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၅၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၃၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၈၅ |
| **(သာ စက်သုံးဆီဆိုင်၏ စျေးနှုန်းများသာ ဖြစ်ပါသည်)** | | |
| **အိမ်ဆောက်ပစ္စည်းစျေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)

# လေကြောင်းနှင့် အာကာသတပ်ဖွဲ့စွမ်းဆောင်ရည်မြှင့်တင်ရန် ကြိုးပမ်းနေသော တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် စစ်ဘက်ဆိုင်ရာအကြီးစားပြုပြင်ပြောင်းလဲမှုများကို စတင်ပြုလုပ်ကတည်းကပင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သည် တပ်ဖွဲ့စည်းမှုပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။ ၎င်းလုပ်ငန်းစဉ်များအနက် လက်ရှိယူကရိန်းစစ်ပွဲမှ ရရှိသောသင်ခန်းစာများသည် တရုတ်နိုင်ငံကို လေကြောင်းနှင့် အာကာသတပ်ဖွဲ့တို့နှင့် ဆက်နွယ်သောတပ်ဖွဲ့များကို ကွပ်ကဲမှုနှင့် စီမံခန့်ခွဲမှုချိန်ညှိဆောင်ရွက်ရန် ဖိအားပေးလျက်ရှိသည်။

**နှုတ်ခွန်းဆက်စကားပြောကြားခြင်း**

ယခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် တရုတ်သမ္မတရှီကျင့်ဖျင်သည် တရုတ်နှစ်သစ်ကူးမတိုင်မီ တပ်မတော်သားများကို အလေးထားမှုတစ်စိတ်တစ်ဒေသအနေဖြင့် မြောက်ပိုင်းနယ်စပ်ဝန်းသို့ စစ်ဆေးသည့် ခရီးစဉ်သွားရောက်ခဲ့သည်။ ၎င်းခရီးစဉ်အတွင်း ရှီကျင့်ဖျင်သည် ဗီဒီယိုမှတစ်ဆင့် နိုင်ငံတစ်ဝန်းရှိ ကြည်း၊ ရေ၊ လေတပ်ဖွဲ့အားလုံးကို နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ထိုဗီဒီယိုမှ နှုတ်ခွန်းဆက်ပြောကြားရာတွင် တောင်ပိုင်းစစ်နယ်ဝန်း၏ တပ်မဟာတစ်ခုမှ တပ်ဖွဲ့တစ်ခု၊ အရှေ့ပိုင်းစစ်နယ်ဝန်း၏ ကုန်းမြေအခြေစိုက်သဘော်ဖျက်ဒုံးကျည်တင်ရေတပ် တပ်ရင်းကြီး၏တာဝန်ထမ်းဆောင်နေသောတပ်ခွဲတစ်ခွဲ၊ အလယ်ပိုင်းစစ်နယ်ဝန်းလေတပ်၏ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တပ်ရင်း၊ လေကြောင်းနှင့် အာကာသတပ်ဖွဲ့၏စောင့်ကြည့်မှုနှင့် ကြိုတင်သတိပေးဌာန၊ ရှန်ဖူးပူးတွဲအုပ်ချုပ်ပံ့ပိုးမှုစင်တာ၏ အမှတ်(၂)တပ်ရင်းနှင့် ပို့ဆောင်ရေးတပ်ရင်းကြီးနှင့် ပြည်သူ့လက်နက်ကိုင်ရဲတပ်ဖွဲ့ တိဘက်တပ်ဖွဲ့၏ ရှီဂတ်စုတပ်ဆွယ်၏ အမှတ်(၃) တပ်ရင်းတို့ပါဝင်သည်။

အဆိုပါဗီဒီယိုမိန့်ခွန်းတွင် လေကြောင်းနှင့် အာကာသတပ်ဖွဲ့၏စောင့်ကြည့်မှုနှင့် ကြိုတင်သတိပေးဌာနကိုလည်း ထူးခြားစွာတွေ့ရှိရသည်။ ဗီဒီယိုဖိုင်တွင် ဖော်ပြသထားသော ဓာတ်ပုံများအရ ၎င်းဌာနသည် မဟာဗျူဟာမြောက်အကြီးစားကြိုတင်သတိပေးရေဒါ၊ အထူးသဖြင့် အရာဝတ္ထုအားလုံးကို ခြေရာခံခွဲခြားနိုင်သည့် P-band ရေဒါတပ်ဆင်ထားရှိသည်။ ၎င်းဌာနသည် တရုတ်နိုင်ငံ၏ပဲ့ထိန်းဒုံးကျည်ကြိုတင်သတိပေးစနစ်၏ တာဝန်ကို တစ်စိတ်တစ်ဒေသအဖြစ် သယ်ပိုးသွားနိုင်ရန် ရည်ရွယ်ထားရှိသည်။ တရုတ်မီဒီယာများ၏ အဆိုအရ လွန်ခဲ့သောနှစ်ကပင် ၎င်းရေဒါကို လေကြောင်းနှင့် အာကာသတပ်ဖွဲ့၌ ဖြန့်ကြက်ထားပြီးဖြစ်သည်ဟု ဆိုသည်။

**လေကြောင်းနှင့်အာကာသတပ်ဖွဲ့တို့နှင့် ဆက်နွယ်သောတပ်ဖွဲ့များကို စီမံခန့်ခွဲခြင်း**

လေကြောင်းနှင့်အာကာသတပ်ဖွဲ့တို့နှင့်ဆက်နွယ်သောတပ်ဖွဲ့များကို စီမံခန့်ခွဲရာတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) သည်လေကြောင်းနှင့်အာကာသဖွံ့ဖြိုးတိုးတက်မှုရှိလာစေရန် တိုက်ရိုက်စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသည်။ လေကြောင်းနှင့် အာကာသတပ်ဖွဲ့ကို ယခင်က အထွေထွေလက်နက်ကြီးများတပ်ဆင်သောဌာနမှ စီမံခန့်ခွဲခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် စစ်ဘက်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ကတည်းက ၎င်းဌာနကို ဖျက်သိမ်းခဲ့သည်။ ၎င်းဌာန၏အဓိကတာဝန်များကို ဗဟိုစစ်ကော်မရှင်(CMC)၏ စစ်လက်နက်ပစ္စည်းဖွံ့ဖြိုးတိုးတက်မှုဌာနမှ ရယူခဲ့သည်။ မည်သို့ပင်ဆိုစေ ယခင်အမှတ်(၂)အမြောက်တပ်ဖွဲ့နှင့် ၎င်း၏နောက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သောဒုံးပျံတပ်ဖွဲ့(Rocket Force)၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများမှ ရှေ့ကတတ်ပစ်ခတ်မှုနှင့် ဆက်နွယ်သည့် အချို့သောနည်းပညာဆိုင်ရာ အကျိုးကျေးဇူးများရရှိခဲ့သည်။ စစ်ဘက်ဆိုင်ရာပြုပြင်ပြောင်းလဲမှုအရ ဒုံးပျံတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဝေဟင်စောင့်ကြည့်ရေဒါများကို လေတပ်ဖွဲ့မှ စီမံခန့်ခွဲထားသည်။

၂၀၁၆ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့သည့် စစ်ဘက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် အသစ်ဖွဲ့စည်းထားသော မဟာဗျူဟာမြောက် အထောက်အကူပြုတပ်ဖွဲ့(SSF)အတွင်း၌ အာကာသစနစ်များဌာနကို ထူထောင်ခဲ့ပြီး လေကြောင်းနှင့် အာကာသအရင်းအမြစ်များ၏လုပ်ငန်းတာဝန်များကို ပေါင်းစည်းသွားရန် ရည်မှန်းထားရှိသည်။ သို့သော် အဓိကဂြိုဟ်တုအခြေစိုက်စခန်းများကို စစ်လက်နက်ပစ္စည်းဖွံ့ဖြိုးမှုဌာနမှ ဆက်လက်ကွပ်ကဲထားဆဲဖြစ်ကြောင်း သတင်းမီဒီယာများ၌ ဖော်ပြထားသည်။ SSF ၏ အာကာသစနစ်များဌာနသည် အာရုံခံစနစ်များနှင့် ဆက်သွယ်ရေးစနစ်များကြား ကြားခံဆက်သွယ်ရေးနည်းစနစ်များကို စီမံခန့်ခွဲနိုင်ပြီး ကျန်လုပ်ငန်းတာဝန်များကို သီးခြားဌာနများမှ ကိုင်တွယ်ထားရှိသည်။

အကြီးမားဆုံးပြဿနာမှာ SSF သည် ဗိုလ်ချုပ်ကြီးအဆင့်ရှိ ခေါင်းဆောင်များအုပ်ချုပ်သည့် ကြည်း၊ ရေ၊ လေ နှင့် ဒုံးပျံတပ်ဖွဲ့များကဲ့သို့ပင် အဆင့်အတန်းတူညီသော်လည်း အာကာသစနစ်များဌာန၏ ညွှန်ကြားရေးမှူးသည် ဗိုလ်ချုပ်အဆင့်သာ ရှိသည်။ စစ်ဘက်၏ ကြီးစဉ်ငယ်လိုက်ဝါစဉ်ကြောင့် ဗိုလ်ချုပ်အဆင့်သည် တပ်ဖွဲ့အားလုံးနှင့် ဆက်နွယ်သော လေကြောင်းနှင့်အာကာသရေးရာများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ခက်ခဲစေမည်ဖြစ်သည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ် ဧပြီလတွင် အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများထပ်မံလုပ်ဆောင်ခဲ့ရသည်။ SSF ကို ဖျက်သိမ်းခဲ့ပြီး ၎င်း၏ လက်အောက်အဖွဲ့အစည်းဖြစ်သည့် အာကာသစနစ်များဌာနကို အာကာသနှင့်လေကြောင်းတပ်ဖွဲ့ဟု ခေါ်ဆိုသည့် သီးခြားဌာနခွဲအဖြစ် အဆင့်မြှင့်တင်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့၏ ခေါင်းဆောင်သည် စစ်နယ်ဝန်းဒုတိယအကြီးအကဲ၏ အဆင့်နှင့် တူညီသည်။ အမေရိကန်အာကာသတပ်ဖွဲ့ကဲ့သို့ပင် စီစဉ်မှုများလုပ်ဆောင်လာဖွယ်ရာရှိသည်။ CMC က တိုက်ရိုက်ကွပ်ကဲထားသော ဌာနခွဲတစ်ခုဖြစ်သည့်လေကြောင်းနှင့်အာကာသတပ်ဖွဲ့၏အနေအထားသည် အာကာသနှင့် လေကြောင်းတပ်ဖွဲ့တို့ ဆက်နွယ်သောအဖွဲ့အစည်းများကို ပေါင်းစည်းရန် ရည်ရွယ်ထားရှိသည်။

ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်သည်ကြားဖြတ်ဒုံးကျည်များ၊ ကင်းထောက်ဂြိုဟ်တုများ၊ မြေပြင်အခြေစိုက်ရေဒါများနှင့် ကွန်ပျူတာစနစ်များ ပေါင်းစပ်မှုလိုအပ်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သည် လုပ်ငန်းတာဝန်များကိုင်တွယ်ရန် ယခင်ကွပ်ကဲမှုနှင့် ဖွဲ့စည်းမှုပုံစံကိုသာ မှီခိုရလျက်ရှိသည်။ စနစ်ပေါင်းစပ်မှုနှင့် အမိန့်များထုတ်ပြန်မှုတို့နှင့် စပ်လျဉ်း၍ ပြဿနာများနှင့် ရင်ဆိုင်သွားရဖွယ်ရှိသည်။ ၎င်းတာဝန်နှစ်ရပ်စလုံးသည် ဒုံးကျည်ကာကွယ်ရေးတာဝန်များ အချိန်မီလည်ပတ်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။

သို့သော် ၂၀၂၄ ခုနှစ် ဧပြီလတွင် တပ်ဖွဲ့များ ပြန်လည်ပြုပြင်ဖွဲ့စည်းမှုအနေဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သည် အကြီးစား ကြိုတင်သတိပေးရေဒါများကို လေတပ်မှ လေကြောင်းနှင့် အာကာသတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) လေတပ်၏ ယခင်လမ်းညွှန်ချက်ဖြစ်သည့် ထိုးစစ်နှင့်ခံစစ် စွမ်းဆောင်ရည်များနှင့် အတူပေါင်းစပ်လေကြောင်းနှင့် အာကာသတာဝန်များသည် အတိတ်တွင်သာ ကျန်ရှိခဲ့သည်။ အမှန်တော့ လေကြောင်းနှင့် အာကာသတပ်ဖွဲ့ဦးဆောင်သောကွပ်ကဲမှုယန္တရားသစ်ထွက်ပေါ်လာပြီး အာကာသရေးရာများနှင့် ဆက်နွယ်သောအဖွဲ့အစည်းများ ပေါင်းစည်းမှုတို့ကို ကိုင်တွယ်ရာ၌ တာဝန်ယူသွားမည်ဖြစ်သည်။ ယခင်က ၎င်းတာဝန်များသည် အမျိုးမျိုးသောတပ်ဖွဲ့များနှင့် ဌာနခွဲများတွင် ပျံ့နှံ့လျက်ရှိသည်။

မည်သို့ပင်ဆိုစေ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးနှင့် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များသည် လေတပ်ဖွဲ့၏ ထိန်းချုပ်မှုအောက်တွင်သာရှိနေသည်။ ထို့ကြောင့် လေကြောင်းနှင့် အာကာသတပ်ဖွဲ့အနေဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ၎င်း၏ စွမ်းဆောင်ရည်များကို မည်မျှထိ ပေါင်းစည်းနိုင်မလဲဆိုသော မေးခွန်းထွက်ပေါ်လျက်ရှိသော်လည်း လက်ရှိအချိန်ထိ အဖြေထွက်ပေါ်လာခြင်း မရှိသေးပေ။

၂၀၂၄ ခုနှစ် ဧပြီ ၁၉ ရက်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေကြောင်းနှင့်အာကာသတပ်ဖွဲ့(PLAASF)သည် အာကာသနှင့်ဆိုက်ဘာလုံခြုံရေးတို့ကို အလေးထားလုပ်ဆောင်သွားမည်ဖြစ်သည်။ ၎င်းတပ်ဖွဲ့သည် တရုတ်နိုင်ငံ၏ အာကာသရည်မှန်းချက်များအောင်မြင်မှုရရှိရေးအထောက်အကူပြုသွားမည်ဖြစ်ပြီး CMC ကို တိုက်ရိုက်အစီရင်ခံသွားမည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံ၏ အာကာသမူဝါဒအားလုံးကို အထောက်အကူပြုစေမည့် စစ်ဘက်အာကာသစွမ်းဆောင်ရည်များ တိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။ PLAASF သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)၏ အာကာသအခြေစိုက်C4ISR စနစ်များကို ကျစ်လျစ်ခိုင်မာအောင်ဆောင်ရွက်သွားမည့်အပြင် မူလရှိရင်းစွဲဂြိုဟ်တုလွှတ်တင်ရေးနေရာများ၊ စစ်ဘက်ဆိုင်ရာ ဂြိုဟ်တုလွှတ်တင်ရေးနေရာများနှင့် အာကာသဆိုင်ရာ အသုံးအဆောင်များကို စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်သည်။

နိဂုံးချုပ်ဆိုရလျှင် ဒေါ်နယ်ထရန့် အမေရိကန်သမ္မတအဖြစ် ပြန်လည်ထမ်းဆောင်ပြီးနောက် ကမ္ဘာကြီး၏ အာရုံစူးစိုက်မှုသည် နိုင်ငံတချို့အပေါ် အခွန်စည်းကြပ်မှုတိုးမြှင့်သွားမည့် ထရန့်၏ ဆုံးဖြတ်ချက်နှင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပေါ်လာနိုင်မှုအပေါ် အာရုံစူးစိုက်လျက်ရှိသည်။ သို့သော်လည်း အမေရိကန်နှင့်တရုတ်နိုင်ငံတို့ကြား စစ်အေးတိုက်ပွဲသစ်ဖြစ်နိုင်သည့် အလားအလာမှာ မြင့်တက်လာလျက်ရှိသည်။

အမေရိကန်နှင့် ဆိုဗီယက်တို့ကြား ဖြစ်ပွားခဲ့သော ပထမစစ်အေးတိုက်ပွဲကာလအတွင်း အာဏာဟန်ချက်ထိန်းညှိမှုထိန်းသိမ်းရာတွင် အဓိကအချက်သည် အပြန်အလှန်နျူကလီးယားဟန့်တားမှုဖြစ်သည်။ ထို့ကြောင့် အမေရိကန်သည် မကြာသေးမီအချိန်အတွင်းကပင် တရုတ်နိုင်ငံ၏ နျူကလီးယားစွမ်းဆောင်ရည်များအပေါ် အနီးကပ်စောင့်ကြည့်နေခြင်းပင်ဖြစ်သည်။ ကာကွယ်ရေးအစီရင်ခံစာများနှင့် ပညာရှင်များ၏ စာတမ်းများက အဆိုပါ ကြိုးပမ်းမှုများကို ထောက်ပြလျက်ရှိသည်။

မဟာဗျူဟာမြောက်ယူဆချက်အရ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေး၊ အာကာသနှင့်လေကြောင်းစနစ်များပေါင်းစပ်မှုသည် ထိပ်တန်းဦးစားပေးလုပ်ငန်းတစ်ခုဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ဆိုဗီယက်ခေတ် ရုရှားနိုင်ငံ၏ အတွေ့အကြုံများကို လေ့လာသင်ယူသွားမလား သို့တည်းမဟုတ် ရုရှားနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းတွင် ဒုံးကျည်ဖျက်လှူပ်ရှားစစ်ကစားမှုများ လုပ်ဆောင်သွားနိုင်မလားဆိုသောအချက်ကိုသာ စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် တရုတ်-ရုရှား လေကြောင်းနှင့်အာကာသလုံခြုံမှုစစ်ရေးလေ့ကျင့်ခန်းတွင် လေ့လာမှုအရ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးအပေါ် အလေးထားဆောင်ရွက်ခဲ့သည်။ နှစ်နိုင်ငံကြား စစ်ရေးဆိုင်ရာအပြန်အလှန်ဖလှယ်မှုများသည် စားပွဲတင်စစ်ရေးလေ့ကျင့်ခန်းများမှသည် လက်တွေ့ပတ်ဝန်းကျင်များတွင် အမှန်တကယ်တပ်ဖွဲ့များဖြန့်ကြက်သွားမှုကို စောင့်ကြည့်သွားရတော့မည်ဖြစ်ပေသည်။

**ကိုးကား**

- How China Integrated the PLA's Aero-space-related Forces by The Diplomat.
- The Reorganization of China's Space Force: Strategic and Organizational Implications by The Diplomat.

**မောင်စိန်အိ(နဘဲမြေ)**



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG ၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ငပုတောမြို့နယ်တွင် စပါး ၂၀၄၁၂၂ ဧက ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၉၃ ဒသမ ၃၁ တင်း ထွက်ရှိ



ငပုတော ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် စပါး ၂၀၄၁၂၂ ဧကရိတ်သိမ်းပြီး စီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၃ ဒသမ ၃၁ တင်းထွက်ရှိကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၀၄၁၂၂ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ စပါးတစ်ဧကလျှင် ၉၃ ဒသမ ၃၁ တင်း ထွက်ရှိကြောင်း သိရသည်။

''ငပုတောမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ၂၀၄၁၂၂ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးတွေ အထွက်နှုန်း ကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ ရိတ်သိမ်းနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြေဆီလွှာပြုပြင်သည့် လုပ်ငန်းများ ကွင်းဆင်းသရုပ်ပြခြင်း၊ စပါးအထွက်နှုန်း ကောင်းစေရန် နည်းပညာများ ပို့ချပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် စပါးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# လှိုင်းဘွဲမြို့နယ် ရေပူကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

လှိုင်းဘွဲ ဖေဖော်ဝါရီ ၂၇

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပူကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ရေပူကြီးကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ရေပူကြီးကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၈၅ သိန်း ထုတ်ချေးပေးထားကြောင်း လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။

ကိုသက်

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

ခရီးသွားဆောင်းပါး

# ပျော်ရွှင်စရာတစ်နေ့တာ၊ စာမေးပွဲအပြီး ဤခရီး

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်ခရီးစဉ်က ရည်မှန်းထားတဲ့နေရာထိ ရောက်ခဲ့ပေမဲ့ အခြေအနေတစ်ခုကြောင့်နောက်ထပ် နေရာတစ်ခုကို ဆက်လက်သွားရောက်ရတဲ့ခရီးစဉ်ပါ။ ဖေဖော်ဝါရီ ၂၃ ရက် တနင်္ဂနွေကျောင်းပိတ်ရက်မှာ အခြေခံပညာအတန်းများ တတ်မြောက်မှုစစ်ဆေးသည့်နှစ်ဆုံးစာမေးပွဲကြီး ဖြေဆိုလို့ပြီးသွားပြီဖြစ်တဲ့ မိမိရဲ့တပည့်ဖြစ်သူ မူလတန်းကျောင်းသားကလေးတွေက ၅ မိုင်၊ ၆ မိုင် စတဲ့ရေပေါ်ကစားကွင်းတွေရှိရာကို သွားရောက်ဆော့ကစားလည်ပတ်လိုကြောင်း ပူဆာတာကြောင့် ပြင်ဦးလွင်မြို့ကနေ ခရီးစဉ်တစ်ခုအနေနဲ့ ထွက်ခွာလာခဲ့ရတယ်။ ဒါပေမဲ့ ခရီးစဉ်က အရင်တုန်းကထွက်ခဲ့သမျှ ခရီးစဉ်တွေလို ပေ့ါပေ့ါပါးပါးတော့မဟုတ်ပါဘူး။ မူလတန်းအရွယ် ကျောင်းသားကလေးတွေကို ရေပေါ်ကစားကွင်းအတွင်းမှာ အန္တရာယ်မဖြစ်အောင် ထိန်းကျောင်းကြည့်ရှုရမှာဖြစ်သလို စာမေးပွဲမပြီးသေးတဲ့ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူတွေကိုလဲ ချော့မော့ပြောဆိုထားရစ်ခဲ့ရပြီး နောက်ဆံတင်းနေရပါသေးတယ်။ စီစဉ်ထားတဲ့ရက်မှာ မနက်စာထမင်း စားသောက်ပြီးတာနဲ့ အဆောင်ကနေ စတင်ထွက်ခွာလာခဲ့ပြီး အချိန်က မနက် ၈ နာရီရှိနေပါပြီ။

ကျောင်းပိတ်ရက်လဲဖြစ်၊ ရုံးပိတ်ရက်လဲဖြစ်တာကြောင့် မနက် ၈ နာရီ ပြင်ဦးလွင်-မန္တလေးကားလမ်းမကြီးပေါ်မှာ သွားလာနေကြတဲ့ကားတွေ များပြားနေတာကို သတိထားမိကာ မိမိရဲ့ကားကိုလဲ ဂရုစိုက်မောင်းနှင်နေရတယ်။ ကားပေါ်မှာ လိုက်ပါလာကြတဲ့ကလေးတွေကတော့ ပျော်ရွှင်ကြပြီး သီချင်းတွေအော်ဟစ်သီဆိုကြရင်း ဝမ်းမြောက်ဝမ်းသာလိုက်ပါလာခဲ့ကြတယ်။ အနီးစခန်း၊ အောင်ချမ်းသာ၊ သုံးထောင်၊ ပြင်စာ စတဲ့ရွာကြီးတွေကိုကျော်လွန်လာခဲ့ပြီး နာမည်ကျော် ခြောက်ထပ်ကွေ့ကိုရောက်တာနဲ့ လမ်းဘေးဝန်းကျင်မှာ ပေါက်ရောက်နေကြတဲ့ အင်ကြင်းပင်ကြီးတွေမှာ အင်ကြင်းပန်းတွေ ပွင့်နေပြီလားဆိုတာကို သတိတရကြည့်လိုက်မိတယ်။ ဒါပေမဲ့ အင်ကြင်းပန်းတွေကို မတွေ့မမြင်ရသေးဘဲ အင်ကြင်းပင်တွေအားလုံး ရွက်ခြောက်ရွက်ဟောင်းတွေ ကြွေနေတာကို တွေ့မြင်လိုက်ရတယ်။ ရွက်ခြောက်တွေကြွေပြီးရင် မကြာခင်မှာ အင်ကြင်းဖူး၊ အင်ကြင်းပွင့်၊ အင်ကြင်းရွက်သစ်၊ အင်ကြင်းခိုင်တွေ ထွက်ပေါ်လာကြတော့မှာပါ။

ခြောက်ထပ်ကွေ့ကိုကျော်လွန်လာခဲ့ပြီး ၂၁ မိုင်ကိုရောက်တာနဲ့ ဆိုင်တစ်ဆိုင်မှာ ကားရပ်ပြီး ကျောင်းသားကလေးတွေကို မုန့်၊ ဖျော်ရည် အစရှိတာတွေကို ဝယ်ခိုင်းခဲ့ရတယ်။ ၅ မိုင်၊ ၆ မိုင် ရေပေါ်ကစားကွင်းတွေရှိရာကို ရောက်သွားကြပြီဆိုရင် ဝယ်ယူစားသောက်ကြဖို့မလွယ်ကူတဲ့အပြင် ဈေးနှုန်းတွေကလဲ ကြီးမြင့်နေကြပါတယ်။ ကလေးတွေ စိတ်ကြိုက်ဝယ်ယူခဲ့ကြပြီးမှ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ မိမိတို့ငယ်ရွယ်စဉ် ကလေးဘဝ၊ ကျောင်းသားဘဝ၊ ဝန်ထမ်းဘဝတွေတုန်းက ၂၁ မိုင်ခရီးဆိုတာ အတက်၊ အဆင်းကားတွေအားလုံး မဖြစ်မနေရပ်နားခဲ့ကြရတာပါ။ ကားတွေကို ရေဖြည့်၊ ရေလောင်း၊ ရေလဲပြီးအင်ဂျင်တွေ၊ ဘီးတွေအပူလျှော့အေးသွားကြမှ ပြန်လည်ထွက်ခွာကြရတယ်။ အခုခေတ်ကာလတွေမှာ လမ်းတွေကလဲ အဆင့်မြင့်ကောင်းမွန်လာသလို ကားတွေကလဲ ခေတ်မီတိုးတက်လာတာတွေကြောင့် ပြင်ဦးလွင်-မန္တလေး ၄၂ မိုင်ခရီးဆိုတာကို မရပ်မနားကြဘဲ တိုက်ရိုက်မောင်းနှင်နိုင်ပါတယ်။

အချို့ခရီးသည်တင်ကားတွေ၊ ကိုယ်ပိုင်ယာဉ်တွေက ၂၁ မိုင်မှာ မရပ်မနားကြတော့ပါဘူး။

၂၁ မိုင်ကနေထွက်လာခဲ့ကြပြီး သုံးထပ်ကွေ့ရှုခင်းသာကိုရောက်တော့ ကားတွေ၊ ဆိုင်ကယ်တွေ ရပ်နားနေကြတာတွေ၊ ရှုခင်းကြည့်ရှုနေကြသူတွေ၊ ဓာတ်ပုံရိုက်နေကြသူတွေကို တွေ့မြင်နေရတယ်။ သုံးထပ်ကွေ့နေရာက မြစ်ငယ်မြစ်ခေါ် ဒုဋ္ဌဝတီမြစ်၊ မန္တလေးမြို့၊ မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ဧရာဝတီမြစ် စတဲ့နေရာရှုခင်းတွေကို လှမ်းမျှော်ကြည့်ရှုခံစားနိုင်တဲ့အပြင် အတက်လမ်း၊ အဆင်းလမ်းနှစ်ခုစလုံး ပေါင်းဆုံတဲ့နေရာဖြစ်လို့ အမြဲလိုလိုစည်ကားနေတယ်။



မြို့တော်ဥယျာဉ်အတွင်းရှိ ရေကစားကွင်းကို တွေ့ရစဉ်။

လမ်းဘေးအနီးမှာ ကော်ဖီဆိုင်တွေ၊ မုန့်ဆိုင်တွေ ရှိနေတာကြောင့် နားနေသူတွေအတွက် အဆင်ပြေနေတယ်။ သုံးထပ်ကွေ့ကို ကျော်လွန်လာခဲ့ပြီး မကြာခင်မှာ ၁၆ မိုင်ကို ရောက်လာခဲ့ကြတယ်။ ၁၆ မိုင်ဆိုတာ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်ချောရွာနေရာဖြစ်ပါတယ်။ ပြင်ဦးလွင်-ပုသိမ်ကြီးနယ်စပ်နေရာတစ်ခုလဲဖြစ်နေတယ်။ မိမိတို့သွားရောက်ကြမဲ့နေရာကို ကျောက်ချောရွာအတွင်းကနေဖြတ်သန်းပြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်းကိုသွားတဲ့ ကွန်ကရစ်လမ်းကြီးအတိုင်း ဆက်လက်မောင်းနှင်လာခဲ့ရတယ်။

ကွန်ကရစ်လမ်းပေါ်ရောက်တာနဲ့ ကလေးတွေက ကားကိုခဏရပ်ခိုင်းပြီး ပြင်ဦးလွင်ကနေ ဝတ်ဆင်လာခဲ့ကြတဲ့ အနွေးထည်အင်္ကျီတွေ၊ ဘောင်းဘီရှည်တွေ၊ ရှူးဖိနပ်တွေ၊ ခြေအိတ်တွေကို ချွတ်ကုန်ကြတော့တယ်။ ပြင်ဦးလွင်နဲ့ ပုသိမ်ကြီး၊ တောင်ပေါ်နဲ့တောင်အောက် အပူချိန်ကွာခြားချက်မြင့်မားနေတဲ့အပြင် နေအနည်းငယ်မြင့်လာတာကြောင့်လဲ ရာသီဥတုအပူဒဏ်ကို မခံနိုင်ဖြစ်နေကြတယ်။ ၅ မိုင်တို့၊ ၆ မိုင်တို့ဆိုတာ နီးနီးလေးကျန်တော့တာကြောင့် အနွေးထည်အားလုံးကိုချွတ်ကာ ပေ့ါပါးတဲ့အဝတ်တွေလဲကြတော့တာပါ။ ကလေးတွေ အဝတ်လဲပြီး ဆက်လက်ထွက်ခွာလာတဲ့အခါ ဝါးနက်ရွာ၊ ငှက်ကြီးသိုက်ရွာ စတဲ့ရွာစဉ်တွေကို ဖြတ်သန်းလာခဲ့ရတာနဲ့အတူ ၃ မိုင်၊ ၃ မိုင်ခွဲဆိုတဲ့ ရေပေါ်အပန်းဖြေစခန်းတွေကိုလဲတွေ့မြင်လာရတယ်။ ဒါပေမဲ့ ရေပေါ်အပန်းဖြေစခန်းတွေအားလုံးနီးပါးက ဖွင့်လှစ်ထားတာမရှိဘဲ ပိတ်ထားတာတွေကများနေတယ်။ ကလေးတွေ သွားရောက်ချင်တဲ့နေရာ၊ ပူဆာထားတဲ့နေရာတွေက ၅ မိုင်၊ ၆ မိုင် စတဲ့နေရာတွေဖြစ်နေတာကြောင့် ဆက်လက်မောင်းနှင်လာတဲ့အခါ လမ်းတစ်လျှောက်လုံး အသွားအလာနည်းပါးနေတာကို သတိထားမိလိုက်ပြန်တယ်။ အရင်တုန်းက ဒီလမ်းမှာ အသွားအလာတွေ အဆက်မပြတ်စည်ကားနေတာပါ။ ဒ့ါပြင် လမ်းဘေးဈေးဆိုင်လေးတွေကိုလဲ မတွေ့မမြင်ရတော့ဘဲ တိတ်ဆိတ်ခြောက်ကပ်လို့နေတယ်။ ဒါကြောင့် ၅ မိုင်တို့၊ ၆ မိုင်တို့ ဖွင့်ရောဖွင့်ကြရဲ့လားဆိုပြီး တွေးရင်းနဲ့မောင်းလာခဲ့တာ တကယ်ရောက်လာတဲ့အခါမှာလဲ ဖွင့်လှစ်ထားခြင်းမရှိတာကို တွေ့မြင်လိုက်ရတယ်။ ရေးသားကြော်ငြာထားချက်တွေအရ မတ် ၁ ရက်မှစတင်ဖွင့်လှစ်ကြတော့မှာဖြစ်ကြောင်း သိလိုက်ရတယ်။

စာမေးပွဲဖြေဆိုပြီးကာစ နွေရာသီကျောင်းပိတ်ရက်အစမှာ ပျော်ပျော်ပါးပါး ရေဆော့ကစားချင်ကြတဲ့ ကျောင်းသားကလေးတွေ စိတ်မကောင်းဖြစ်ကုန်ကြတယ်။ သူတို့တစ်တွေ အလွန်ရောက်ဖူးချင်ပြီး ဝမ်းသာမျှော်လင့်ထားတဲ့ ရေပေါ်ကစားကွင်းတွေမဖွင့်သေးတာကို သိလိုက်ကြရလို့လဲ စိတ်ပျက်သွားပုံရတယ်။ ပြင်ဦးလွင်မြို့ကနေ မျှော်လင့်တကြီးနဲ့လာခဲ့ပြီးမှ ရေကစားခွင့်မရတော့တာကြောင့် သူတို့ကလေးတွေကိုသနားပြီး ဒီနေရာတွေမဖွင့်သေးရင် ဖွင့်တဲ့နေရာရှိတယ်။

မန္တလေးမြို့တော်ဥယျာဉ်ကို လိုက်ပို့ပေးမယ်လို့ မိမိကပြောဆိုလိုက်မှ ဝမ်းသာပျော်ရွှင်သွားကြတော့တယ်။ ဒီလိုနဲ့ ဒုဋ္ဌဝတီမြစ်ဘေး ၅ မိုင်၊ ၆ မိုင်ကနေ မန္တလေးမြို့တော်ဥယျာဉ်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

မြို့တော်ဥယျာဉ်ရှိရာကို ၃၅ (A) လမ်းကဝင်ရင် တစ်လမ်းလုံး တစ်ပြတစ်ပွိုင့်နဲ့ များပြားလွန်းလှတဲ့ မီးပွိုင့်တွေကိုရှောင်ရှားပြီး မီးပွိုင့်နည်းပါးတဲ့ ၂၆ (B) လမ်းကနေ ဝင်ရောက်မောင်းနှင်ခဲ့ပြီးမှ မြို့တော်ဥယျာဉ်ကိုရောက်လာခဲ့ကြတယ်။ ဝင်ပေါက်အနီးမှာ ကားရပ်ပြီးပြီးချင်း ပျော်မြူးနေကြပြီဖြစ်တဲ့ ကလေးတစ်သိုက်က ကားပေါ်ကနေ ခုန်ဆင်းကြပြီး ဥယျာဉ်အတွင်းကိုပြေးလွှားဝင်ရောက်သွားကြတယ်။ ပြီးမှ ဥယျာဉ်တွင်းဝင်ရောက်ခွင့်လက်မှတ်ဝယ်ပြီး ဥယျာဉ်အတွင်းကို ဝင်ရောက်ခဲ့တယ်။ ကလေးတစ်သိုက်က ရေပန်းတွေ မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေတဲ့ ရေကူးကန်ရှိရာကို ဦးတည်ပြေးလွှားသွားနေကြပြီဖြစ်တယ်။ ရေကူးကန်၊ ရေကစားကွင်းအတွင်းကို ရောက်တာနဲ့ ကလေးတွေက တစ်ယောက်ပြီးတစ်ယောက် ရေထဲကိုခုန်ဆင်းကြတယ်။

ရေပန်းတွေဖွင့်ပေးထားတဲ့ ရေကစားကွင်းထဲမှာ ကလေးတွေ ပျော်ပျော်ပါးပါးရေဆော့ကစားနေတာကို သစ်ပင်ရိပ်တစ်ခုအောက်မှာ ထိုင်ပြီးကြည့်နေရတယ်။ မြစ်တွေ၊ ချောင်းတွေ၊ အင်းတွေ၊ အိုင်တွေထဲမှာလို အန္တရာယ်မရှိနိုင်ဘဲ အေးအေးဆေးဆေးပါ။ ဆော့ချင်တိုင်းဆော့၊ ပျော်ချင်တိုင်းပျော်ဆိုပြီး လွှတ်ပေးထားလိုက်တယ်။ ဒါပေမဲ့ မကြာမီအချိန်တစ်ခုမှာ ရေလှိုင်းတွေလွှတ်ပေးပါတော့မယ်၊ ကလေးငယ်တွေ သတိထားကြပါ။ ကြိုးတန်းကို ကျော်လွန်ပြီးမသွားကြပါနဲ့ စတဲ့ကြေညာချက်တွေ၊ စည်းကမ်းချက်တွေကို အသံချဲ့စက်နဲ့ပြောဆိုသတိပေးနေတာကြောင့် ကလေးတွေကို ဂရုစိုက်ပြီး ကြည့်နေရတဲ့အပြင် အန္တရာယ်ရှိတဲ့နေရာတွေကိုမသွားကြဖို့ အော်ဟစ်ပြောဆိုသတိပေးနေရတယ်။ ရေလှိုင်းလုံးတွေလွှတ်ပေးနေတဲ့အချိန်မှာ ကလေးတွေက ပျော်နေကြတယ်။ ရေထဲကနေ ကမ်းပေါ်ကိုပြန်တက်လာကြဖို့၊ ရေကစားကွင်းထဲကနေ ပြန်ထွက်ကြဖို့ဆိုတာ တော်တော်နဲ့စိတ်ကူးမရှိကြသေးပါဘူး။ ဝင်ခွင့်လက်မှတ်ဝယ်ထားသူက ကစားကွင်းပိတ်တဲ့အချိန်ထိ ဆော့ကစားခွင့်ရှိနေတာကြောင့်လဲ အချိန်တွေကုန်မှန်းမသိကုန်ပြီး ကြိုက်သလောက် ဆော့ကစားနေကြတော့တယ်။

ဒါပေမဲ့ အချိန်တွေကြာလာတာနဲ့အမျှ ချမ်းလာကြပြီး တစ်ယောက်ပြီးတစ်ယောက် အပေါ်ကိုပြန်တက်လာကြတယ်။ ဆက်ပြီးဆော့ပါအုံး၊ ကစားပါအုံးလို့ပြောတာကို ပါးစပ်ကနေပြန်မဖြေမပြောနိုင်ကြတော့ဘဲ ခိုက်ခိုက်တုန်အောင်ချမ်းနေကြပြီး ခေါင်းတွေကို တွင်တွင်ရမ်းခါနေကြတော့တယ်။ ဒါက ရေကစားကွင်းထဲကနေ တက်လာကြတဲ့ကလေးတွေရဲ့လက်ရှိအခြေအနေပါ။ ဆက်ပြီးမဆော့နိုင်၊ မကစားနိုင်ကြတော့ဘဲ ဖြစ်နေကြတယ်။ ဒါပေမဲ့ ရေကစားကွင်းထဲကနေ ထွက်လာခဲ့ကြပြီး တိုက်ကားကွင်းကိုလဲရောက်ရော တိုက်ကားစီးကြမယ်ဆိုတာကြောင့် လက်မှတ်တွေဝယ်ပေးလိုက်ရပြန်တယ်။ တိုက်ကားကိုအဝစီးကြပြီးတော့လဲ မိုးပျံရထား၊ ရေလွှာလျှော၊ လှေ၊ သေနတ်ပစ်၊ သရဲအိမ်၊ သရဲရထားဥယျာဉ်ထဲမှာ တစ်ခုပြီးတစ်ခုရှိသမျှအကုန် ဝင်ထွက်ဆော့ကစားနေကြတယ်။ ဝယ်လိုက်ရတဲ့ လက်မှတ်တွေ၊ ကုန်လိုက်တဲ့ငွေတွေဆိုတာ မိမိရက်ရှည်ခရီးထွက်တဲ့အခါ ကုန်ကျတဲ့ငွေကြေးထက် ပိုမိုများပြားနေပါသေးတယ်။

မြို့တော်ဥယျာဉ်အတွင်းမှာ ဆော့စရာတွေ၊ စီးစရာတွေစုံအောင်ကစားပြီးမှ ပြန်ထွက်လာခဲ့ကြတာ ညနေ ၃ နာရီထိုးနေပါပြီ။ မနက် ၁၀ နာရီလောက်ကတည်းက ရောက်ရှိဆော့ကစားနေကြတာပါ။ ဆော့လို့မောတော့မှ ဗိုက်ဆာလာကြပြီဆိုတာကြောင့် ကလေးတွေကိုကျွေးမွေးဖို့ စဉ်းစားစီစဉ်ရပြန်တယ်။ စားသောက်ဆိုင်တစ်ခု၊ ထမင်းဆိုင်တစ်ခုအတွင်းမှာ ကလေးတွေတရုန်းရုန်းနဲ့ အဆင်မပြေနိုင်တာကို စဉ်းစားမိပြီး သင့်တော်မယ်လို့လဲထင်၊ အပြန်ခရီးလမ်းကြောင်းလဲသင့်တဲ့ ကုသိုလ်တော်ဘုရားက စမူဆာသုပ်၊ ထမင်းသုပ်၊ ထမင်းဆီဆမ်းဆိုင်ကလေးတွေရှိရာကို ခေါ်လာခဲ့ရတယ်။ စမူဆာသုပ်၊ ထမင်းသုပ်၊ ကြံရည်နဲ့ ဖျော်ရည်တွေ စားကြသောက်ကြတော့တယ်။ ဒ့ါပြင် ကားပေါ်တက်၊ ကားထွက်ခါနီးမှ အချဉ်ပေါင်းစားချင်သေးတယ်ဆိုလို့ တစ်ယောက်တစ်ထုပ် ဝယ်ပေးလိုက်ရသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီခရီးစဉ်က ကလေးတစ်သိုက်နဲ့ တစ်နေ့တာ ပျော်ရွှင်စရာ ခရီးတစ်ခုဖြစ်ခဲ့သလို ပြင်ဦးလွင်ကိုလဲ နေမဝင်ခင်အချိန်မီ ပြန်လည်ရောက်ရှိလာခဲ့ကြပါတယ်။

# စနေနေ့ညကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ နိုက်အသင်း၊ လေဗာကူဆင်အသင်း၊ နာပိုလီအသင်းတို့ကို ရွေးချယ်ရမှာပါ

M L



ဒီတစ်ပတ်မှာတော့ ပရီးမီးယားလိဂ်က အမှတ်ပေးပွဲစဉ်တွေနားခဲ့ပေမဲ့ ကျန်ထိပ်သီးလိဂ်လေးခုကပွဲစဉ်တွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေရှိနေမှာသေချာပါတယ်။ ပြီးခဲ့တဲ့တစ်ပတ် စနေနေ့ညမှာတော့ ပရိသတ်တွေအားပေးမှုများတဲ့ မန်ယူ၊ အာဆင်နယ် ချဲလ်ဆီး၊ ဖူလ်ဟမ်၊ မိုနာကို၊ လာဇီယို၊ အေစီမီလန်အသင်းတို့ နိုင်ပွဲပျောက်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် နောက်ပိုင်းပွဲစဉ်တွေကိုရွေးချယ်တဲ့အခါ သတိထားချဉ်းကပ်နေရတာဖြစ်ပြီး ဒဏ်ရာရ၊ ပွဲပန်းမှုတင်မဟုတ်ဘဲ နည်းပြတွေရဲ့ နည်းစနစ်ပိုင်းအားသာချက်နဲ့ အကျောပေးမှုတွေကိုသာ ထည့်သွင်းစဉ်းစားရတာဖြစ်ပါတယ်။ လာမဲ့စနေနေ့ညမှာလဲ အဲဒီအချက်တွေနဲ့ ကိုက်ညီနေတဲ့ပွဲစဉ်တွေထဲက ပြင်သစ်လီဂူးကနိုက်အသင်း၊ ဘွန်ဒက်လီဂါက လေဗာကူဆင်အသင်း၊ စီးရီးအေက နာပိုလီအသင်းတို့ကို ရွေးချယ်လိုက်တာဖြစ်ပါတယ်။

## နိုက်အသင်းရလဒ်ကောင်းမှာပါ

ပြင်သစ်လီးဂူးပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ စိန့်အီတိန်းနဲ့ နိုက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပထမအကျော့တွေ့ဆုံစဉ်က နိုက်အသင်းကအိမ်ကွင်းကနေ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ထိရောက်တဲ့ ဂိုးပေါက်ကန်းသွင်းမှု ၁၂ ကြိမ်ထိပြုလုပ်နိုင်ခဲ့တာကြောင့် ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာ သူတို့အသင်းအနေနဲ့ ဒဏ်ရာရကစားသမားလေးယောက်ထိရှိနေသလို နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲ ၁၁ ပွဲမှာ တစ်ပွဲသာနိုင်ခဲ့ပြီး ခြေစွမ်းပိုင်းကျဆင်းနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် ၂၃ ပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ လေးပွဲသရေ၊ ၁၄ ထိရှုံးခဲ့ပြီးအဆင့်(၁၆) တန်းဆင်းဇုန်မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ စိန့်အီတိန်း လက်ရှိခြေစွမ်းပိုင်းနဲ့ စုဖွဲ့မှုကတော့ ပြိုင်ဘက်နိုက်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ အားနည်းချက်တွေရှိနေတာကြောင့် အခုပွဲမှာလဲ ရမှတ်ရှာဖွေဖို့ခက်အုံးမှာပါ။

နိုက်အသင်းဟာ အခုရာသီမှာ ခံစစ်ပိုင်းကတော့ ဒီဘိုကိုဝက်စ်ဟမ်းအသင်းကိုအငှားနဲ့ စေလွှတ်လိုက်တာကလွဲရင် ကျန်ကစားသမားအားလုံး ကိုထိန်းသိမ်းခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ယူရိုပါလိဂ်ပြိုင်ပွဲကစားခွင့်ရခဲ့ပေမဲ့ အားထည့်ကစားတာမျိုးမတွေ့ရဘဲ ရှစ်ပွဲမှာ ရမှတ်သုံးမှတ်သာရခဲ့တာကြောင့် ပြိုင်ပွဲကထွက်ခွာခဲ့ရသလို ကိုပါဒီဖလားပြိုင်ပွဲမှာလဲ ဘာရီအိုချင်လိုအောက်တန်းအသင်းကို ရှုံးနိမ့်ပြီးထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ ၂၃ ပွဲမှာ ၁၂ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ လေးပွဲရှုံးနဲ့ ရမှတ် ၄၃ ထိရရှိခဲ့ပြီး အဆင့်(၃) မှာ ရောက်ရှိတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာအခုရာသီမှာအမှတ်ပေးပြိုင်ပွဲကိုသာ အလေးထားကစားနေသလို ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ ကြိုးပမ်းနေတာကြောင့် အခြားဖလားပြိုင်ပွဲတွေမှာ အရန်ကစားသမားတွေနဲ့ ပွဲထွက်ခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိ အမှတ်ပေးပွဲငါးပွဲဆက်မှာလဲမာဆေး၊ လန့်စ်၊ လီဟာဗေး၊ မောင့်ပယ်လီယာတို့ကို အနိုင်ကစားခဲ့သလို တူးလော့ကိုလဲ သရေကစားနိုင်တဲ့ ခြေစွမ်းပိုင်းကိုကြည့်ရင် နိုက်အသင်းအမှတ်ပေးပြိုင်ပွဲမှာ ရမှတ်အဆုံးရှုံးမခံနိုင်ဘဲ အစွမ်းကုန်ကစားနေတာကို တွေ့ရမှာပါ။ ဒါ့ကြောင့် ခြေစွမ်းပိုင်းကျဆင်းနေတဲ့ စိန့်အီတိန်းလိုအသင်းကို အဝေးကွင်းဖြစ်ပေမဲ့ နိုက်အသင်းဖိအားပေးကစားနိုင်မှာသေချာနေလို့ ဧည့်သည် နိုက်အသင်း ရလဒ်ကောင်းမှာပါ။

### စိန့်အီတိန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| အော့ဇေး | ၁ - ၁ | စိန့်အီတိန်း |
| လိုင်လီ | ၄ - ၁ | စိန့်အီတိန်း |
| စိန့်အီတိန်း | ၀ - ၂ | ရင်းနက် |
| မာဆေး | ၅ - ၁ | စိန့်အီတိန်း |
| စိန့်အီတိန်း | ၃ - ၃ | အန်ဂါ |

### နိုက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| တူးလော့ | ၁ - ၁ | နိုက် |
| ဘာရီအိုချင် | ၂ - ၁ | နိုက် |
| နိုက် | ၂ - ၀ | လန့်စ် |
| လီဟာဗေး | ၁ - ၃ | နိုက် |
| နိုက် | ၂ - ၀ | မောင့်ပယ်လီယာ |

## လေဗာကူဆင်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ် ၂၄ မှာအကြိုက်တွေ့မိတာကတော့ ဖရန့်ဖတ်အသင်းနဲ့ လေဗာကူဆင်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖရန့်ဖတ်အသင်းဟာရာသီအစမှာ ပုံစံကောင်းပြသနိုင်ခဲ့တာကြောင့် အဆင့်(၄) အတွင်းဝင်ရောက်ခဲ့ပေမဲ့ ဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ တိုက်စစ်မှူး မာမောက်ကိုရောင်းချခဲ့လို့ တိုက်စစ်ပိုင်းကျဆင်းသွားခဲ့ပြီး ရလဒ်ဆိုးရွားသွားတာကိုတွေ့ရမှာပါ။ နည်းပြတော့မိုလာကတော့ မာမောက်နေရာမှာ တိုက်စစ်မှူးအီကီတိုက်ကိုအစားထိုးခဲ့ပေမဲ့ လိုအပ်တဲ့ သွင်းဂိုးတွေကို သွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲဆက်မှာ နိုင်ပွဲတစ်ပွဲသာရခဲ့တာဖြစ်ပါတယ်။ အမှတ်ပေးဇယားမှာတော့ ၂၃ ပွဲမှာ ၁၂ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ငါးပွဲရှုံးနဲ့ ရမှတ် ၄၂ မှတ်ထိရခဲ့လို့ အဆင့်(၃) မှာရောက်နေပေမဲ့ အဆင့်(၂) က လေဗာကူဆင်နဲ့ ရှစ်မှတ်ထိကွာဟနေသလိုအဆင့်(၄) ဖရိုင်းဘတ်နဲ့လဲ သုံးမှတ်သာကွာဟနေတာဖြစ်ပါတယ်။ အခုပွဲမှာဖရန့်ဖတ်အနေနဲ့ တိုက်စစ်နဲ့ခံစစ်ကို အကောင်းဆုံးပြင်ဆင်လာမယ်ဆိုရင်တောင် လေဗာကူဆင်ရဲ့ တိုက်စစ်ကစားပုံကောင်းမှုကြောင့် ထိန်းချုပ်ရခက်မှာသေချာပါတယ်။

လက်ရှိချန်ပီယံလေဗာကူဆင်အသင်းဟာ ချန်ပီယံဆုကိုကာကွယ်ဖို့ ကြိုးစားခဲ့တာကြောင့် အခုနှစ်အပြောင်းအရွှေ့ကာလတွေမှာ အဓိကကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် ဘာလိုစီယန်၊ မူခီလီ၊ ဟာမိုဆို၊ ဘူအန်ဒီယာ၊ ဂါစီယာ၊ တာရီရာတို့လို ကစားသမားတွေကို ထပ်မံခေါ်ယူခဲ့တာဖြစ်ပါတယ်။ လက်ရှိ ၂၃ ပွဲမှာ ၁၄ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ တစ်ပွဲသာရှုံးခဲ့ပေမဲ့ ရမှတ် ၅၀ သာရခဲ့လို့ ဇယားထိပ်က ဘိုင်ယန်မြူးနစ်နဲ့ ရှစ်မှတ်ထိကွာဟသွားတာဖြစ်ပါတယ်။ နည်းပြအလွန်ဆိုကတော့ တိုက်စစ်မှာဖလိုရီယန်ဝှစ်၊ ခံစစ်မှာ တက်ဟ်၊ တက်ဆိုဘာတို့ကို အထိုင်ချကစားနေပြီး ဖလိုရီယန်ဝှစ်က အသင်းအတွက် သွင်းဂိုးကိုးဂိုးနဲ့ ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ အကျောပေးမှုကလဲ လေဗာကူဆင်တစ်ဂိုးနဲ့နိုင်ရင်တောင် အပြည့်ပျော်လို့မရသေးတဲ့ အခြေအနေဖြစ်တာကြောင့် ဖရန့်ဖတ်ခံစစ်ပိုင်းက လေဗာကူဆင်တိုက်စစ်ကိုထိန်းချုပ်နိုင်မှာမဟုတ်လို့ လေဗာကူဆင်အသင်းကို ရွေးချယ်ရမှာပါ။

### ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ရိုးမား | ၂ - ၀ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၁ - ၁ | ဝုဖ်ဘတ် |
| ဂလာဘတ် | ၁ - ၁ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၃ - ၁ | ဟိုစတိန်း |
| လေဗာကူဆင် | ၄ - ၀ | ဖရန့်ဖတ် |

### လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| လေဗာကူဆင် | ၃ - ၁ | ဟော်ဖန်ဟိမ်း |
| လေဗာကူဆင် | ၃ - ၂ | ကိုလုံး |
| ဝုဖ်ဘတ် | ၀ - ၀ | လေဗာကူဆင် |
| လေဗာကူဆင် | ၀ - ၀ | ဘိုင်ယန်မြူးနစ် |
| ဟိုစတိန်း | ၀ - ၂ | လေဗာကူဆင် |

## နာပိုလီအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာနောက်ထပ်အကြိုက်တွေ့မိတာကတော့ အီတလီစီးရီးအေကနာပိုလီနဲ့ အင်တာမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နာပိုလီဟာနည်းပြကွန်တီတာဝန်ယူပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ခဲ့တာကိုတွေ့မှာ ပါ။ လက်ရှိ ၂၆ ပွဲအပြီးမှာလဲရမှတ် ၅၆ မှတ်ရခဲ့လို့ အဆင့်(၂) မှာရောက်နေပြီးအဆင့်(၁)က အင်တာမီလန်နဲ့ တစ်မှတ်သာကွာဟနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီဝက်ကုန်ဆုံးချိန်မှာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပေမဲ့ ဒုတိယရာသီဝက်ပြန်အစမှာတော့ တိုက်စစ်ကဂိုးသွင်းအား ကျဆင်းသွားခဲ့တာကြောင့် နောက်ဆုံးငါးပွဲမှာ နိုင်ပွဲတစ်ပွဲသာရခဲ့ပြီး သုံးပွဲသရေ၊ တစ်ပွဲရှုံးခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ကိုမိုလိုခြေစွမ်းပိုင်းအားနည်းတဲ့ အသင်းကိုနှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တဲ့ ခြေစွမ်းပိုင်းကတော့ စိတ်ပျက်စရာဖြစ်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ နည်းပြကွန်တီဟာ အသင်းကြီးတွေနဲ့ဆို ရလဒ်ကောင်းတွေရယူလေ့ရှိတဲ့ နည်းပြဖြစ်တာကြောင့် အင်တာမီလန်ကို ဘယ်လိုထိန်းချုပ်ကစားမလဲဆိုတာကို စောင့်ကြည့်ရမှာပါ။

လက်ရှိချန်ပီယံအင်တာမီလန်ဟာ အခုရာသီမှာ ကစားသမားအပြောင်းအလဲအများကြီးမလုပ်ခဲ့ဘဲ တိုက်စစ်မှာ တာရီမီကိုထပ်မံခေါ်ယူခဲ့တာဖြစ်ပါတယ်။ လက်ရှိပြိုင်ပွဲစုံမှာတော့ စူပါဖလားပြိုင်ပွဲမှာ ဒုတိယနဲ့ကျေနပ်လိုက်ရပေမဲ့ ကိုပါအီတာလီယာဖလားပွဲမှာ ဆီမီးဖိုင်နယ်ထိရောက်ခဲ့သလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ၁၆ သင်းကိုတိုက်ရိုက်တက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ အမှတ်ပေးပွဲမှာတော့ နာပိုလီအသင်းသရေရလဒ်များသွားတာကြောင့် ဂျီနိုအာကိုအနိုင်ရတဲ့ပွဲစဉ်မှာ ဇယားထိပ်ကို ပြန်လည်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဂိုးသမားဆွန်မာ၊ တိုက်စစ်မှူး သူရမ်၊ ခံစစ်ကဒါမီယန်၊ ဘာစတိုနီတို့လို အဓိကကစားသမားတွေဒဏ်ရာရနေတာကြောင့် နာပိုလီလို အသင်းလိုက်စုဖွဲ့မှုကောင်းပြီး အိမ်ကွင်းကစားပုံမာတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ယှဉ်ကစားဖို့ အခက်တွေ့မှာပါ။ သူတို့နှစ်သင်းပထမအကျော့တွေ့ဆုံမှုမှာတော့ နှစ်သင်းစလုံးကစားသမားစုံခဲ့ပေမဲ့ အခုပွဲမှာ အင်တာမီလန်အသင်းက ဒဏ်ရာရကစားသမားများနေသလို အဝေးကွင်းကစားရမှာဖြစ်လို့ နာပိုလီက အားသာချက်ရှိနေတာကိုတွေ့ရမှာပါ။ အကျောပေးမှုကတော့ ကစားကွက်ပိုင်းတည်ငြိမ်နေတဲ့ အင်တာမီလန်အသင်းက သရေရလဒ်ဆို ထက်ဝက်လောက်ဆုံးရှုံးမဲ့ အကျောပေးမှုဖြစ်ပေမဲ့ နည်းပြ ကွန်တီရဲ့ခံစစ်ကစားပုံနဲ့ နည်းစနစ်ပိုင်းကြောင့် နာပိုလီအသင်းနဲ့ လက်တွဲရမှာပါ။

### နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| နာပိုလီ | ၂ - ၁ | ဂျူဗင်တပ် |
| ရိုးမား | ၁ - ၁ | နာပိုလီ |
| နာပိုလီ | ၁ - ၁ | အူဒီးနီးစ် |
| လာဇီယို | ၂ - ၂ | နာပိုလီ |
| ကိုမို | ၂ - ၁ | နာပိုလီ |

### အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ဖီအိုရင်တီးနား | ၃ - ၀ | အင်တာမီလန် |
| အင်တာမီလန် | ၂ - ၁ | ဖီအိုရင်တီးနား |
| ဂျူဗင်တပ် | ၁ - ၀ | အင်တာမီလန် |
| အင်တာမီလန် | ၁ - ၀ | ဂျီနိုအာ |
| အင်တာမီလန် | ၂ - ၀ | လာဇီယို |

# တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့တွင် ရေကြီးရေလျှံမှုကြောင့် လူငါးဦးပျောက်ဆုံးနေ



**ပရီတိုးရီးယား ဖေဖော်ဝါရီ ၂၇**

တောင်အာဖရိကနိုင်ငံ ကွာဇူးလူး - နာတယ်ပြည်နယ် ဒါဘန်မြို့တွင် ဖေဖော်ဝါရီ ၂၆ ရက်က ရေကြီးရေလျှံမှုကြောင့် လူငါးဦး ပျောက်ဆုံးနေကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပျောက်ဆုံးနေသူ ငါးဦးမှာ အမျိုးသားနှစ်ဦးနှင့် ကလေးငယ်သုံးဦးဖြစ်ကြောင်း၊ eThekwini Fire Department မှ ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပေါ်နေသော ဧရိယာအတွင်းမှ ဒေသခံများကိုလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းပေးလျက်ရှိပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံအရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒါဘန်မြို့မှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေတဲ့ လူငါးယောက်ရှိပါတယ်။ အမျိုးသားနှစ်ယောက်နဲ့ ကလေးသုံးယောက်ဖြစ်ပါတယ်။ ပျောက်ဆုံးနေတဲ့သူတွေကို eThekwini Fire Department က ကယ်ဆယ်ရေးဝန်ထမ်းတွေက ရှာဖွေပေးနေပါတယ်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးနေပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းရမဲ့သူတွေကိုလဲ eThekwini Fire Department က ကယ်ဆယ်ရေးဝန်ထမ်းတွေက ဘေးလွတ်ရာ ရွှေ့ပြောင်းရာမှာ ကူညီပေးနေကြပါတယ်။ ဝိုင်ယာရှော့ခ်တွေ ဖြစ်မှာစိုးတဲ့အတွက် လျှပ်စစ်မီးတွေကို ယာယီဖြတ်တောက် ထားပါတယ်"ဟု အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂါရစ်ဂျာမီဆန်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# မော်ရိုကိုနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် အီဒွလ်အသ္ဟာပွဲတော်တွင် ဆိတ်နှင့် သိုးများကိုမသတ်ရန် မော်ရိုကိုဘုရင် တောင်းဆို

**ရာဘတ် ဖေဖော်ဝါရီ ၂၇**

မော်ရိုကိုနိုင်ငံတွင် မိုးခေါင်ရေရှားမှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး မိုးခေါင်ရေရှားပါးမှုကြောင့် စိုက်ပျိုးထုတ်ကုန်သီးနှံများ အထွက်နှုန်းကျဆင်းခဲ့ရသကဲ့သို့ မွေးမြူရေးတွင်လည်း ဆိတ်နှင့် သိုးအကောင်ရေ သိသိသာသာ ကျဆင်းလာသဖြင့် မော်ရိုကိုဘုရင် Mohammed VI က မော်ရိုကိုပြည်သူများကို ယခုနှစ်အတွင်း ကျရောက်မည့် အီဒွလ်အသ္ဟာပွဲတော်တွင် ဆိတ်နှင့် သိုးများကို မသတ်ကြရန် တောင်းဆိုမှုပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်း TV Al Oula က ကြေညာခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အီဒွလ်အသ္ဟာပွဲတော်တွင် ဓလေ့အရ ဆိတ်နှင့် သိုးများကို သတ်ကာ ဆင်းရဲသည့်မိသားစုများသို့ အသားများပေးဝေခြင်းကို လုပ်ဆောင်လေ့ရှိကြောင်း၊ မိုးခေါင်မှုကြောင့် စားကျက်များရှားပါးလာသကဲ့သို့ အစာရေစာလည်း ရှားပါးလာသည့်အတွက် ဆိတ်နှင့် သိုးအကောင်ရေ တိုးတက်မှုမရှိဘဲ အစာအာဟာရပြတ်လပ်မှုကြောင့် သေဆုံးမှု မြင့်တက်လျက်ရှိကြောင်း၊ မော်ရိုကိုနိုင်ငံတွင် ကိုးနှစ်ဆက်တိုက် မိုးခေါင်သည့် ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"အစိုးရအဖွဲ့အနေနဲ့ ဘာသာရေးပွဲတော်မှာ ပြည်သူတွေအတွက် အကောင်းဆုံး ဖြည့်ဆည်းပေးဖို့ ပြင်ဆင်နေပါတယ်။ ရာသီဥတုဖောက်ပြန်မှုတွေနဲ့ စီးပွားရေးစိန်ခေါ်မှုတွေ ဖြစ်ပေါ်နေတဲ့အတွက် ကျွဲ၊ နွား၊ ဆိတ်၊ သိုးတွေ အကောင်ရေ လျော့နည်းလာတယ်။ ခက်ခဲတဲ့အခြေအနေအောက်ကနေ ပြည်သူတွေအတွက် အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားပေးသွားမှာပါ"ဟု မော်ရိုကို သာသနာရေးဝန်ကြီး အာမတ်တောဖစ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဂျပန်နိုင်ငံ အိုင်ဝါတီစီရင်စုတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

**တိုကျို ဖေဖော်ဝါရီ ၂၇**

ဂျပန်နိုင်ငံ အိုင်ဝါတီစီရင်စု အိုဖူနာတိုကမ်းခြေဒေသဖြစ်သည့် အက်သာရီနယ်မြေတွင် ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ တောမီးလောင်ကျွမ်းနေပြီး တောမီးလောင်ကျွမ်းမှုမှာ နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်း နေသည့်အတွက် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဒေသခံဦးရေ ၂၀၆၀ ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အိုင်ဝါတီစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အက်သာရီနယ်မြေတွင် လောင်ကျွမ်းနေသည့်တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးစားငြိမ်းသတ်နေသော်လည်း မိုးလေဝသအခြေအနေကြောင့် တောမီးကိုထိန်းချုပ်နိုင်ရန် ခက်ခဲလျက်ရှိကြောင်း၊ နေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းလာခြင်းကြောင့် ပြည်သူများ အသက်ဘေးဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်အတွက် ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေခြင်းဖြစ်ကြောင်း သိရသည်။



တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် အက်သာရီနယ်မြေနှင့် ရီကူဇန်တာကာတာဒေသတို့တွင် စာသင်ကျောင်းများကို ယာယီပိတ်ထားကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ဖေဖော်ဝါရီ ၂၅ ရက် တစ်ရက်တည်း၌ သစ်တောမြေ ဟက်တာ ၃၂၀ ထိ ပျက်စီးခဲ့ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူများမှာလည်း တောမီးလောင်ကျွမ်းနေသည့်ဧရိယာဖြင့် ဝေးကွာသော စာသင်ကျောင်းအတွင်း ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း အိုင်ဝါတီစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီ စီရင်စုတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဂျကာတာ ဖေဖော်ဝါရီ ၂၇**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီ စီရင်စုတွင် ဖေဖော်ဝါရီ ၂၆ ရက်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူးရှိသည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း Meteorology, Climatology and Geophysics Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်သည် အရှေ့ဘိုလန်မန်းဂန်ဒေါနယ်မြေအနီး မြေအောက် အနက် ၁၀ ကီလိုမီတာအကွာမှ ဗဟိုပြု လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်လှိုင်းဒဏ်ကြောင့် ဒေသခံပြည်သူများ အထိတ်တလန့်ဖြစ်ကာ အမိုးအကာအောက်မှ ရှောင်တိမ်းခဲ့ရကြောင်း၊ ငလျင်ပြင်းအား များခဲ့သော်လည်း ငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိကြောင်း Meteorology, Climatology and Geophysics Agency က ထုတ်ပြန်ခဲ့သည်။

"ဖေဖော်ဝါရီ ၂၆ ရက်က မြောက်ဆူလာဝေစီ စီရင်စု အရှေ့ဘိုလန်မန်းဂန်ဒေါနယ်မြေအနီးမှာ ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူးရှိတဲ့ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ ငလျင်ဟာ မြေအောက် အနက် ၁၀ ကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီလှိုင်း ဖြစ်ပေါ်လာဖွယ်မရှိပါဘူး။ ဒါပေမဲ့ မီးတောင်တွေ တအားများတဲ့အတွက် ငလျင်လှိုင်းကြောင့် မီးတောင်အတွင်း ပြောင်းလဲမှု ရှိ၊ မရှိကိုတော့ စောင့်ကြည့်သွားရမယ်"ဟု Meteorology, Climatology and Geophysics Agency မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်များပြားသည့်အတွက် ငလျင်ကြောင့် မီးတောင်များအတွင်း သက်ဝင်လှုပ်ရှားမှု ဖြစ်ပေါ်လာမည်ကို စိုးရိမ်သည့်အတွက် Meteorology, Climatology and Geophysics Agency မှ သုတေသီများက မီးတောင်များအတွင်း ပြောင်းလဲမှုကို စောင့်ကြည့်နေသည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



# ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်

INNWA BANK LIMITED







စာရင်းရှင်အပ်ငွေစာရင်း

ပြည်တွင်းငွေလွှဲလုပ်ငန်း
အချိန်ပိုင်းအပ်ငွေစာရင်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း

အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂

အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂

အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁



# တဟုန်ဖန်

(၁) Cashier အမျိုးသမီး (၂)ဦး
(၂) အရောင်းဝန်ထမ်း အမျိုးသမီး (၄)ဦး
(၃) ပစ္စည်းပို့ဝန်ထမ်း အမျိုးသား (၆)ဦး
- (က) လိုင်စင်ရှိရမည်။
(၄) Marketing အမျိုးသား/အမျိုးသမီး (၆)ဦး
- ကိုယ်ပိုင်ဆိုင်ကယ်နှင့် (က)လိုင်စင်ရှိရမည်။

အထက်ပါဝန်ထမ်းများ လျှောက်ထားလိုပါက CV ဖောင် အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ထောက်ခံစာနှင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုန်းနံပါတ် - 09-783588880၊ 09-783688880၊ 09-257483611

လိပ်စာ - ၆၂ လမ်း၊ ၁၁၀ x ၁၁၁ လမ်းကြား၊ မန္တလေးမြို့။



5 Digits Online Lottery

ဆတိုး Jackpot ဆုကြီးကို ပိုရင်ခုန်စွာ ကံထူးနိုင်ဖို့

1

(၁)ကြိမ်နဲ့ပြောင်းလဲဖွင့်လှစ်ပေးပြီး နောက်လတွေမှာ "ဆတိုးသွားမလား" ရင်ခုန်စွာနဲ့ စောင့်မျှော်ကြရအောင်

*117#

ကိုခေါ်ဆိုပြီး Mytel ဖုန်းဘောလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

777 Call Center

aungbarlay.ird.gov.mm

Google Play
App Store


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေး ထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မား တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)သို့ တက်ရောက်အမှာစကားပြောကြား




တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ဒုတိယဝန်ကြီးများ၊အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် **စာမျက်နှာ ၁၈ ကော်လံ ၁** ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လုသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com